

ဟိန်းတောက်ထွန်းစာပေ
မျောက်တရားစီရင်ခန်း
နှင့်
အခြားပုံပြင်များ
ဇာနိအောင် (ရမ္မာဝတီ)
ရေးသားပြုစုသည်
The House of the
By: James A.

# ဟိန်းတောက်ထွန်း စာပေ

ဖြန့်ချိရေး
ဟိန်းတောက်ထွန်း စာပေ
ဖုန်း-၀၉၄၃၁၀၅၈၄၆၉၂-၇၃၀၃၇၁၀၂
အမှတ်(၉)-၂၂ လမ်း၊ ရန်ပြေရပ်ကွက်
သာကေတနယ်မြို့၊ ရန်ကုန်တိုင်း။



**Oo OATAMA**
(1879 - 1939)
THE ORIGINATOR OF FREEDOM FOR BURMA.

# ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေခြင်း** ➤ ပထမအကြိမ်
၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ

**အုပ်ရေ** ➤ ၅၀၀

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**
ဟိန်းတောက်ထွန်းပုံနှိပ်တိုက်
အမှတ်(၉)၊ ရန်ပြေ(၂၂)လမ်း၊ ၃-ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်

**ထုတ်ဝေသူ**
သင်းစာပေ
အမှတ်(၁၀)၊ ရတနာ့မြိုင်လမ်း
လှည်းတန်းမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း** (CIP)

| | |
|---|---|
| **တနည်အောင် (ရမ္မဝတီ)** | 895.83 |
| မျောက်တရားစီးရင်ခန်းနှင့်အခြားပုံပြင်များ | |
| ဟိန်းတောက်ထွန်း စာပေ၊ ၂၀၁၃၊ ရန်ကုန်။ | |
| ၂၁၅-စာ၊ ၁၂×၁၈ စင်တီ။ | |
| ၁။ မျောက်တရားစီးရင်ခန်းနှင့်အခြား ပုံပြင်များ | |



## မာတိကာ


✦ မှာချက် (အမှာ) က

၁။ လာမစမ်းနဲ့လွမ်းသွားမယ် ၁

၂။ မျောက်တရားစီရင်ခန်း ၈

၃။ သန္တတိအမတ်ကြီး ၁၄

၄။ အုံ့ဖွယ်ပုံပြင် ၂၀

၅။ အယူတော်မင်္ဂလာရပ်ပုံလွှာ ၄၀

၆။ နတ်မောင်နှမပုံပြင် ၆၈

၇။ ရာဇဝင် ၇၃

၈။ ဒီလိုရှိတယ် ၈၀

၉။ သိကြားစေသက်သေညွှန်း ၉၅

၁၀။ သူတို့အကြောင်း ၁၀၀

၁၁။ ရာဇဝင်ဆိုတာရှိတယ် ၁၀၅

၁၂။ ဦးချမ်းသာဖြစ်လာခြင်း(သက်ပုံပြင်) ၁၁၀


ooo ooo ooo



# မှုဝေခြင်း (အမှာ)

တစ်ခါက ဖြစ်ပါတယ်။

လင်မယားနှစ်ယောက်နဲ့ … ချောမောလှပတဲ့ အမျိုးသမီးငယ် တစ်ဦးဟာ… ဓာတ်လှေကားအတူစီးလို့ တက်ခဲ့ကြပါတယ်။

အဲဒီမှာ လှပတဲ့ အမျိုးသမီးငယ်ကို ယောကျ်ားကြီးက ငမ်းလို့ ရှိနေခဲ့ပါတယ်…

အဲဒီမှာ မမျှော်လင့်ဘဲ အမျိုးသမီးငယ်ရဲ့ ကိုယ်မှာတုန်ခါလို့သွားခဲ့ ပါတယ် ..အဲဒီမှာ ရုတ်ချည်းဆိုသလိုပါပဲ… အမျိုးသမီးငယ်ဟာ ရှေ့သို့ ခြေတစ်လှမ်းတိုးပြီးတော့မှ နောက်ကိုပြန်လှည့်ပြီး ယောကျ်ားကြီးရဲ့ပါးကို ရိုက်ချလိုက်ပါတယ်.. ပြီးမှ သူမနှုတ်ကလည်း အခုလိုပြောလိုက်ပါတယ်.:

'သူများသားသမီး ဖင် ဆိတ်ချင်ဦး.. ဟင်း'

အဲဒီနောက် စတုတ္ထထပ်အရောက်မှာတော့ အမျိုးသမီးငယ် ဓာတ်လှေကားပေါ်က ဆောင့်ဆောင့်ဆင်းထွက်သွားတယ်… ဓာတ်လှေကား ဆက်လက်ပြီး မောင်းတက်လာခဲ့စဉ်ပဲ ယောကျ်ားကြီးက သူ့ရဲ့ပါးကိုပွတ်ပြီး ခုလိုဆိုလိုက်ပါတယ်…

'ဒီလို ငါမလုပ်ရပါဘူးကွာ မင်းယုံပါ'လို့ သူ့ရဲ့ ဇနီးသည်ကို ပြောလိုက်ပါတယ်။ အဲဒီအခါမှာတော့ ဇနီးသည်က ခုလိုဆိုလိုက်ပါတယ်။

'ရှင် မဆိတ်ဘူးဆိုတာ ကျုပ်အသိဆုံးပါရှင်…'ဆိုတာပါ။ တကယ်က အမျိုးသမီးက ဒီကိစ္စလုပ်လိုက်တာပဲ ဖြစ်ပါတယ်… ဒါကို ဖတ်ရင် ပျော်သွားမယ်..

အဲဒီအခါမှာ လူဟာ ရွှင်လန်းသွားမယ်… ဒီလိုဖြစ်စေဖို့ရာ မိမိ ရည်ရွယ်ဖော်ပြလိုက်တာပဲ ဖြစ်ပါတယ်.. နောက်လည်း ဒီလိုရေးသားချက် တွေလည်းရှိပါသေးတယ်.. ဒီလိုပါ..

*စိတ်ချမ်းသာဖို့ လိုရင်းပါ··။*
*ကျန်တာတွေက စိတ်ချမ်းသာဖို့ လုပ်ရတာ···။*
***(ဆရာတော်ဦးဇောတိက)***

စိတ်ချမ်းသာနေတဲ့သူဟာ မိသားစုကို အကျိုးပြုဖို့ အလားအလာ များတယ် ကိုယ့်အသိုင်းအဝိုင်းနဲ့ လူ့အဖွဲ့အစည်းတစ်ခုလုံးကို အကျိုးပြုဖို့ အလားအလာ ပိုများတယ်··

***(ဆရာတော် ဦးဇောတိက)***

××××× ×××××

ပျော်နေရင် အလုပ်နဲ့အရည်အသွေးပါ ကောင်းလာမယ်။ ဘာဖြစ်လို့လဲ၊ ပျော်နေရင် ဉာဏ်ပိုထွက်တယ်။ ပျော်နေရင် အလုပ်လုပ်ရတာ စိတ်ဝင်စားတယ်။ စိတ်ရှည်တယ်။ ပျော်နေရင် မပင်ပန်းဘူး။ ဘာပဲလုပ်လုပ် ပျော်ရင် ပိုကောင်းအောင်လုပ်နိုင်တယ်။

ဘယ်လိုအကြောင်းကြောင့်ပဲ ပျော်ပျော်·· ပျော်နေတဲ့သူဟာ အလုပ်အရည်အသွေး ပိုပြီးကောင်းအောင်လုပ်တယ်။ အလုပ်ကို နှစ်သက်စရာဖြစ်အောင် ဖန်တီးနိုင်ရင်ပိုကောင်းတယ်။ အလုပ်လုပ်တဲ့ နေရာမှာ သန့်ရှင်းနေမယ်။ မကောင်းတဲ့ အနံ့အသက်မရှိဘူး။ လှပနေမယ်ဆိုရင် အလုပ်လုပ်ရတာ ပိုပျော်မယ်။ အလုပ်မှာ ပြောရဆိုရ ဆက်ဆံရတာ အဆင်ပြေပြီး ပျော်မယ်။

အလုပ်ရဲ့ အရည်အသွေးလည်း ပိုကောင်းမယ်။ ကျောင်းမှာလည်း သန့်ရှင်းလှပမယ်။ ဆက်ဆံရေး ကောင်းမယ်ဆိုရင် ဆရာ၊ ဆရာမတွေနဲ့ ကျောင်းသူ၊ ကျောင်းသားတွေ ပိုပျော်မယ်။ ပိုပျော်ရင် စာလည်းပိုတော်မယ်။ စိတ်ချမ်းသာဖို့လိုရင်းပါ···။ ဆရာတော်ဦးဇောတိက ဆိုမိန့်ထား ခဲ့ပါတယ်။

ပြီတော့ ···

ဓီရဉ္စ ပဉ္စဗဟုဿုတဉ္စ··
ဓောရယှသီလံ··· ဝတ ဝန္တ မရိယံ
တံတာ ဒီသံ သပ္ပုရိသံ သုမေဓံ ဘဇေထ
နက္ခတ္တ ပထံ ဝစန္ဒိမာ

အဓိပ္ပါယ်ကတော့ ···

တည်ကြည်တဲ့ ပညာရှိတဲ့၊ အကြားအမြင်များတဲ့ ကောင်းတဲ့ အကျင့်မြတ်ကို ရွက်ဆောင်တဲ့၊ ဖြူစင်တဲ့ အကျင့်သီလရှိတဲ့ ပညာရှိတဲ့ သူတော်ကောင်းတွေကို လမင်းဟာ နက္ခတ်တာရာလမ်းကြောင်းအတိုင်း လိုက်သကဲ့သို့ လိုက်လံချဉ်းကပ် ဆည်းပူးသင့်တယ်လဲ ဆိုထားပါတယ်။ ဒါလဲ ဘဝမှာ နေနည်းတစ်ရပ်ပါ။ စံနမူနာအဖြစ် ဖော်ပြမိတာပဲ ဖြစ်ပါတယ်··။

အို နတ်များတို့··

လူတို့ဟာ သင်တို့ကို နေ့စဉ်နေ့စဉ် ဗလိနတ်စာ ပူဇော်သက္ကာရပြုပြီး ပေးလှူနေကြပါတယ်။ သင်တို့ဟာ ထိုသူတို့ကို မေတ္တာထားပြီး နေ့ညမပြတ် စောင့်ရှောက်ကြပါကုန်လော့····

*(ရတနာသုတ်ပါဠိတော်)*

မိမိတို့ ရိုးရာယုံကြည်မှုနဲ့ ပတ်သက်နေတာကိုလည်း ဖော်ညွှန်းတင်ပြလိုက်ရတာပါ··

ဟုတ်သောအကြံ မှန်သောအကျင့်··
သင့်သောအယူ ဖြူသောနှလုံး···
သူတော်ထုံးကို··
စွဲသုံးသောထွေ မှန်လှစေ··

*(ရှင်မဟာရဋ္ဌသာရ)*

## ညီညွတ်မှု

စိတ်ဓာတ် ညီညွတ်သူတို့ရဲ့ အကျင့်ဟာ..
ချမ်းသာခြင်းရဲ့ အကြောင်းဖြစ်တယ်..
သမဂ္ဂါနံ တပေါ သုခေါ

*(ဗုဒ္ဓဘုရား)*

××××× ×××××

မိသားစုတစ်စုရဲ့ အသက်ဟာ မိသားစုစိတ်ဓာတ်ပဲ ဖြစ်ပါတယ်။ အဲဒီလိုပဲ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စတဲ့ တိုင်းရင်းသားပေါင်းစုံရဲ့ စုစည်းမှုနဲ့ ပေါ်ပေါက်လာတဲ့ မိမိတို့ရဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့အသက်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပဲဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုစိတ်ဓာတ်ဟာ တိုင်းရင်းသားတိုင်း အစဉ် ဦးထိပ် ပန်ဆင်ထားရမယ့် အရာပဲဖြစ်တယ်။

*(မောင်လွမ်းဝေ)*

××××× ×××××

ဒီညွှန်းဆိုချက်နဲ့ပဲ မိမိတိုင်းရင်းသားပုံပြင်အချို့ကိုလဲ ထည့်ထား ပါတယ်။ ဒီလုပ်ဆောင်ရမှုအတွက် မိမိကျေနပ်ပါတယ်။ ဒါ့အတွက် မိမိ စိတ်ချမ်းသာရပါတယ်။

ဒါကြောင့်...

စိတ်ချမ်းသာနေရင် ကိုယ့် ကိုယ်ကို အကောင်းမြင်တယ်။ ကိုယ့်ကိုကိုယ် တန်းဖိုးထားတယ်။ ကိုယ့်ကိုကိုယ် ယုံကြည်တယ်။ ကိုယ့်အား ကိုယ်ကိုးတယ်..။

စိတ်ချမ်းသာလို့ ကိုယ့်ကိုယ်ကို အကောင်းမြင်တာလား ကိုယ့်ကိုယ်ကို အကောင်းမြင်လို့ စိတ်ချမ်းသာတာလား မေးစရာပဲနော်။ ဘာပဲဖြစ်ဖြစ် စိတ်ချမ်းသာအောင်နေပြီး ကောင်းတာကို လုပ်ရင်တော့ ကိုယ့်ကိုယ်ကို အကောင်းမြင်ဖို့ သေချာတယ်။

အဲဒီတော့ ကိုယ့်ကိုယ်ကို အကောင်းမြင်အောင် လုပ်ရမယ်။ ကောင်းတာကိုလုပ်ရင် ကိုယ့်ကိုယ်ကို ကိုယ်အကောင်းမြင်မယ်။ မကောင်းတာလုပ်ပြီး ကိုယ့်ကိုယ်ကို အကောင်းမြင်ဖို့ မလွယ်ပါဘူး။ စိတ်ချမ်းသာအောင်နေပြီး ကောင်းတာကို လုပ်ပါ။

*(ဆရာတော်ဦးဇောတိက)*

××××× ×××××

ဆိုခဲ့သလိုပါ ဒီစာစုလေးတစ်ခုကို မိမိဟာ ရည်ရွယ်ချက်အများကြီးနဲ့ ဖော်ကျူးလိုက်ရတာပါ။ ဒါဟာ မိမိရဲ့ ရည်ရွယ်ရင်း အရင်းခံပါပဲ။ ဒါပေမဲ့ ပေးသူနဲ့ ယူသူကြားမှာ သဘောထားဆိုတာလဲ ရှိကြလေတော့ အကုန်တိုက်ဆိုင်ချင်မှ တိုက်ဆိုင်မှာပါ။ ကြိုက်နှစ်သက်ချင်မှလည်း ကြိုက်ကြမှာပါ။ သဘောထားကွဲလွဲခွင့် ရှိကြပါတယ်။ မိမိနားလည်ပါတယ်။ မိမိကိုလည်း နားလည်ပေးကြဖို့ရာပါ။

နောက်တစ်ပုဒ်က 'အချစ်ရဲ့ တကယ့်ဆန့်ကျင်ဘက်က အမုန်းမဟုတ်ဘူး ပမာမခန့် လုပ်တာ' မကောင်းတာ မုန်ပေမယ့်။ အမုန်းကမှ ပတ်ဝန်းကျင်အပေါ် မင်းတစ်ခွန်း နင်တစ်ခွန်းတော့ အနည်းဆုံး ပြောနိုင်သေးတယ်။ ပမာမခန့် လုပ်ပြီဆိုရင်တော့ ပတ်ဝန်းကျင်ကို ဝတ္ထုပစ္စည်းတစ်ခုလို 'ဒီကောင်' လို့ သဘောထားလာတတ်တယ်။

ဒါကြောင့်မို့ မကောင်းမှု ဆိုတာထက် တကယ်ပိုဆိုးတာတစ်ခုရှိသေးတယ်။ အဲဒါကတော့ မကောင်းမှုထက် ပမာမခန့်လုပ်တာဘဲလို့ ပြောကြတာပေါ့။

လူလူချင်း ဆက်ဆံရေးမှာ ကိုယ်ကျင့်တရားအရ အောက်တန်း အကျဆုံး ဖြစ်တာကိုး။

ခရစ်ယာန် ကိုယ်ကျင့်အမြင်နဲ့ ဟပ်ပြီးပြောရရင် စကားလေး တစ်ခွန်းနဲ့ ပေါ်လွင်အောင် ပြောလို့ရတယ်..။

'နည်းနည်းလေးမှ ကျူပ်ဂရုမစိုက်ဘူးတဲ့...'

*(ဗျိုးဖက်ဖလက်ချာ)*

ဆိုတာမျိုးပါ..၊ ဒါမျိုး ဖြစ်သွားတတ်တာ..၊ အတုယူမမှား တတ်ကြဖို့ပါ။ နောက် စံနမူနာတစ်ခုကတော့...

'ပင်ကိုယ် သဘာဝအရ အပေးသမားဆိုတာ မွေးဖွားလာ ကတည်းက လက်ဆုပ်ကိုဖြေ နှလုံးသားကို ဖွင့်ပြီး မွေးလာတတ်တယ်။ ပေးစရာ မရှိအောင် လက်ချည်းဗလာ ဖြစ်နေတဲ့ အခါမျိုးတွေ ရှိနေပေမဲ့ လည်း နှလုံးသားကတော့ အမြဲပြည့်ဝနေတာမို့ အဲဒီထဲကနေ ပေးစရာရှိတာ တွေ ထုတ်ပေးနိုင်ပါတယ်..'

*(ဖရန့်စစ်ပေါ့ချ်ဆင်ဘားနက်)*

တရားဥပဒေစိုးမိုးရေး တရားမျှတရေး ဖြောင့်မှန်ကြဖို့ရာပါ။ စေတနာနဲ့ ဝေဒနာပါ။ မျှဝေခံစားကြဖို့ရာနော်...။

*ကျန်းမာချမ်းသာကြပါစေ*

*ဇာနီအောင် (ရမ္မာဝတီ)*

**** **** ****

# ၁။ လာမစမ်းနဲ့ လွှမ်းသွားမယ်

တစ်ခါက ဖြစ်ပါသည်။

ဘုရင်တစ်ပါး ရှိခဲ့ပါသည်။ သူသည် အခြားသော ဘုရင်ကြီးတွေလိုပါပဲ ပုံပြင်ကို ကြိုက်နှစ်သက်သူ ဖြစ်ပါသည်။

သူသည် ပုံပြောတာကို နားထောင်တာ သိပ်ကို ဝါသနာကြီးသူပဲ ဖြစ်ပါသည်။ သူသည် သူ့ရဲ့ ဝါသနာအတိုင်း ပုံပြင်နားထောင်တာကို အချိန်ပြည့်လုပ်နေလေ့ ရှိခဲ့ပါသည်။ သို့ပေမယ့် သူသည် အားရကျေနပ်သွားတာ၊ နားညည်း ညည်းငွေ့သွားတာမျိုး မရှိခဲ့ပါဘူး။ သူသည် နားထောင်ပြီးရင်း နားထောင်ချင်ရင်းပဲ ဖြစ်လို့နေနေခဲ့ပါသည်။

ခုတော့ နန်းတွင်းသူ နန်းတွင်းသားတွေမှာ အကြံရခက်လို့ နေခဲ့ကြပါတော့သည်။ အကြောင်းကတော့ ကြာတော့ ပုံပြင်ပြောမည့်လူကို ရှာလို့မတွေ့ရတော့တာဘဲ ဖြစ်ပါသည်။ သို့နှင့် ကြံရာမရသည့်အဆုံးမှာတော့ တိုင်းပြည်အတွင်း လှည့်လည်ပြီးတဲ့နောက် မောင်းခတ် ကြော်ငြာလိုက်ရပါတော့သည်။

'တိုင်းသူပြည်သား လူအများတို့လေး ...'

'ဘုရင်မင်းကြီးအား အစဉ်ထာဝရ ရှည်ကြာနေအောင် နားထောင်ကောင်းမယ့် ပုံပြင်တစ်ပုဒ်ပုဒ်ကို ပြောဆိုနိုင်လျှင် မည်သူ့ကိုမဆို ထီးနန်းအမွေဆက်ခံစေပြီးတော့ လက်ရှိမှာ အိမ်ရှေ့မင်းသား ရာထူးကိုပါ ပေးသနားပါ့မယ်။

ထိုပြင်တ၀ ရင်သွေးဖြစ်တဲ့ သမီးတော်နဲ့ပါ လက်ဆက် ပေးစားပါမယ်.. အမိန့်တော်မြတ်ကို သိစေအပ်ပါတယ် ပြီးတော့မှ.. 'လိမ်လည်ဟန်လုပ် ပြီးတော့ ပုံပြင်လိမ်လည်ပြောခဲ့ရင်တော့ ပုံပြင်ဆုံးသွားပါက ဒဏ်အဖြစ် အသတ်ခံရလိမ့်မယ် ဖြစ်ပါကြောင်း..' တို့ပဲ ဖြစ်ပါတယ်။

အဲဒီလို မောင်းခတ်ကြေညာ ခဲ့ကြပါတော့သည်။

'အို..'

'ဟင်..'

လှပသည့် မင်းသမီးလေးနှင့်ပင် လက်ထပ်ရဦးမည်။ ပြီးတော့ အိမ်ရှေ့မင်းသားလည်း ဖြစ်ရမည်။ ပြီးတော့ ဘုရင်.. တန်ဖိုးကြီးမားသည့် ဆုလာဘ်တွေကို ကြော်ငြာလိုက်သည့်အခါမှာတော့ ပြိုင်ပွဲဝင်တွေ အများကြီးမှ အများကြီးဘဲ ထွက်ပေါ်လာခဲ့ကြပါတော့သည်။

အဲသည်နောက်မှာတော့ ပြိုင်ပွဲဝင် အချို့ပြောပြကြသည့် ပုံပြင်တွေ နားထောင်ကောင်းအောင်၊ အံ့ဩဖွယ်ကောင်းအောင် ပြောကြပါသည်။ တချို့က ရက်သတ္တတစ်ပတ်ကြာအောင် ပြောပြနိုင်ကြပါသည်။ တချို့ကလည်း တစ်လကြာပါသည်။ တချို့က ခြောက်လထိ ကြာကြာ ပြောကြပါသည်။

သို့သော် သနားစရာတော့ အရမ်းကို ကောင်းကြပါသည်။ သူတို့တွေဟာ ပုံပြင်တွေကို ရှုပ်နိုင်သမျှ ရှုပ်၊ ကြာနိုင်သမျှ ကြာအောင်ဆိုပြီး ဆွဲဆန့်နေခဲ့ ကြပါသည်။ ကာလတစ်ခုလောက် ကြာပြီးသည့်အခါ မှာတော့ ပုံပြင်တွေဟာ ပြီးဆုံးလို့သွားပါသည်။ သည်လိုလိမ်ပြီး ပုံပြင်တွေကို ပြောတဲ့သူတွေရဲ့ ခေါင်းတွေသည် အဖြတ်ခံကြရပြီးတော့ အသက်တွေ ဆုံးရှုံးခဲ့ကြရပါတော့သည်။

နောက်ဆုံးမှာတော့ လူတစ်ယောက် ရောက်လို့လာခဲ့ပါသည်။ သူ့မှာတော့ အရှည်ကြာဆုံးဖြစ်အောင် ပြောဆိုပြနိုင်သည့်ပုံပြင် တစ်ပုဒ် ရှိသည့်အကြောင်းနှင့် ဘုရင်မင်းမြတ် သဘောကျသည်ဆိုရင် သူ့ကို ပုံပြင်ပြောခွင့် ပြုစေလိုကြောင်း လျှောက်ထားလိုက်ပါသည်။ သည်အခါ မှာတော့ ထိုသူကို အားလုံးက တားမြစ်ခဲ့ကြပါသည်။

သို့သော် သည်လူသည် ကြောက်ရွံ့ စိုးထိတ်မဖြစ်ခဲ့ပါ။ သည် တော့လည်း ဘုရင်ကြီး ရှေ့တော်မှောက် ခေါ်ဆောင်သွားခဲ့ကြပါသည်။ သူသည် စကားကိုသိပ်ချင့်ချိန်ပြီးတော့ စီကာပတ်ကုံးနှင့် ပြောဆို တတ်သူ တစ်ယောက် ဖြစ်ပါသည်။

သူ့အတွက် လိုအပ်သည့်အချိန်၊ စားချိန် သောက်ချိန် အိပ်ချိန် အတွက် လိုအပ်တာတွေကို သတ်မှတ်ညှိနှိုင်း သဘောတူပြီးသည့်နောက်မှာ တော့ ပုံပြင်ကို စတင်ပြောဆိုခဲ့ပါတော့သည်။ သူ့အခုလို စတင်လိုက်ပါ သည်။

ဘုရင်မင်းကြီး ခင်ဗျား…

ရှေးတုန်းက သိပ်ကို ရက်စက်ကြမ်းကြုတ်သည့် ရှင်ဘုရင်ကြီး တစ်ပါးရှိခဲ့ပါသည်။ သူက စည်းစိမ် ဉစ္စာဘဏ္ဍာတွေကို တိုးပွားလာ အောင် ဆိုပြီးတော့ သူ့ပိုင်နက်နယ်မြေထဲတွင် ရှိကြသည့်ကောက်ပဲ သီးနှံတွေကို အားလုံးကို သိမ်းပိုက်ပြီး ယူလိုက်ပါသည်။ သည်လို သိမ်းယူ ထားပြီးသည့် နောက်မှာတော့ ကောက်ပဲသီးနှံတွေကို ကျောက်တောင်ကြီး တစ်တောင်ရဲ့အလယ် မြင့်မားသည့် စပါးကျီကြီးထဲ သွတ်သွင်း သိမ်းဆည်းထားလိုက်ပါသည်။

သူသည် အဲသည်လို နှစ်ပေါင်းများစွာ လုပ်ဆောင်လာသည့် အခါမှာတော့ စပါးကျီကြီးက ခေါင်မိုးထိလုနီးပါးအောင် ဖြစ်လို့နေခဲ့ပါ တော့သည်။ အဲသည်အခါမှာတော့ စပါးကျီကြီး၏ လေးဘက်လေးတန်က တံခါးတွေ ပြူတင်းပေါက်တွေကို ပိတ်လို့ ထားလိုက်ပါတော့သည်။

'ပိတ်....'

'ပိတ်ထားမှပဲ..'

သို့ပေမယ့် ပန်းရံဆရာတစ်ယောက် မတော်တဆ သတိလက်လွတ် ဖြစ်သွားခဲ့ပါသည်။ စပါးကျီကြီး၏ ခေါင်နားမှာ အပေါက်ငယ် သေးသေးလေး တစ်ပေါက် ကျန်လို့သွားခဲ့ပါသည်။

အဲသည်လိုဆိုတော့ နှံကောင်တစ်အုပ်က ရောက်လို့လာခဲ့ကြပါ တော့သည်။ သူတို့သည် အဲဒီထဲက ကောက်ပဲသီးနှံတွေကို စားရအောင် ကြိုးပမ်းခဲ့ကြပါသည်။ သို့သော် အပေါက်ငယ်က ငယ်နေလေတော့ နှံကောင်တို့ဟာ တစ်ကောင်ချင်းပဲ ဝင်ရပါတော့သည်။ နှံကောင် တစ်ကောင်ကဝင်ပြီး သီးနှံတစ်စေ့ကိုယူပြီး ပြန်ထွက်လို့ လာခဲ့ပါသည်။ မကြာမီမှာ နောက်တစ်ကောင်က ဝင်လို့သွားခဲ့ပါသည်။ ပြီး.. သီးနှံ တစ်စေ့ကို ယူပြီးတော့ ပြန်ထွက်လို့ လာခဲ့ပါတော့သည်။

တစ်ကောင်ပြီး တစ်ကောင်နှင့် စပါးကျီကြီးထဲ ဝင်ခဲ့ကြပါသည်။ သီးနှံတွေကိုယူပြီး ပြန်လာခဲ့ကြပြန်ပါသည်။ ပြီး.. ဝင်ပြီး သီးနှံတစ်သီးကို ယူပြီး ပြန်ထွက်လို့ လာခဲ့ပြန်ပါသည်။ ပြီး.. သီးနှံတွေယူပြီး ပြန်လာခဲ့ကြ ပြန်ပါသည်။ ပြီး.. ပြန်ဝင်လို့ သွားခဲ့ကြပြန်ပါသည်။ ပြန်ထွက်လို့

လာခဲ့ကြပြန်ပါတော့သည်။ သည်အကြောင်းကို ထပ်ခါတလဲလဲ ပြောပြလို့ နေခဲ့ပါသည်။ သည်လိုနှင့် စားသောက်ချိန်မှ လွှဲပြီးတော့ မနက်ကနေ ညနေအထိ နှံကောင်တွေ အကြောင်း ပြောနေခဲ့ပါသည်။

နှံကောင်တွေ သစ်စေ့ကို တစ်ကောင်ပြီးတစ်ကောင် ဝင်ချီသည့် အကြောင်းကို ပြောပြလို့ နေခဲ့ပါတော့သည်။ အဲသည်လိုနှင့် တစ်လလောက် ကြာနေခဲ့ပါတော့သည်။ အဲသည်မှာ သီပ်ကို စိတ်ရှည်လက်ရှည် နားထောင် နေခဲ့သည့် ဘုရင်ကြီးက နှံကောင်ဆိုသည့်အသံကိုပင် မကြားချင်တော့ပါ။

ထိုသူပြောပြနေသည့် ပုံပြင်ကို ဒီလိုကြားဖြတ်ပြီးတော့ ခုလို ဆိုလိုက်ပါသည်။

'ကောင်းပါပြီကွာ၊ ကောင်းပါပြီ မင်းရဲ့နှံကောင်တွေကို တော် လောက်ပါပြီ၊ အဲဒီ နှံကောင်တွေဟာ သူတို့လိုရင် လိုသလောက် သီးနှံတွေ ကိုများစွာ ယူကြတာဆိုပါတော့ ကဲနောက် ဘာဆက်ဖြစ်သလဲ၊ ဆက်ပြော ပါဦးကွာ'

ဘုရင်ကြီးက လောဆော်လိုက်ပါသည်။ သို့ပေမဲ့ ပုံပြောသူဟာ သီပ်ကို တည်ငြိမ် အေးဆေးပါသည်။

တမင်အေးဆေးစွာနှင့် 'ဘုရင်မင်းမြတ် သည်းခံတော်မူပါ ခင်ဗျာ..၊ နောက်ပြီး ဘာဖြစ်သွားသလဲဆိုတာကို ပြောပြဖို့ရာ ဘယ်လိုမှ မဖြစ်နိုင်သေးပါဘူး ခင်ဗျာ..၊ ခုတော့ ဘာတွေဆက်ဖြစ်နေကြသလဲ ဆိုတာပဲ အရင်ပြောပြရပါမယ်' ဆိုလိုက်ပါသည်။

သည်နောက်တော့ ဘုရင်မင်းကြီးသည် လိုလိုချင်ချင်နှင့်ပင် သည်းခံပြီး သည့်နောက် နားဆက်ထောင်ပါသည်။ နောက်ထပ် ခြောက်လ လောက်ကြာတဲ့အထိ နားထောင်လို့နေခဲ့ပါသည်။

ဟိုပြည့်ညစဉ်မှာပဲ နားထောင်နေရင်းက ခုလိုကြားဖြတ်ပြီးမှ အမိန့် ထုတ်ပြန်ပါတော့သည်။

"အသင်ရဲ့ နံကောင်တွေအကြောင်း ကျုပ်ညည်းငွေ့လှပြီ မှန်ပါ...

"အဲဒီ နံကောင်တွေဟာ ဘယ်တော့များမှ ကုန်လို့သွားကြမှာလဲ"

အဲဒီညမှာ ပုံပြင်ရှင်က တည့်တည့်ငြိမ်ငြိမ်နှင့် ခုလို လျှောက်လိုက်ပြန်ပါသည်။

"ဘုန်းတော်ကြီးလှစွာသော အရှင်မင်းမြတ်ကို ဒါကို ဘယ်သူကများ ပြောနိုင်မလဲ မသိပါဘူး၊ အဲဒီနံကောင်တွေ ကုန်သွားခဲ့ရင် ကျွန်တော်မျိုး ရဲ့ပုံပြင်က ဒီလိုဆက်လာမယ်။ အဲဒီနံကောင်တွေကြောင့် အဲဒီပေါက်ရဲ့ အတွင်းပိုင်းက များစွာသောစပါးနှံတွေ လျော့လို့သွားခဲ့ပါတယ်။ နံကောင်တွေ အဖို့မှာလဲ စပါးကျီ အတွင်းပိုင်းက မှောင်မည်းလို့နေခဲ့ကြပါပြီ အထဲကို ကောင်းကောင်းမမြင်ရပါဘူး၊ ဒါပေမဲ့ မင်းကြီးခင်ဗျား သည်းခံပါ၊ နံကောင်တွေ ဟာ အချိန်တန်ရင်တော့ ပြီးသွားကြမှာပါ စိတ်ချပါ ဘုရင်မင်းမြတ်"

အဲဒီနောက်မှာတော့ ဘုရင်မင်းကြီးက အားတက်ရှိ လာခဲ့ပါသည်။ ဒါကြောင့် အားတက်ပြီး ဆက်လက်နားထောင်ခဲ့ပြန်ပါသည်။ သို့နှင့် နောက်ထပ် တစ်လကြာသွားခဲ့ပြန်သည်။ ပုံပြင်ဆရာကား နံကောင် အကြောင်းချည်း အဆက်မပြတ်ပြောဆိုလို့ နေခဲ့ပါသည်။

နောက်ဆုံးမှာတော့ ပုံပြင်ပါသနာရှင် ဘုရင်ကြီးမှာ ဆက်လက် သည်းခံ နိုင်စွမ်းမရှိတော့ပါဘူး၊ ထို့ကြောင့် ခုလို ရှုမ်းအော်လိုက်ပါသည်။

'ဟေ့ မောင်မင်း.. ဒါလောက်ဆို တော်လောက်ပြီ..၊ ကျုပ်ရဲ့ သမီးတော်ကိုလဲ ယူလိုက်တော့၊ ကျုပ်ရဲ့ ထီးနန်းစည်းစိမ်ကိုလဲ သိမ်းလိုက်ပါတော့။ ဘာမဆို အကုန်ယူလိုက်ပါတော့ကွာ.. အဲဒီ မုန်းစရာကောင်းတဲ့ နံကောင်တွေအကြောင်း မကြားရရင် ပြီးရောကွာ'

အဲသည်အခါမှာတော့ ပုံပြင်ရှင်မှာ ဘုရင့်သမီးတော်နှင့် လက်ဆက်လိုက်ပါသည်။ ရှင်ဘုရင် ဖြစ်ကြောင်းလည်း ကြော်ငြာလိုက်ရပါသည်။ ပုံပြင်ကို ဆက်လက်ပြောပြပေးဖို့ကို ဘယ်သူကမှ ဘာစကားမှ မဟာခဲ့ကြတော့ပါလေ...။

နံကောင်တွေအကြောင်း မပြီးဆုံးသေးဘဲနှင့် အခြားအကြောင်းတွေကို ဆက်လက်ပြောပြဖို့ရာ မဖြစ်နိုင်ကြောင်း သူက ပြောထားခဲ့ပြီး ဖြစ်တာကြောင့်ပဲ ဖြစ်ပါသည်။ ဘုရင်ကြီးဟာ

ပြီးတော ထွက်သွားခဲ့ပါတော့တယ်။

သိပ်ကို ဉာဏ်ကောင်းသည့် လူတစ်ယောက်ရဲ့ ပရိယာယ်ကြောင့် ရှင်ဘုရင်ကြီးမှာ ပုံပြင်ကို အရူးအမူး နားထောင်ချင်သည့် ဆန္ဒသည် နောက်ဆုံးတွင် ပျောက်ကွယ်ပြီး အရှုံးနှင့် အဆုံးသတ်လို့ သွားခဲ့ကြောင်းပဲ ဖြစ်ပါတော့သည်။

ပုံပြင်လေးကတော့ ဒါပါပဲကွယ်...။ ။

*************

# ၂။ မျောက်တရားစီရင်ခန်း

'ကိုယ်ပါဝင်ပတ်သက်နေတုန်း ကာလမှာတော့
သမိုင်းဆိုတာ သမိုင်းနဲ့တူတယ် မထင်ရဘူး'

*(ဂျွန်ဂါ့ဒ်နာ)*

'အရေးနိမ့်တယ်ဆိုတာဖြစ်တတ်တဲ့ ယာယီအခြေနေပါ
အရှုံးပေးလိုက်ရင်တော့ အမြဲတမ်းအရေးနိမ့်သွားမှာပဲ'

*(မေရီလင်းဗော့စ်ဆာဗဲလ်တ်)*

ရုပ်ရှင်တစ်ကား ကြည့်ခဲ့ဖူးပါတယ်.....။

လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ခန့်ကပဲ ဖြစ်ပါတယ်။ အာကာသ သိပ္ပံပညာရှင်တွေ သုံးဦးရှိပါတယ်။ သူတို့က သိပ္ပံပညာကို အလွန်အမင်း ကျွမ်းကျင်တတ်မြောက်ကြပြီး ကမ္ဘာကြီးကို ဒီထက်မက တိုးတက်ဖို့ လူသားတွေအတွက် စူးစမ်းရှာဖွေလို့ နေကြသူတွေပဲ ဖြစ်ကြပါတယ်။

အဲဒီသိပ္ပံပညာရှင်သုံးဦးမှာ တစ်ဦးက မိန်းမဖြစ်ပြီး သိပ္ပံပညာရှင် တစ်ဦးနဲ့ ချစ်သူစုံတွဲ ဖြစ်ကြပါတယ်။ တစ်နေ့မှာ သူတို့တွေဟာ စကြဝဠာ စူးစမ်းဖို့ရာ အာကာသယာဉ်တစ်စီးနဲ့ ခရီးထွက်ခဲ့ကြပါတယ်။

အဲဒီမှာပဲ သူတို့ရဲ့ယာဉ်ဟာ စက်ချွတ်ယွင်းခဲ့ပြီး တစ်နေရာဆီ

ပျက်ကျလို့ သွားခဲ့ရပါတော့တယ်။ သူတို့ ပျက်ကျသွားခဲ့ရတဲ့ နေရာဟာ မျောက်တို့ရဲ့ နိုင်ငံတော်တစ်ခုပဲ ဖြစ်နေခဲ့ပါတော့တယ်။

အာကာသသိပ္ပံ ပညာရှင်တွေကို ရိုင်းစိုင်းတဲ့ တိရစ္ဆာန်မျောက်တွေက ဝိုင်းဝန်းဖမ်းဆီး လိုက်ကြပါတော့သည်။ သူတို့ရဲ့ အချုပ်အနှောင်ထဲ ထည့်သွင်းလိုက်ကြ ပါတော့တယ်။ ပြီးတော့ လက်ထိပ် ခြေထိပ်တွေလည်း ခတ်လိုက်ကြပါတယ်။ နောက်တော့မှ ခြေထိပ်လက်ထိပ်ဖြုတ်ပြီး အချုပ်နှောင်ထဲသို့ ထည့်ချုပ်လှောင်ထားလိုက်ကြတယ်။

အဲဒီမှာ အာကာသသိပ္ပံပညာရှင် စုံတွဲထဲက မိန်းကလေးဖြစ်သူက အချုပ်နှောင်ထဲမှာ ငိုခဲ့ပါတော့တယ်။ ဒါကို သူရဲ့ချစ်သူ အာကာသသိပ္ပံ ပညာရှင်ချစ်သူက ပွတ်သပ်ချော့မြူပြီး နှစ်သိမ့်ခဲ့ပါတယ်။ သူမရဲ့ မျက်ရည်ကို သုတ်ပေးလို့နေခဲ့ရှာပါတယ်။ ဒါကို ဖမ်းဆီးထားတဲ့ အဲဒီ ချစ်သူစုံတွဲကို ကြည့်ရင်း အုပ်ချုပ်သူ မျောက်ချစ်သူစုံတွဲတို့က ပီတိဖြစ်လို့နေကြပါတယ်။

မျောက်မက ချစ်သူမျောက်ထီးကို ကြည့်ပြီး သူတို့ချင်း ပြုံးပြလိုက်ကြပါတယ်။ ပြီး မျောက်ကြီးက ချစ်သူမျောက်မကို ခပ်တင်းတင်း ပွေ့ဖက်ပြီး ထားလိုက်ပါတယ်။ ဖမ်းဆီးထားနိုင်ခဲ့သူ မျောက်ချစ်သူစုံတွဲက ပျော်လို့ပါးလို့၊ အဖမ်းဆီးခံ အာကာသသိပ္ပံ ပညာရှင်အတွဲမှာ စိတ်ညစ်ကာ အချုပ်အနှောင်ခံ ဘဝနဲ့ပါ။ မျောက်တွေရဲ့ ဖမ်းဆီးတာ ခံနေခဲ့ကြရတာပါ။

အဲလိုနဲ့ ဖမ်းဆီးချုပ်နှောင်ထားတာ အချိန်တန်တဲ့အခါ သူတို့ နယ်မြေကို ဖျက်ဆီးဖို့ ကျူးကျော်ဝင်ရောက်လာမှုနဲ့ တရားစွဲခံခဲ့ရပါတယ်။ ပြီးနောက် တရားစွဲဆိုခဲ့ပါတယ်။ သူတို့တွေဟာ သူတို့မျောက်နိုင်ငံကို

ဖျက်ဆီးဖို့ မျောက်တို့ဘဝကို ဖျက်ဆီးဖို့၊ ဒီလို ဖျက်ဆီးနှောင့်ယှက်မှုတို့နဲ့ တရားခွင်မှာ အထက်ပါအတိုင်း စွဲဆိုချက်တင်ခဲ့ပါတယ်။ ရုံးထုတ်ခဲ့ပါတယ်။

အဲဒီအခါမှာ အာကာသ သိပ္ပံပညာရှင်တို့တွေက ဒါဟာ မဟုတ်ကြောင်း သူတို့က အားလုံးသော သတ္တလောကကြီး တိုးတက်သာယာဖို့ လေ့လာစူးစမ်းဖို့ အာကာသယာဉ်နဲ့ သွားနေခဲ့ကြရာက မတော်တဆ စက်ချွတ်ယွင်းပြီး ပျက်ကျခဲ့ကြောင်း ရှင်းပြဖို့ ကြိုးစားကြပါတယ်။

အဲဒီအခါမှာ မျောက်တရားသူကြီးက စားပွဲကိုတူတံနဲ့ရိုက်ပြီး တိတ်စေခဲ့ပါတယ်။ ဗြိုး... လူသူတို့ပြောတာကို လက်မခံခဲ့ပါဘူး။ ဆက်လက် လျှောက်လဲခွင့်လဲ မပေးခဲ့ပါဘူး...။ တိရစ္ဆာန် မျောက်တရားသူကြီးကို လူသား အာကာသ သိပ္ပံပညာရှင်တွေက ရှင်းပြဖို့ အမျိုးမျိုး ကြိုးစားခဲ့ကြတယ်။မျောက်တရားသူကြီးက ခွင့်မပြုဘူး။ လူစကားလည်း သူနားမလည်ဘူး။ တရားခွင်မှာ အတင်းအကြပ်နဲ့ မျောက်အမှုထမ်းတွေက ဖမ်းဆီးပိတ်ဆို့ ချုပ်နှောင်လို့ ထားခဲ့ကြတယ်။

ခန္ဓာကိုယ်ကိုလည်း လှုပ်ခွင့်မပြုဘူး။ ပါးစပ်ကပြောဖို့ လုပ်တော့ ပါးစပ်ကို ပိတ်ထားကြတယ်။ ခုတော့ သူတို့ကမ္ဘာမှာ အနည်းနဲ့အများ၊ ရေများ ရေနိုင်၊ မီးများ မီးနိုင်ပမာပဲ...။ သူ့အရပ် သူ့ဇာတ်နဲ့ ကနေကြတော့တာပါပဲ။ တရားကျစရာ ကောင်းလှတယ်။ သင်ခန်းစာယူဖို့ ကောင်းလှတယ်။ ယဉ်ကျေးလှပါတယ်ဆိုတဲ့လူကို မျောက်တွေက ထိုသူ လူတို့ကို တကယ့်အရိုင်း အစိုင်းပမာ ဝိုင်းဝန်းလှောင်ပြောင် ပြောဆိုပြုမူလို့ နေနေကြပါတော့တယ်။ ပြောချင်ရာပြော၊ ဆိုချင်ရာဆို၊ လုပ်ချင်ရာလုပ်ပြီး

တော့မှ သူတို့နဲ့ သူတို့ တရားရုံးက တရားရေးကိုဆုံးဖြတ်ပြီး အမိန့်တွေချမှတ်လို့ အကျဉ်းကျစေရတဲ့ အကြောင်းပဲ ဖြစ်ပါတယ်။

ရုပ်ရှင်ဆိုတော့ ဟာဒယနဲ့ ရသပေါ်အောင် ဖျော်ဖြေမှု တစ်စုံတစ်ရာ ပါလို့ ကြည့်ရတာ ရွှင်မြူးပေမယ့် တကယ့်တကယ်မှာတော့ သင်ခန်းစာ ယူလောက်စရာပါ။ တစ်ခါတစ်ခါ လောကမှာ ကြုံရတတ်တဲ့ ဖြစ်ရှိတတ်တဲ့ သဘော သာဓကတွေပါ။ မှောက်တရားစီရင်ခန်း ဇာတ်လမ်းမျိုးတွေ ရယ်စဖွယ်ရာ ဘဝမှာ ကြုံရတတ်ကြပါတယ်။ ဆုံးရှုံးတတ်တာတွေလည်း ရှိပါတယ်။ ဆင်ခြင်တုံတရား ရှိစေကြဖို့ရာပါ။ သတိတရား ရှိထားကြဖို့ရာပါ။ မိမိတို့ဟာ ဘဝမှာ စီရင်သူရော ခံရသူရော ဖြစ်တတ်တဲ့ ကြုံရတတ်တဲ့အခါ တရားသတိ ရှိကြဖို့ရာသာပဲ ဖြစ်ပါတယ်။

တရားဥပဒေဆိုတာဟာ မိမိတို့ရဲ့အတွက် အသားတွေ့ အသွေးလိုပါ။ အကာအကွယ်ပါ။ ဒါပေမဲ့ မိမိအာဏာရှိတဲ့အခါ ဒါကိုလက်ကိုင်တုတ် အဖြစ် အသုံးချမိတတ်တာမျိုး မဖြစ်ဖို့ရာပါ။ တရားလက်လွှတ် မဖြစ်ကြစေရေးပါ။

တစ်ဖန် မိမိဟာ တရားခံအဖြစ်နဲ့ တစ်ဖက်သတ်စွပ်စွဲခံရပြီး တစ်ဘက်သားရဲ့ ငွေကြေး ပါဝါနဲ့ အနိုင်ပြုမှုကို လုပ်ဆောင်တာကြုံရတဲ့ အခါ၊ မိမိတို့ဟာ သိပ်တိုတုန့်လှုပ်ချောက်ခြား ဖြစ်မသွားဖို့ရာပါ။ အသိသတိ လိုအပ်ကြတာပါ။ တကယ်တော့

လောကမှာ မဆန်းပါ။ ဘာမှမဆန်းပါ။ အချိန်တိုင်းမှာ သိတာ ရှိရှိရှင်သန်၊ နေထိုင်နိုင်ရေးသတိရှိစေဖို့ အဓိကပဲဖြစ်ပါတယ်။ သတိ အသိတရား အစဉ်လက်ကိုင်ထားနိုင်ရေးသာပါ။

ဒါအတွက် စံနမူနာအဖြစ် ဖော်ပြလိုတာ ရှိပါတယ်။ တကယ်တော့ တရားဆိုတာ ရှိပါတယ်။ တရားဆိုတာကို ဘုရားရှင်က ခုလို ဟောကြားထားခဲ့ပါတယ်။

'ဆုံးဖြတ်အပ်တဲ့ အမှုကို မှားယွင်းစွာ ပြောဆိုဆုံးဖြတ်တာကြောင့် တရား၌တည်တဲ့ တရားသူကြီး မဟုတ်ပါဘူး။ ပညာရှိဟာ ဟုတ်မှန်တဲ့ အကြောင်း မဟုတ်မှန်တဲ့အကြောင်း နှစ်ပါးလုံးကို မေးမြန်းစုံစမ်းပြီးမှ ဆုံးဖြတ်ရာပါတယ်..'

'မချွတ်မယွင်း တရားနဲ့အညီ သူတစ်ပါးတို့ကို အနိုင်အရှုံး ဆုံးဖြတ်ပေးတဲ့ ပညာရှိကို တရားစောင့်တဲ့ တရားမှာတည်တဲ့ တရားသူကြီးလို့ ဆိုအပ်ပါတယ်..'တဲ့...။

တစ်ခါက ဖြစ်ပါတယ်။

ဇေတဝန်ကျောင်းတော်မှာ ဘုရားရှင် သီးတင်းသုံးတော်မူစဉ်မှာပဲ ဖြစ်ပါတယ်။

တံစိုးစားပြီးတော့ မတရားသဖြင့် တရားဆုံးဖြတ်တဲ့ အမတ်ကြီးတွေကို အကြောင်းပြုပြီးတော့ ဒေသနာတော်ကို ဟောကြားတော် မူခဲ့တာပဲ ဖြစ်ပါတယ်။

တစ်နေ့မှာတော့ ရဟန်းတို့ဟာ သာဝတ္ထိမြို့တော် မြောက်ဘက် တံခါးအနီးမှာရှိတဲ့ တရားရုံးသို့ ဝင်ပြီးတော့ မိုးခိုခဲ့ကြပါတယ်။ အဲဒီမှာ တရားဆုံးဖြတ်နေတဲ့ အမတ်ကြီးတွေက တံစိုးလက်ဆောင် ယူပြီးတော့ ဥစ္စာရှင်မဟုတ်သူကို ဥစ္စာရှင်ဖြစ်တယ်လို့ ဆုံးဖြတ်တာကို တွေ့နေခဲ့ရတယ်။ ဒီလိုနဲ့ပဲ ကျောင်းတော်ကို ပြန်ရောက်ခဲ့ကြပါတယ်..။

အဲဒီကို ရောက်တဲ့အခါမှာတော့ အဲဒီရဟန်းတွေဟာ အဲဒီအကြောင်းတွေကို ဘုရားရှင်ထံ လျှောက်ထားခဲ့ကြပါတယ်။ အဲဒီအခါမှာ ဘုရားရှင်က အထက်ပါဒေသနာတော်ကို ဟောကြားတော်မူ ခဲ့တာပဲ ဖြစ်ပါတယ်။

'လူပုဂ္ဂိုလ်သည် မကောင်းမှုကို ပြုမိတတ်၍
ထိုမကောင်းမှုကို ထပ်ကာထပ်ကာ ပြုမိစေတော့ရာ
ထိုမကောင်းမှုကို ပွားများစေခြင်းသည်
ဆင်းရဲခြင်း၏ အကြောင်းတည်း..'

*(သေယျသကတ္ထေရဝတ္ထု၊ ဓမ္မပဒ) (၁၁၇)မှ*

'မကောင်းမှုပြုသောသူပင် ဖြစ်သော်လည်း
မကောင်းမှု အကျိုးမပေးသရွေ့ ကာလပတ်လုံး
ကောင်းမြတ်သောအာရုံကို တွေ့မြင်နိုင်သေး၏။
မကောင်းမှုအကျိုးပေးသောအခါမူကား
မကောင်းမှုပြုသူသည် မကောင်းကျိုးတွေကိုသာ
တွေ့မြင်ရတော့၏'

*(အနာထပိဏ္ဍိကသေဋ္ဌိဝတ္ထု၊ ဓမ္မပဒ) (၁၁၇)မှ*

**** **** ****

# ၃။ သန္တတိအမတ်ကြီး

"အကြင်သူဟာ ကိလေသာ ငြိမ်းတယ်။ ဣန္ဒြေကို ဆုံးမပြီးလည်း ဖြစ်တယ်။ မဂ်လေးပါးနဲ့လည်း မြဲတယ်။ မြတ်တဲ့အကျင့် ရှိတယ်။ အလုံးစုံသော သတ္တဝါတို့မှာ လက်နက်တို့ ပယ်စွန့်ထားတာဖြစ်ပြီး မေတ္တာ အညီအမျှကျင့်တယ်..။ အဲဒီသူဟာ ဝတ်စားတန်ဆာ ဆင်ယင်ထားစေ ပေမဲ့လည်း မကောင်းမှုကိုအပ ပြုပြီးသူဖြစ်ပြီးတော့ ဗြဟ္မဏ မည်တယ်..။ ကိလေသာကို ဖျက်ဆီးပြီးသူဖြစ်ပြီး ဘိက္ခုမည်တယ်.."

တစ်ခါက ဖြစ်ပါတယ်။

ဇေတဝန်ကျောင်းတော်မှာ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ကောင်းကင်ထက်မှာ ပရိနိဗ္ဗာန်စံဝင်တဲ့ သန္တတိအမတ်ကြီးကို အကြောင်းပြု ပြီးတော့ ဒီဒေသနာတော်ကို ဟောကြားတော်မူခဲ့ပါတယ်..။

အခါတပါးမှာပဲဖြစ်ပါတယ်..။

နယ်စွန်နယ်ဖျားမှာ သူပုန်တွေထပြီး သောင်းကျန်းခဲ့ပါတယ်။ အဲဒီ သူပုန်တွေကို သန္တတိအမတ်ကြီးက အောင်အောင်မြင်မြင်နဲ့ တိုက်ခိုက် ချေမှုန်း ပြီးတော့..။ ရပ်ရွာအေးချမ်းအောင် ဆောင်ရွက်ပြီးပြီးတော့မှ သာဝတ္ထိ မြို့တော်သို့ ပြန်ဝင်လာခဲ့ပါတယ်။

အဲဒီမှာတော့ ကောသလမင်းကြီးဟာ အမတ်ကြီးကို နှစ်သက်လှ

တာကြောင့် ခုနစ်ရက်တိုင်တိုင် မင်းစည်းစိမ်ကို ခံစားဖို့ ရာထူးကို ပေးခဲ့ပါတယ်။ အဆိုအက ကောင်းမွန်တဲ့ ကချေသည်တစ်ယောက်ကိုလည်း ပေးထားခဲ့ပါတယ်။ သန္တတိအမတ်ကြီးဟာ ခုနစ်ရက်တိုင်တိုင် သောက်စားမူးယစ်ကာ စည်းစိမ်ကို ခံစားပြီးတော့ အဆောင်အယောင် အဝတ်စားတွေကိုပါ ဆင်ယင်ထားခဲ့ပြီး၊ မင်းစီးဆင်ကို စီးကာ ရေချိုးဆိပ်သို့ သွားခဲ့ပါတယ်။

အဲဒီခဏမှာပဲ ဘုရားရှင်ဟာ နောက်ပါ သံဃာတော်တွေနဲ့အတူ ဆွမ်းခံကြွလာတော်မူခဲ့ပါတယ်။ အဲဒီမှာ သန္တတိအမတ်ကြီးဟာ ဆင်ထက်က နေပြီးတော့ ဦးခေါင်းညွှတ်ပြီး ရှိုးခိုးလိုက်ပါတယ်။

ဒီလိုနဲ့ သန္တတိအမတ်ကြီး ကျော်လွန်သွားတဲ့အခါမှာတော့ ဘုရားရှင်ပြုံးတော်မူခဲ့ပါတယ်။ အဲဒီလို ပြုံးတော်မူတာကြောင့် အကြောင်းကို အရှင်အာနန္ဒာက မေးလျှောက်တဲ့အခါမှာတော့ ဘုရားရှင်က 'အာနန္ဒာ သန္တတိအမတ်ကြီး ဟာ ဝတ်စားတန်ဆာတွေ ဆင်ယင်ပြီးတော့ ဒီကနေ့ပဲ ငါဘုရားထံ ရောက်လာလိမ့်မယ်..၊ ငါဘုရားထံမှ တရားတစ်ပုဒ်ကို ကြားနာရပြီးတော့ အဆုံးမှာ ရဟန္တာဖြစ်ပြီး ကောင်းကင်ထက်မှာ ပရိနိဗ္ဗာန်စံဝင်လိမ့်မယ်' လို့ မိန့်တော်မူလိုက်ပါတယ်။

ဒီမိန့်ကြားတာကို ကြားသိကြသူအပေါင်းတို့ထဲမှာ မိစ္ဆာနဲ့ မိစ္ဆာအယူရှိသူတွေက 'အချင်းတို့ ရဟန်းဂေါတမအပြုအမူကို ကြည့်ကြကုန်လော့၊ ရဟန်းဂေါတမဟာ ပါးစပ်ဖျားမှ အလွယ်တကူ ပြောလေ့ရှိပါတယ်။ယနေ့ ရဟန်းဂေါတမကို သည်မှုသားပြောသည်အမှုနဲ့ စွပ်စွဲနှိပ်စက်ကြရပါမယ်' လို့ ကြံစည်ခဲ့ကြကုန်ပါတော့တယ်။

အဲဒီမှာ သမ္မာအယူ ရှိသူတွေကတော့ 'ဩော်··ဘုရားရှင်ရဲ့ တန်ခိုးအာနုဘော်က ကြီးမားလှပါတယ်··။ အံ့ဖွယ် ရှိလှလေစွ·· ဒီကနေ့ ဘုရားရှင်ရဲ့ တင့်တယ်ခြင်းနဲ့ သန္တတိအမတ်ကြီးတို့ရဲ့ တင့်တယ်တာကို ရှုမြင်ကြကုန် လတ္တံ့'လို့ တွေးလာခဲ့ကြ ပါလေတော့တယ်။

သန္တတိအမတ်ကြီးဟာ ရေချိုးဆိပ်မှာ ရေကစားပြီးတဲ့နောက် ဥယျာဉ်တော်သို့ ဝင်ပြီးတော့ သေသောက်ပါတယ်··၊ ပြီးမှ သူငြိမ်ထိုင်နေခဲ့ပါတယ်။ သူ့ကို ဆုအဖြစ် ပေးထားတဲ့ ကချေသည်မဟာလဲပဲ ကပွဲဝိုင်း အလည်သို့ ဝင်ပြီးတော့ ကပြဖျော်ဖြေဖို့ရာ ပြင်ဆင်ခဲ့ပါတယ်။

အဲဒီကချေသည်မဟာ ကိုယ်ခန္ဓာ လှပပြေပြစ်စွာနဲ့ ကပြလိုတာကြောင့် ခုနစ်ရက်တိုင်တိုင် အစားအစာကို လျှော့လို့စားထားခဲ့တာကြောင့် သူမ ကပြလို့ မကြာမီမှာဘဲ ဝမ်းတွင်းက လေတွေထကြွလာပြီး လဲကျသေဆုံးလို့ သွားခဲ့ပါတော့တယ်။

သန္တတိအမတ်ကြီးက အမှန်တကယ် သေဆုံးသွားတယ်လို့ မယုံကြည်သေးဘဲ 'စမ်းသပ် ကြည့်ရှုပါဦးလော့'လို့ ဆိုခဲ့ပါတယ်။

မင်းချင်းတွေက စမ်းသပ်ပြီးတော့ 'အရှင်·· အသက်ဇီဝိန် ချုပ်ပျောက် သွားခဲ့လေပြီ'လို့ လျှောက်ထားခဲ့ကြပါတယ်။

ကချေသည်မလေးမှာ အမှန်တကယ်သေဆုံးသွားပြီလို့ သိရတာနဲ့ တပြိုင်နက် ခုနစ်ရက်တိုင်တိုင် သောက်စားထားတဲ့ အရက်သေစာတွေရဲ့ တန်ခိုးတွေဟာ ချက်ချင်းပျောက်လို့ သွားခဲ့ကြပါတော့တယ်။

မူးယစ်သောက်စားထားတာ မရှိတော့ဘဲ စိုးရိမ်ပူဆွေးမှုတွေ ဖိစီးလာခဲ့ပါတော့တယ်။ အဲဒီလို ရှိရာက သန္တတိအမတ်ကြီးဟာ မိမိရဲ့စိုးရိမ်ပူဆွေးမှုကို ဘုရားရှင်သာလျှင် ငြိမ်းသတ်ပေးနိုင်လိမ့်မယ်လို့ သတိရပြီးတော့ ချက်ချင်းမှာပဲ ဗိုလ်ပါအပေါင်းနဲ့အတူ ဘုရားရှင်ထံသို့ လာရောက်ခဲ့ပါတော့တယ်။

ဘုရားရှင်က စိုးရိမ်သောက ခံစားနေရတဲ့ သန္တတိအမတ်ကြီးကို 'အမတ်ကြီး ရှေးအကြောင်း စွဲလမ်းပြီး ဖြစ်ပေါ်လာတဲ့ စိုးရိမ်ပူဆွေးတာကို သုတ်သင်ဖယ်ရှားလော့ နောက်တကြောင်းမှာလဲ သင့်ကို စိုးရိမ်ပူဆွေးတာ မဖြစ်စေလင့် အလယ်ဖြစ်တဲ့ ပစ္စုပ္ပန်အကြောင်းမှာလဲ စိုးရိမ်ပူဆွေးတာကို မယူပါရင် သင်ဟာ ငြိမ်းအေးပြီးတော့ သွားရလတ္တံ့' လို့ ဟောကြားတော်မူလိုက်ပါတယ်။

အဲဒီ ဒေသနာတော်ရဲ့ အဆုံးမှာတော့ သန္တတိအမတ်ကြီးဟာ ရဟန္တာ ဖြစ်ခဲ့ရပါတော့တယ်။

အဲဒီမှာ သန္တတိအမတ်ကြီးဟာ မိမိရဲ့ သက်တမ်းကို ကြည့်ရှုရာမှာတော့ သက်တမ်းကုန်လို့နေတာ တွေ့လိုက်ရပါတယ်။

ဒါကြောင့် 'အရှင်ဘုရား တပည့်တော် ပရိနိဗ္ဗာန် ပြုပါရစေဘုရား' လို့ ဘုရားရှင်ထံ လျှောက်ကြားလာခဲ့ပါတယ်။

ဒီတော့ ဘုရားရှင်ဟာ မိစ္ဆာအယူရှိသူတွေရဲ့ စွပ်စွဲလို့ မရနိုင်စေဖို့ရာ ပြီး.. သမ္မာအယူရှိသူတို့ မျှော်လင့်ချက်တွေ ပြည့်သွားစေဖို့ရာ ရည်ရွယ်တော်မူ ပြီးတော့မှ 'သန္တတိ သို့ဖြစ်ရင် သင်ကြုံခဲ့တဲ့ ကောင်းမှုကို ငါဘုရားကို ဟောကြားပါလော့' လို့ မိန့်ကြားတော်မူခဲ့လိုက်ပါတယ်။

သန္တတိအမတ်ကြီးကလည်း ဘုရားရှင်မိန့်တော်မူတဲ့အတိုင်း ထန်းခုနစ်ဆင့်မျှမြင့်သော ကောင်းကင်မှာ ထက်ဝယ်ဖွဲ့ ခွေထိုင်နေပြီးတော့ ခုလို လျှောက်ထားခဲ့ပါတော့တယ်။

'ဘုန်းတော်ကြီးလှတဲ့ မြတ်စွာဘုရား တပည့်တော်ရဲ့ ရှေးကောင်းမှုကို နာတော်မူပါလေ…၊ တပည့်တော်ဟာ ဒီဘဒ္ဒကမ္ဘာက ပြန်ပြီးတော့ ရေတွက်သော် ကိုးဆယ့်တစ်ကမ္ဘာထက်မှာ ဝိပဿီမြတ်စွာဘုရားပွင့်တော်မူရာမှာ ဗန္ဓုမတီမြို့တော်သားတစ်ယောက် ဖြစ်ခဲ့ပါတယ်။ တပည့်တော်ဟာ သူတစ်ပါးကို သတ်ဖြတ်ညှင်းဆဲမှုကို မပြုလုပ်ဘဲ ကုသိုလ်တရားကိုသာ ကြိုးစားလိုတာကြောင့် နိဗ္ဗာန်ဆော်အလုပ်ကို လုပ်ခဲ့ပါတယ်။ နံနက်စောစော အိပ်ယာက ထပြီးတော့ ဗန္ဓုမတီမြို့တော်က လမ်းတွေမှာ လှည့်လည်ပြီးတော့ အို သူတော်ကောင်း အပေါင်းတို့… ကုသိုလ်ကောင်းမှုကို ပြုကြကုန်လော့…၊ ဥပုသ်သီလကို ခံယူကြကုန်လော့…၊ အလှူကို ပေးကြကုန်လော့…၊ တရားတော်ကို နာကြကုန်လော့…၊ ရတနာသုံးပါးကို ပူဇော်ကြကုန်လော့' လို့ နှိုးဆော်ခဲ့ပါတယ်။

တပည့်တော်ရဲ့ နှိုးဆော်သံကို ကြားရပြီးတော့ ဝိပဿီဘုရားရှင်ရဲ့ ခမည်းတော် ဗန္ဓုပတီအမတ်ကြီးက လှည့်လည်နှိုးဆော်ရာမှာ စီးနင်းဖို့ရာ မြင်းလိမ္မာတစ်ကောင်ကို ပေးခဲ့ပါတယ်။ ဆင်မြန်းစရာ ပန်းကုံးတစ်ခုကိုလဲ ဆုချီးမြှင့်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ သိန္ဓောမြင်းကရတဲ့ ရထားကို ပေးပါတယ်။ တစ်ဖန် အဲဒီနောက်မှာတော့ စီးတော်ဆင်နဲ့တကွ စည်းစိမ်ဥစ္စာတွေကို လည်းကောင်း၊ ကောင်းမြတ်သော အဆင်တန်ဆာကို လည်းကောင်း

ပေးပြန်ခဲ့ပါတယ်။ ဘုရားတပည့်တော်ကို မြတ်တဲ့အဆင်တန်ဆာကိုလည်းပဲ ပေးခဲ့ပြန်ပါတယ်။ ဘုရားတပည့်တော်ဟာ မြတ်တဲ့အဆင်တန်ဆာကို ဆင်မြန်းပြီးတော့ စီးတော်ဆင်ကို စီးပြီးတော့ နှစ်ပေါင်းများစွာတိုင်တိုင် လှည့်လည် နှိုးဆော်ခဲ့ပါတယ်။ ဒါဟာ တပည့်တော်ရဲ့ ရှေးကောင်းမှုပဲ ဖြစ်ပါတယ် ဘုရား' လို့ သန္တတိရဟန်းက အဲဒီလို လျှောက်ထားခဲ့ပါတယ်။

အဲဒီလို လျှောက်ထားပြီးတော့မှ ကောင်းကင်ထက်မှာပဲ တေဇော ကသိုဏ်းကို ဝင်စားခဲ့ပါတယ်။

အဲဒီမှာ အရှင်မြတ်ကြီးရဲ့ ကိုယ်ခန္ဓာကို လောင်ကျွမ်းစေခဲ့ပါတယ်။ ဘုရားရှင်က စင်ကြယ်တဲ့ အဝတ်တစ်ခုကို ဖြန့်ပြီးတော့ ခံလိုက်တဲ့အခါမှာ တော့ ကောင်းကင်ထက်က ဓာတ်တော်တွေကျလို့ လာခဲ့ကြပါတော့တယ်။

အဲဒီ ဓာတ်တော်တွေကို လမ်းဆုံလမ်းဝမှာ စေတီ တည်ထားခဲ့ ပြီးတော့ ပူဇော်ကြဖို့ရာ ဘုရားရှင်က မိန့်ကြားတော်မူခဲ့ပါတယ်။

ရဟန်းတို့ဟာ တရားသဘင်မှာ သန္တတိအမတ်ကြီးရဲ့ တရား တစ်ပုဒ်အဆုံးမှာတော့ ရဟန္တာဖြစ်ပြီးတော့ ကောင်းကင်မှာ ပရိနိဗ္ဗာန် ပြုခဲ့တယ်။ အဲဒီ ပုဂ္ဂိုလ်ကြီးကို သမဏလို့ ခေါ်မှာလား၊ ဗြာဟ္မဏလို့ ခေါ်မှာလားလို့ မေးလျှောက်ကြပါတယ်။

အဲဒီမှာ ဘုရားရှင် ကြွလာတော်မူခဲ့ပြီးတော့ အဲဒီစကားနဲ့ ဆက်စပ်ပြီး တရားစကားကို ဟောကြားတော်မူလိုတာကြောင့် ဝဏ္ဏရဲ့ရှေ့မှာ ဒေသနာတော်ကို ဟောကြားပြဆိုတော်မူခဲ့တာပဲ ဖြစ်ပါတယ်လေ. . .။

**** **** ****

# ၄။ အုံ့ဖွယ်ပုံပြင်

ဒါဟာ အုံ့ဖွယ်ပုံပြင်ရဲ့ ပုံပြင်အုံ့ဖွယ် တစ်ပုဒ်ပဲ ဖြစ်ပါတယ်။ မိမိ ပုံပြင်တစ်ပုဒ် ဖတ်ဖူးထားခဲ့တာပါ။

အင်အားကြီးမားတဲ့သူဘို့က အင်အားနည်းပါးပြီးတော့ နူးညံ့သိမ်မွေ့တဲ့ သူတို့အပေါ်စောင့်ရှောက်ပါမှ ထိုသူတို့မှာ သက်သာရာရငြိမ်းချမ်းသာကို ရကြပါလိမ့်မယ် ဆိုလိုတာပဲ ဖြစ်ပါတယ်။

သူခိုး၊ ဓားပြ၊ သူပုန်၊ သူကန်တို့ တိုက်ခိုက်သောင်းကျန်းတဲ့အခါမှာပဲဖြစ်ဖြစ်၊ စစ်မက်ဖြစ်ပွားတဲ့ အခါမျိုးမှာပဲဖြစ်ဖြစ်ပါ။ လူဆိုးလူမိုက်တို့ဟာ 'တောမီးလောင် တောကြောင် လက်ခမောင်းခတ်' ဆိုတဲ့အတိုင်းပဲလေ..။ ထိုသူတို့က ဝင်ရောက်လုယက်ကြတဲ့ အခါမျိုးမှာဖြစ်ဖြစ်၊ ဒါမှမဟုတ် ရန်သူတို့ ဖမ်းဆီးချုပ်နှောင်တာကို ခံရတဲ့အခါမှာပဲဖြစ်ဖြစ်၊ ကြုံတွေ့ဖြစ်တတ်ကြရတာကို ဆိုလိုပါတယ်။

အဲဒီအခါမှာတော့ ကျားနဲ့ ရက်စက်ကြမ်းကြုတ်တဲ့ သူကိုလည်းပဲပြတယ်။ ပြီး.. နွားနဲ့ သိမ်မွေ့နူးညံ့တဲ့ သူတို့ကိုလည်းပဲ ပြတယ်။ ဥပမာဥပမေယျနဲ့ နှိုင်းယှဉ်ပြထားခဲ့တာပဲ ဖြစ်ပါတယ်။ အဲဒီမှာ ရိုးသားဖြောင့်မတ်တဲ့သူတို့ကို လူပါးလူနပ်၊ ယုတ်ညံ့တဲ့ လူလည်လူရှုပ်တွေကခေါင်းပုံဖြတ် အမြတ်ကြီးစားလုပ်ပြီး တစ်ဖက်မှာ နာလန်မထူနိုင်လောက်တော့အောင် ဆိုတဲ့သဘောနဲ့ နှိပ်စက် အနိုင်ယူတတ်မှုကို ရှောင်ကြဉ်နိုင်ရေး သတိပေးစကားပုံပဲ ဖြစ်ပါတယ် ဆိုကြောင်းပါ။

မှတ်သားဖွယ်ရာ စကားပုံပါ။ မိမိမှတ်သားထားရပါတယ်..။

နောက်ထပ် စကားပုံအဆိုအမိန့်တွေလဲ ရှိပါသေးတယ်။ အဲဒါတွေကတော့..

'အတားအဆီးနဲ့ ပင်ပန်းဆုတ်နစ်မှုကို တုံ့ပြန်ရာမှာ အပြုံးနဲ့ မျက်ရည်ဆိုပြီး နှစ်မျိုးရှိတယ်။ နောက်ပိုင်းမှာ အဲဒီအစီအစဉ်ကျဖို့ လမ်းသိပ်မမြင်တဲ့ အတူတူ ကျွန်တော့် သဘောဆို ရယ်မောပစ်လိုက်တာပဲ ပိုကြိုက်တယ်'

*(ဘတ်ဖွန်းဂတ်)*

မိမိကြိုက်လှတဲ့ စာစုလေးတစ်စုပဲ ဖြစ်ပါတယ်။ ကျွန်တော်ဟာ တရားမျှတ လွတ်လပ်မှုကို အထူးကြိုက်နှစ်သက်သူပဲ ဖြစ်ပါတယ်။ တစ်သက်နဲ့ တစ်ကိုယ်မှာလည်း ဘယ်သူ့ကိုမှ မတရားမလုပ်ခဲ့ဘူး ထင်ပါတယ်။ တကယ်ပါ...။

လူတိုင်းလည်း ဒီလိုပဲ ကိုယ့်ကိုယ်ကို ပြောကြတယ်ပဲ ထင်ရင်လည်း ထင်လို့ရပါတယ်။ ဒါပေမဲ့ မိမိ သစ္စာဆိုပြီး ရေးရဲပါတယ်။ ခုလည်း ဒီလိုပဲ ထားပါတော့။ မိမိလည်း ပြောချင်ရာ ပြော၊ ရေးချင်ရာ ရေးမိ လိုက်ရတာပဲ ဖြစ်ပါတယ်..။ (ဆိုပါတော့)

ဆိုလိုတာက မိမိဟာ ဒီလိုစိတ်ဓာတ်ရှိနေလေတော့ကာ အရာရာတိုင်းမှာ ဒီရဲ့ဖြစ်စဉ်တွေနဲ့ပဲ အမြဲတွေ့နေရလေရဲ့၊ နေလေရတော့သလားလို့ရယ် မသိပါ။ ပြီးတော့ ကြုံတွေ့ဆုံနေရလေရော့သလားရယ် မသိပါဘူး (ဒါမှမဟုတ်) ဒီလိုပဲ တွေ့မြင်နေရ လေရော့သလားရယ် မသိပါဘူး။ ဆုံရတာတွေက ထူးလှတယ်။

(ကောသမ္ဗက ဝတ္ထု) ဓမ္မပဒ (၆) မှာတော့...

ဒီလောကဌ် လူမိုက်တို့သည် ငါတို့ သေကြလိမ့်မည်ဟု မသိကြကုန်။ ထိုမသိမှုကြောင့် ခိုက်ရန်ငြင်းခုန်မှုတို့သည် မပြေငြိမ်းနိုင်ကုန်။ ဒီလောကဌ် ပညာရှိတို့သည် ငါတို့သေကြလိမ့်မည်ဟု သိကြကုန်၏။ ထိုသိမှုကြောင့် ခိုက်ရန် ငြင်းခုန်မှုတို့သည် ပြေငြိမ်းနိုင်ကုန် ဆိုထားပါ၏။ ဤလောကဌ် ပညာရှိတို့သည် ငါတို့သေကြလိမ့်မည်ဟု သိကြကုန်၏။ ထိုသိမှုကြောင့် ခိုက်ရန်ငြင်းခုံမှုတို့သည် ပြေငြိမ်းနိုင်ကုန်၏ ဆိုထားပါတယ်။

တချို့တွေဟာ သူတို့ရဲ့အားနည်းချက် (ကိုယ်ကျင့်သီလ) (ငွေရေးကြေးရေး) ဘာညာတို့ကို အကာအကွယ် လုပ်ဖို့ရာအတွက်လည်း အဲဒီလိုမျိုးတွေကို လုပ်နေတတ်ကြပါတယ်။ ဒါမျိုး ခေါက်ရိုးကျ လုပ်စားနေကြသူတွေ ရှိပါတယ်။ အဲဒီထဲက မိမိတွေ့ဖူးသူတစ်ဦး ရှိပါတယ်။ သူဟာ ဘယ်တော့ ဘယ်ခါမဆိုမှာ ဆရာမွေးပြီး တစ်ယောက်ယောက်အကြိုက်ကို အမြဲလုပ်ပြီးတော့ ရပ်တည်တတ်တယ်။ အောက်ခြေမှာတော့ တကယ့်တာဝန်ကြီးကြီးတစ်ရပ် ယူထားတာမျိုး လုပ်ပြနေတတ်ပါတယ်။

အထက်ဖား အောက်ဖိ ပါပဲ..၊ 'ခွချက်'ခေါ်ကြလေမလား မသိပါဘူး။ လူကြီးလုပ်.. ပြီး..၊ လူကြီးဆိုပြီး လူကြီးလို ရပ်တည်လုပ်နေတာထက် အဲဒီ လူကြီးဆိုတဲ့ အခွင့်အရေးကိုယူပြီး တခြား အလွဲသုံးစားလုပ်ချင်ရာ လုပ်တော့တာမျိုးပါပဲ။

တကယ်က လူဟာ လုပ်ချင်တာ မလုပ်ရပါဘူး။ လုပ်သင့်တာပဲ လုပ်ရမှာပဲ ဖြစ်ပါတယ်။ ခုတော့ လုပ်ချင်ရာ လုပ်တော့တယ်။ တစ်ချို့ အပျော်အပါးမက်သူ၊ ထိုသူနဲ့ ပတ်သက်ဆက်ဆံနေရသူတို့မှာ သူပျော်ပါးဖို့အတွက် သူ့အားလပ်ရက်၊ သူလာနိုင်မယ့်ရက်ကို ရက်ချိန်းယူပြီးမှ ထိုသူကို ပြုစုယုယ ညှိခံတတ်ကြရပါတယ်။

ထုံးစံ သူကြိုက်တတ်တဲ့ မိန်းမ၊ အရက် ဘာညာဘာညာအစုံပါပဲ ဆိုပါတော့။ ဒါဟာ သူတို့အတွက် အလေ့အထ အလေ့အကျင့်ပမာ ဖြစ်နေ ပါတော့တယ်။ ဆိုလိုတာက သူတို့နဲ့ ပတ်သက်ရင် ဒါတွေ၊ ဒါတွေ လုပ်ပေးရမယ်..၊ လုပ်မှဖြစ်မယ် လုပ်မှဖြစ်တယ် ဆိုတာမျိုးပါ။

ဒါလုပ်လို့ ရက်စရာလို့ကို သူတို့ မထင်တော့သလို..၊ မလုပ်သူ မလုပ် နိုင်သူများမှသာ ရက်စရာ ဆိုတာမျိုးသဘော မလုပ်ရင် အသုံးမကျ သူသဘော၊ အလိုက်ကမ်းဆိုးမသိသူ သဘောပြောဆို ဆက်ဆံတတ်ကြ ပါတော့တယ်။ အုံ့ဖွယ်ရာပါ ထိုလိုလူမျိုးက အကြီးအကဲဘာညာ ဖြစ်နေတယ်။ အကာအကွယ်ယူ လုပ်နေတတ်တယ်။

နောက်တချို့လည်း ရှိပါသေးတယ်။ ဝန်ထမ်း ဘာညာဆိုပါတော့၊ သူတို့ ဝန်ထမ်းဆိုတာက တကယ် အများအကျိုး ဆောင်နေတဲ့ ဝန်ထမ်းလား၊ သူခိုးလား၊ ကြေးစားညာစားနေသူလား..၊ ကျွန်လား သခင်လားဆိုတာ ကိုယ့်ကိုယ်ကို အသိကြဆုံးပါ။ တချို့က အပြင်က အကျိုးဆောင်ပေးနေသူ ပညာရှင်တချို့ ကို အပေါ်စီးနဲ့(ပွဲစား) ဘာညာလဲ နှိမ်ပြောတတ်ကြတယ်။

အဲဒီ ဝန်ထမ်းကို မိမိတို့က တစ်ဖန် ကျွန်ကြေးစား ဘာညာပြန်ပြော ခဲ့ရင် သူတို့က ကြိုက်ကြပါ့မလား။ မိမိ အသိတစ်ယောက် ရှိခဲ့ပါတယ်။ ဌာနတစ်ခုမှာ သူလုပ်တုန်းမှာ မိမိဟာ 'စာရေးဆရာ' ကိုယ်ပိုင်အလုပ် လုပ်နေသူပါ။ ပညာရှင်ပါ။ ဒါကို သူဝန်ထမ်းဘဝက အထက်စီးအမြင် လေသံဟန်ပန်နဲ့ ကွယ်ရာမှာ မိမိကို 'လမ်းဘေးကလူ' ထိုသူ့မိမိနဲ့နှိုင်းပြီး သူ့ကို ချိန်းထိုးမပြောပါနဲ့တို့ ဘာတို့ ဆိုခဲ့တာကိုလဲပဲ မိမိ ကြားဖူးခဲ့ပါတယ်။

တကယ်တမ်းမှာတော့ သူဟာ ခုထိ စာတစ်အုပ်လည်း ဖြစ်အောင် လုပ်နိုင် ထုတ်နိုင်ခဲ့တာ မတွေ့ခဲ့ရပါဘူး။

မိမိ မော်စကို ရောက်ခဲ့ပြီး ခြောက်နှစ်ခန့်နေအပြီး ထွက်အလာမှာ

သူ့ကို တစ်ဖန်တွေ့ရလေတော့ သူဟာ နဂိုအလုပ်က ပြုတ်ခဲ့ပြီး အခြားတစ်နေရာမှာ 'ကူလီခေါင်း'ဖြစ်လို့ နေတာနဲ့ ကြုံခဲ့ရပါတယ်။

ဒါထက်မက မိမိကို သူ့စာအုပ် ထုတ်ပေးဖို့ စာမူဝယ်ဖို့ ပြောနေခဲ့တာ မိမိက လက်ဖက်ရည်ပါတိုက်နဲ့ ကြုံခဲ့ရပါသေးတယ်။ ခုတော့လည်း သူ့ခမျာမှာ စကားတွေ ပြောလိုက်တာပျာလို့ ပြုံလို့ပါလေ…။ တကယ်က အဲဒီအချိန်မှာ မိမိဟာ ကျောင်းတော်ကြီးက ထွက်ခါစ၊ အပြင်လောက ကမ္ဘာ့မှာတောင်မှ တကယ့် လူမှုလောကနဲ့ သဟာဇာတမဖြစ် နိုင်ခဲ့သေးတာကို သူတစ်ယောက်ခမျာ သတိမထားနိုင်ခဲ့ရှာပါ။ ပြီးတော့ မိမိကပဲ တစ်ဖန် ကျွေးမွေးပြုစု ဧည့်ခံခဲ့ရပါသေးတယ် ဆိုတာမျိုးပါလေ…။

နောက်တစ်ခုထူခြားတာ ရှိပါသေးတယ်။ အထဲမှာ နေခဲ့တော့လည်း ကမ္ဘာကြီး(အမှောင်)မှာ ကျင်လည်ခဲ့ရပါတယ်။

အပြင်ရောက်လာတဲ့အခါမှာတော့ အားလုံးဟာ အသစ်ချည်း အသစ်တွေပါ။ အရာရာဟာ စိတ်ဝင်စားစရာ၊ လေ့လာချင်စရာ အသစ်အဆန်းချည်းပါ။ ဒါလည်း အမြတ်တစ်ခုပါ။ အထဲမှာက တာရှည်မနေခဲ့ရရင် ဒီလိုအမြင်မျိုး အရသာမျိုးတွေကို ဘယ်လိုခံစားရရှိပါ့မလဲဗျာ..။

ပြီးတော့ မိမိဟာ ကဗျာရေးသူ၊ စာရေးသူလေ၊ ဒါဟာကြွားတာမဟုတ်ပါ။ ပိုမိုခံစားတတ်တာကို ဆိုလိုတာပါ။ ဆိုလိုတာက တစ်လောကလုံးဟာ အသစ်အဆန်းဖြစ်အောင်၊ ဆန်းသစ်နေအောင် မိမိကို ကြံဆောင်ဖန်တီးလာလိုက်တာမို့ပါလေ။ ကျေးဇူးအထူးတင်ရပါတယ်။ ပြင်ပကမ္ဘာလောက အလှအပကို ပိုမိုမြတ်နိုး တန်ဖိုးထားတတ်စေအောင် ကြံဆောင်ပေးလိုက်သူတို့ကိုပါပဲလေ…။ ပြီးတော့ ယူရီဂါဂါရင် လကမ္ဘာပေါ် ရောက်သွားတဲ့

အခါ မိမိတို့ ကမ္ဘာမြေ ဘက်လောက်လှတာ ပြန်ပြောတာ မှတ်မိနေပါသေး တယ်လေ..။ ထားပါတော့…။

ပြီးတော့ ခေတ်အမြင်ပါ..။ ကဗျာဆရာတစ်ယောက်ဟာ စင်ပြိုင် အစိုးရနဲ့ တူတယ်လဲ ဆိုကြတယ်။ ဒါကိုလဲ တချို့က မသိကြပါ။ လျှော့တွက် လျှော့လုပ်ပြီး လုပ်ချင်တာ လုပ်နေကြပါတော့တယ်…။

'အမှုအကျင့်ဆိုတာ တခြားမဟုတ်ဘူး…။
လူတွေကို ဆက်ဆံနေကျ
ကိုယ့်ကိုယ်နှုတ် အမူအရာတွေပဲ…'

*(မော်လီအစ်ပင်းနစ်)*

နောက်တစ်ယောက်လဲ ရှိပါသေးတယ်။ တကယ်ပွဲစားပါ၊ ပွဲစား ထက်တောင် နိမ့်ပါသေးတယ်။ မိမိတို့ နယ်ကပါ။ သူဟာ တစ်ပြား တစ်ချပ်ကအစ ဒီနယ်မှာ ခွာစားနေသူပါ။ ဒါပေမဲ့ သူ့ကိုယ်သူသိပုံမရပါ။ သူဟာ ဒီနယ်မှာ ရောမသစ္စာရှင် ၊ရောမပညာရှင်ပမာ သူ့ကိုယ်သူ ထင်လို့ရယ် နေပါတော့တယ်။ မိမိတို့ စာရေးဆရာတွေဟာ မဟုတ်တာကို လုပ်ကြမယ်။ ဒါကြောင့် မိမိတို့ကို ယုံလို့မရဘူး။ သူ့ဘဝမှ တန်ဖိုးရှိလှ တယ်။ သူကမှ လူ့အဖိုးတန်သူရယ် ထင်ထားဖန်ထားသူလဲပဲ ဖြစ်ပါတယ်။

တကယ်က စာရေးဆရာဆိုတာကို ဘယ်သူကမှ တန်ဖိုးမသိသူက တန်ဖိုးစားနားဆိုတာကို မသိပေမဲ့ သူတို့ စာရေးဆရာ အများစုတွေဟာတော့ သူ့သမိုင်းကိုသူ ရေးနေကြသူတွေသာပါ။ သူတို့ခေတ်ကို သူတို့ကိုယ်စား ပြုနေကြသူတွေသာ များတာပါ။ သူတို့ဘဝကို သူတို့တည်ဆောက်၊ သူတို့တာဝန် သူတို့ယူနေကြသူတွေချည်းပဲ ဖြစ်ကြပါတယ်။

ဥပမာ မရှိလို့ (ရှုံ့ဒိုး)ရေးစားတယ်ပဲဆိုဦးတော့ ဒီစာမူကို သူပဲ ပြင်စရာရှိသူကသာ ပြင်ရမှာပဲ။ တစ်ခုခုဖြစ်ခဲ့ရင်လည်း ဒီဆိုးကျိုးကို သူရေးပေးတာ။ သူလုပ်တာ၊ သူ့ကြောင့် ဘာညာသာပြောကြမှာပဲ၊ ထုံးစံအတိုင်း ကောင်းရင်တော့ ခံစားရတဲ့အကျိုးကိုတော့ ပြောရဲဖို့ဆိုတာ ဝေလာဝေးပါလေ။

ဆိုခဲ့တဲ့ အနှိပ်ပွဲစား။ ဒီနယ်သားဟာလည်း စာရေးဆရာတွေအပေါ်မှာ ဖြတ်စား လပ်စား ကပ်စားခွာစားနေတဲ့သူပါပဲ။ သူကလည်း ဘာမှမဟုတ်ပေမဲ့လည်း သူလည်းပဲ (အမှတ်တမဲ့ပဲဖြစ်ဖြစ်၊ မသိစိတ်ကဘဲ စေစားထားလို့သာပဲဖြစ်ဖြစ်၊ ဒီအမြင်နဲ့ ဒီကူးစက် အကျင့်ပါနေလို့ပဲဖြစ်ဖြစ်) မိမိ ကြုံတွေ့ဆက်ဆံ တွေ့ရှိနေခဲ့ရသမျှ ဒီလူပ်ရှားမှုစံနဲ့သာ အမြဲအစဉ်ပါ...။ သူပြုမူနေတတ်ခဲ့ပါတယ်။ တကယ်ပါ။ အဲဒီလိုပါ။

ဒါပေမဲ့ အရာရာအမှန်အတိုင်း ပြောခဲ့ရင် မိမိအပြင်ရောက်သွားရမယ်။ ပြီးတော့ မိမိတို့ဟာ ခွေးဟောင်တိုင်း ထမကြည့်နိုင်သလို လောကကြီးမှာ ဒီလိုမျိုး ခွေးဆိုးတွေနဲ့လည်းပဲ အမြဲထိတွေ့ ဆက်ဆံဆုံတွေ့ကြုံဆုံ တတ်ကြရတဲ့သူ လူသားတွေပဲဖြစ်တတ်ပါတယ်။ ခွေးဆိုတာလဲ မိမိတို့ ကမ္ဘာဝန်းကျင် လောကကြီးထဲမှာ အမြဲတစေပါ။ မလွဲမသွေပါ။ ရှိနေရမှာ တွေ့နေကြရမှာသာပဲ ဖြစ်ကြပါတယ်။

အဆင်မသင့်ရင် ခွေးကိုက်လဲခံရမယ်။ ဒါပေမဲ့ အဲဒီခွေးက ကိုက်ခဲ့ရင်လဲ မိမိအပြစ်ပါဘဲ။ မိမိတို့က ခွေးကို ပြန်ကိုက်လို့မှ မရတာဘဲ။ မခံချင်လို့ ကိုက်မိခဲ့ရင်လဲ ဒီလူဟာ ကမ္ဘာလောကကြီးမှာ သူ့ထက်ရူးသူဟာ ရှိပါဦးတော့ မလားဗျာ။

သွားရောပဲ၊ ခွေးရူးကိုက်ခံရဆိုလဲ သေရောပဲဗျာ၊ ကြောက်စရာပါ။

ဒါကြောင့် ခွေးကို အစာကျွေးတဲ့အခါ ကျွေးရတယ်။ အဲဒီအခါမှာ

အဲဒီခွေးဟာ အမြီးနှံ့ပြီး ပြားဝပ်ကျိုးနွံပြတာမျိုးကိုလည်း ခံရမှာပါပဲ။ ပြီး‥ ခွေးကို ကျွေးမွေးတာဟာ ကုသိုလ်လည်းရ၊ ဒါနလည်းပဲ မိမိတို့မှာ မြောက်ရပါတယ်။ ဒါပေမဲ့ ခွေးဆိုတာ ခွေးပါပဲ။ ခွေးဆိုတာဟာ ကိုက်တတ်ပါတယ်။ ရူးတတ်ပါတယ်။ ဒါကြောင့် သွားသတိ၊ လာသတိရယ်‥၊ ခွေးကိုက်မခံရဖို့၊ ခွေးရူးကိုက်မခံရဖို့ရယ် သတိထားနေထိုင်ရမယ်။ နေထိုင်ရဘာယ်။ ခွေးဆိုတာဟာ လူ့လောကမှာ လူ့ဝန်းကျင်မှာ သွားလေရာရာ နေရာတကာမှာရှိလို့ နေတတ်တာမို့ပဲ ဖြစ်ပါတယ်။ မိမိတို့နဲ့ ရောနှောနေထိုင်နေကြရလို့သာပဲ ဖြစ်ကြပါတယ် ဆိုတာပါ‥‥။

ပြီး‥ ပုထုဇနော ဥမ္မတကောရယ် ဆိုကြတယ်။ လူတွေဟာ ကိုယ်ရူးလို့ ရူးနေတာ ဘယ်သူကသိမှာပါလဲ‥။ ဒါကြောင့် ပြောချင်ရာပြော၊ ပြီးတော့ လုပ်ချင်ရာလုပ်နေကြတဲ့ လောကကြီးမှာတော့ မိမိတို့တွေ ကြည့်တတ်သူ၊ မြင်တတ်သူအဖို့မှာတော့ အရာရာဟာ ရယ်စရာပါ။

ပြီးတော့ လူတွေဟာ ကိုယ့်အလုပ် ကိုယ်လုပ်စားနေသူတွေက အများစုပါ။ ဒါပေမဲ့ လူတန်းစားပျက်တွေဟာတော့ လူလိမ်တွေ လူကောက်တွေ၊ လူရှုပ်တွေက များမှများပဲ။ (မိမိကြုံတွေ့နေရတဲ့မြို့ပြမှာပါ)

လူတွေဟာ လည်တာနဲ့ လိမ်တာလည်း မကွဲကြဘူး။ လိမ်သူကလည်း သူ့ကိုယ်သူ လည်တယ်ထင်တယ်။ လိမ်တာကိုပဲ လည်တဲ့ပမာ ထပ်ဆင့်လိမ်ညာ ညာဝါး ခရီးသွားနေသူတွေများလဲ မြို့ပြမှာ များမှများပါ။

တကယ်က လူဟာ လိမ်စားတဲ့အဆင့်ကို (အနိမ့်ဆုံး) ကျော်လွန်လုပ်စားနိုင်တဲ့ အရည်အချင်းတော့ အောက်ထစ်ဆုံးရှိရပါ့မယ်။ ခုတော့ ဒီအဆင့်တောင် မမီသူက သူခိုးက လူလူပြန်ဟစ်ကာ ပညာသည်ပမာ ပြောဆိုနေတာတွေဟာ လောကကြီးမှာ တစ်ပုံပါ။ လိမ်တဲ့ပညာမှာတော့

တစ်ဖက်ကမ်းခတ် တွေပါ။ ကမ်းကုန်တွေပါ။ လိမ်သူဟာ သိပ်ကြောက်စရာ ကောင်းပါတယ်။ သူတို့မှာ ဘာတန်းမှ မရှိပါ။ သူတို့ စားချင်သောက်ချင် လိုချင်တာရဖို့ ဒါပဲ အဓိကပါ..။ တစ်ဘက်မှာ ဘာဖြစ်သွားမယ်ဆိုတာ လည်း သူတို့ လုံးဝထည့်မစဉ်းစားပါဘူး။

ဘာမဆိုပြောဝံ့ လုပ်ဝံ့သူတွေသာပဲ ဖြစ်ကြပါတယ်။ လိမ်သူတွေ ဟာ သိပ်ကိုရက်စက်ပြီး အံ့စရာလည်း သိပ်ကောင်းတယ်။ သူတို့ဟာ လူမဟုတ်ကြဘူး။ တိရစ္ဆာန်ထက်လည်း ယုတ်တယ်။ ပြီး.. မိစ္ဆာကောင် လည်း ဟုတ်တယ်။ ကောက်ကျစ်တယ်။ ဒီကောက်ကျစ်စဉ်းလဲတာ လောက် အောက်တန်းကျတာ၊ ကြောက်စရာကောင်းတာ မရှိပါဘူး။

သူတို့ဟာ လူ့လောကကို လူယောင်ဆောင် ရောက်လာခဲ့ပြီး လူတွေရဲ့ အကျိုးစီးပွားမှန်သမျှ ဆန့်ကျင်ချေဖျက်နေသူတွေသာ ဖြစ်ကြ ပါတော့တယ်။ ဘာကျေးဇူးမှ မထောက်။ ဘယ်လောက် ကျွေးကျွေး ခွေးကမှ အမြီးနဲ့ဖော် ရသေးတယ်။ အဲဒီလူ လိမ်ဆိုသူတွေကတော့ ဒါလေး လောက်ပဲ ငါရသေး။ နည်းလှပါသေးတယ် ဆိုတာမျိုးတွေပါ။ တကယ့် အံ့စရာပါ။

လူမှာ အသဲနှလုံးတို့ ဘာတို့နဲ့ လူ့ခန္ဓာကိုယ်ကို တည်ဆောက်ထား ပါတယ်။ သူတို့ကတော့ တကယ့်ကျောက်ခဲကျောက်သားနဲ့ တည်ဆောက်ထား တဲ့ပမာ အယုတ်တမာ ပါရမီကလည်း ပြည့်လှပါတယ် ဆိုသူမျိုးတွေပါ။ မိမိ တုန်လှုပ်ဖွယ်ရာ ရင်သပ်ရှုမော အံ့ဩမကုန်၊ ကြုံရဆုံရ ဘုံဘဝပါလေ။ ဒါပေမဲ့ (ဆင်ခြင်ရပါတယ်) စကားပုံတစ်ခုမှာတော့..

'အချိန်အခါကောင်းလေးတွေကို အလစ်သုတ်ပြေးတတ်တဲ့
သူခိုးတစ်ယောက်ရှိတယ်.. ဒေါ်သတဲ့..'

*(ဂျုံးအန်လန်းဒဲန်)*

မယုံရင် ပုံပြင်မှတ်ပါ။ လောကမှာ အံ့စရာရယ် ကျေးဇူးရှိက

ကျေးဇူးပဲတာ..။ ယုံကြည်ခဲ့လေ ခံရလေမျိုးပါ။ ထားပါတော့..၊ ဆိုခဲ့သလို မိမိဟာ တရားမျှတလွတ်လပ်မှုကို သိပ်ကြိုက်တယ်။ သိပ်လည်း လိုလားတယ်။ ဒီစိတ်နှလုံး အမြဲရှိတယ်။ တစ်ဖက်သားကို တခုပြောမယ် လုပ်မယ်ဆိုရင် အသိစိတ်မှာ ဒါက အမြဲရှိတယ်။

ဒီအထဲမှာ မိမိနဲ့ အသိဆိုပါတော့..၊ အရပ်က ရှေ့နေတစ်ယောက် ကြုံဖူးတယ်။ ပတ်သက်ကြည့်တော့ မျက်လုံးကအစ စဉ်းလဲကောက်ကျစ် လွန်းလှတယ်။ ဘာတစ်ခုမှ ပွင့်လင်းရိုးသားမှု မရှိရုံမက အတ္တနောမတိတွေနဲ့အတူ သူ့ကိုယ်သူ နှယ်ပတ်ရင်းနဲ့ အတ္တပီကာ ဘဝတော်ပြတ်ပွေလိမ် ရှုပ်နေတာ တွေ့ခဲ့ရပါတယ်။

တကယ်က စာရေးဆရာပဲဖြစ်ဖြစ်၊ ရှေ့နေပဲဖြစ်ဖြစ် လူကြည်ညို အောင် လုပ်ဆောင်ပြီး ရှေ့ဆောင်ရှေ့ရွက် စံနမူနာပြ နေကြသူတွေပဲ ဖြစ်ကြပါတယ်။ အဲဒီထဲက သုံးယောက်လောက် တွေ့ဖူးတယ်။ တစ်ယောက်က အပြင်စီးပွားရေးလုပ်ပြီး မိမိကို မှန်ကန်တဲ့အကြံဉာဏ်တွေ ပေးတတ်သူပဲ ဖြစ်ပါတယ်။ နောက်တစ်ယောက်ကတော့ အများအကျိုး ဆောင်ထက်မက ဆောက်ရွက်ရင်း နောက်ဆုံးမှာ ထောင်ကျ လိုင်စင် ပြုတ်သွားခဲ့သူပဲ ဖြစ်ပါတယ်။ နောက်တစ်ယောက်ကတော့ မဟုတ်မခံစိတ် ရှိလှတယ်။

ပြီး.. မိမိတို့စာပေနဲ့ ပတ်သက်တဲ့ကိစ္စ (မိမိတို့အတွင်းရေး)ကို အပြင်လူကို မပြောချင်သေးတာလဲ ပါပါတယ်။ ဖြစ်စဉ်က မိမိပြောရရင် ကိုယ့်ပေါင် ကိုယ်လှန်ထောင်းသလို ဖြစ်နေမှာပါ။ ဒါကို နည်းနည်းပြောရရင် မိမိတို့မိသားစုဟာ စာပေကို ဝါသနာလည်း မပါကြပါဘူး။ လုပ်နိုင်စွမ်းလည်း မရှိကြဘူး။ ဒါပေမဲ့ မိမိမှာသာ အရမ်းကို စာပေဝါသနာပါသူ ဖြစ်နေခဲ့ပါ

တယ်။ တစ်နေ့မှာ မိမိ ထောင်ကလွတ်အပြန် အဲဒီတစ်နေ့မှာ ပတ်သက်ခဲ့သူ တစ်ယောက်၊ သူနဲ့တွေ့တော့ စာပေအလုပ်တူတကွပြောဆို လုပ်ခဲ့ကြမယ်။ ငွေကြေးထက် အနာဂတ်အတွက် လုပ်သင့်တာ လုပ်ကြမယ်ပြောပြီး လုပ်ကြတယ်။

အဲဒီမှာ ဖျက်တဲ့လူနဲ့ သူ့အရည်အချင်း မရှိတာနဲ့ ကာလဒေသရဲ့ ပုံစံပြတာခံရပါတော့တယ်။ ဆိုတော့ (အရေပါးသူ) သူမခံနိုင်။ ပြီး‥ သူ့ကိုဖျက်သူက သူ့ဘက်သူယက်တော့ မိမိနဲ့ လုပ်ထားတဲ့ စာပေအလုပ်ကို ဖျက်ပြီး ဘယ်၍ဘယ်မျှကို ငွေပြန်ပေးဖို့ရယ် ဆိုခဲ့တယ်။ တကယ်တမ်းက မိမိက စာမူခဘာညာတောင်းရ ပြောရမယ့်ကိစ္စပါ။ တကယ်က အမြဲတမ်း လုပ်သွားဖို့ သဘောတူထားတဲ့ အလုပ်အကိုင် ကတိကို သူဖျက်တာပဲ။ ဒီတော့မှ သူက ကြိုတင်ပြင်ဆင်ထားတဲ့အတိုင်း (ယခင်)က ငွေပေးငွေယူ ဘာစာချုပ်မှ မရှိခဲ့တာ။ ဒါကို သက်သေခံ (ယခင်) ရ.ဝ.တ ကို ငွေပေး ဘာစာချုပ်မှ မရှိတာက ဒါကိုသက်သေခံရ‥၊ တကယ်က မိမိက အမှုဖွင့်ရမှာ။ ဒါပေမဲ့ သူတို့ဟာသူတို့ အမှုလုပ်‥ခု‥သူတို့က အလှူခံ ငွေရနဲ့၊ ဆင့်ခေါ်။ မိမိက ပေးနိုင်သလောက် ပြန်ပေးဖို့ပြော၊ လက်မှတ်ထိုး၊ ဒီလိုနဲ့ လတ်တလော မပေးဖြစ်နိုင်တော့ ဒီစာကို တစ်ဖန် သက်သေထားကာ ရုံးမှာ အမှုထပ်ဖွင့်ပြီး ဆင့်ခေါ်။ မိမိက ရှေ့နေပြန်ငှား ရှေ့နေက လိုင်စဉ် ပြုတ်နေ‥၊ တပည့်မွေးစားနေသူ ဒီကမှ ရာဇဝတ်အမှုဖြစ်မယ့် အရေးက တရားမမှုဖြစ်အောင် မနည်းလုပ်ခဲ့ရတယ်။ ယခု အမှုလုပ်ခဲ့သူ သူတို့တွေ ပြုတ်ပျက်ပြီး ဘယ်တွေရောက်ကုန်ကြပြီလဲ မသိတော့ပါ။

ဒါပေမဲ့ သူတို့ လုပ်ရပ်က ခုထိ မိမိ အမှုရင်ဆိုင်နေရတုန်းပါ။ ဆိုပါတော့ အဲလိုနဲ့ တရားရုံးရောက်တော့ ရုံးတော်က သူ့ကို အနိုင်ပေးခဲ့တယ်။ မိမိတို့ရဲ့ မိသားစုကို စော်ကားတာတွေ ကျေးဇူးတရား ချေဖျက်တာတွေ အကုန်လုံးဟာ စော်ကားချက်နဲ့ လီဆယ်လုပ်ကြံကာ ပြောဆိုလုပ်ကိုင်ခဲ့တယ်။

တကယ်တော့ စာပေနဲ့ပတ်သက်တဲ့ ကိစ္စပါ။ စာပေနယ်မှာ ထုတ်ဝေသူနဲ့ စာရေးဆရာ၊ ထုတ်ဝေသူက မထုတ်ချင်ရင် ဘာဖြစ်တယ်။ စာအုပ်ဖြန့်ပြီးရင် ငွေရရေးမှာ ဘာဖြစ်တယ်ဆိုတာ အားလုံးအသိပါ။ ခုမသက်ဆိုင်တဲ့ တခြား နယ်ပယ်မှာ သွားလို့ တရားခံဘဝနဲ့ ရင်ဆိုင်ဖြေရှင်းလို့ နေရတော့တယ်။ မိမိမှာ အားနည်းချက်က မိသားစုအလိုက် ပါဝင်နိုင်မှုမရှိနိုင်တာပါ။ ပြီး… အားလုံး ရပ်တည်ဖို့အတွက် တခြားအလုပ်များတာ ငွေကြေးမပြေလည်တာ။ မိသားစုဘဝ ကြီးလေးတာတို့တွေကြောင့် ထင်တိုင်းလက်တုံ့မပြန်နိုင်ခဲ့တာ။

ဒါ့ပြင် မိမိမှာ မိတ်ဆွေကောင်း မရှိခဲ့တာတို့တွေကြောင့် ခံစစ်ကို အရှည်ဆွဲပြီး အမှုကိုရင်ဆိုင်ဆင်နွှဲ နေခဲ့ရပါတယ်။ တစ်ဖက်က ငွေကြေးရှာရတယ်။ တစ်ဘက်က စစ်ကူများရလာမလားရယ်..၊ တစ်ဘက်က ရဲဘော်ရဲဘက် မိတ်ဆွေများ ပေါ်လာမလားရယ်ပါ။ ခံစစ်ကာလ တည်ဆောက်နေခဲ့ရတယ်။ အဲဒီအချိန်မှာပဲ ဂျာနယ်မှာ သတင်းတစ်ခုပါလို့ လာခဲ့ပါတယ်။ အဲဒါ မိမိ ထပ်ဆင့်ဖော်ပြလိုက်ပါတယ်။

ပြီး နောက်ထပ်သတင်းတစ်ပုဒ်လဲ ထပ်ပါလာခဲ့ပါတယ်။ အဲဒါကိုပါ ဖောက်သည်ချပြီး ပေါင်းစု တင်ပြလိုက်ပါရစေ..။

**'ပုံနှိပ်စက်နှင့် ထုတ်ဝေစာများ ဥပဒေရှေ့နေချုပ်ရုံးသို့ တင်ပြထား'**

ပြန်ကြားရေးဝန်ကြီးဌာနမှ မီဒီယာလုပ်ငန်းဆိုင်ရာ ဥပဒေကို ရေးဆွဲပြီးသွားသောကြောင့် ရှေ့နေချုပ်ရုံးသို့ တင်ပြထားကြောင်း ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက 7 Day News သို့ ပြောသည်။

'မီဒီယာလော (Media Law) မဟုတ်ဘူး…၊ အဘတို့ ရေးထားတဲ့ဟာက Printing Presses & Publications Law (ပုံနှိပ်စက်နှင့် ထုတ်ဝေစာများဥပဒေ)လို့ ခေါ်တယ်…၊ အဲဒါ အဘတို့အပိုင်းက ရေးပြီးပြီ…။ ရှေ့နေချုပ်ရုံးကို တင်ထားတယ်' ဟု ဇန်နဝါရီလ (၂၂)ရက်က ဗိုလ်တထောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၆)တွင် ကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်၌ ထုတ်ဖော်ပြောဆိုသည်။

အဆိုပါဥပဒေ ပေါ်ပေါက်လာရန် လုပ်ငန်းစဉ် အဆင့်ဆင့်များ ကျော်ဖြတ်ပြီးမှသာ လွှတ်တော်မှ အတည်ပြုပေးမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

'အာဆီယံနိုင်ငံတွေရဲ့ ဥပဒေတွေကိုလည်း လေ့လာတယ်။ အခြားသော ပတ်ဝန်းကျင် နိုင်ငံရော၊ အခြားသော ကမ္ဘာ့နိုင်ငံတွေကရော ဥပဒေတွေ အားလုံးကို လေ့လာတယ်။ ကိုယ့်နိုင်ငံရဲ့ ပကတိအရှိတရား ဆိုတာ ပစ်ပယ်လို့ မရဘူး။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လက်ကို လက်ခံရမယ်။ အဲဒီပကတိအရှိတရားနဲ့အညီ ကိုယ့်နိုင်ငံအတွက် အကောင်းဆုံး၊ အသင့်မြတ်ဆုံးဖြစ်အောင်၊ နိုင်ငံတကာစံတွေထက်လည်း မနိမ့်ကျအောင် ရေးထားတယ်။ စာပေလောကသားတွေရဲ့ လွတ်လပ်မှုအတွက်ကို အဲဒီဥပဒေက အာမခံ ပေးထားပါတယ်'ဟု ၎င်းက ဆက်လက် ပြောကြားသည်။

လွတ်လပ်ခွင့်ရှိသကဲ့သို့ တာဝန်ယူမှုနှင့် ဆင်ခြင်တုံတရား၏ အနက်အဓိပ္ပါယ်ကို သေသေချာချာ ဆန်းစစ်လေ့လာကာ အနာဂတ်စာပေလောကတွင် ဆက်လက်ဆောင်ရွက်သွားသင့်ကြောင်း ၎င်းက ပြောသည်။

ပြီး… နောက်သတင်းတစ်ပုဒ်

'တရားရေးမဏ္ဍိုင်တည့်မတ်ခိုင်မာနေဖို့ ပြည်သူလူထုကို တရားဥပဒေစိုးမိုးမှုဖြင့် ကာကွယ်ပေးနိုင်ဖို့အတွက် မီဒီယာတွေက တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို ပူးပေါင်းကူညီဖို့ လိုအပ်ပါသည်။ အရင်က ငွေများ တရားနိုင်ဖြစ်ခဲ့တဲ့ ဖြစ်စဉ်တွေရှိခဲ့ပါတယ်။ ပြည်သူတွေက သနားဖို့ကောင်းပါတယ်။ အဲဒီအတွက် ဥပဒေနဲ့မကိုက်ညီဘဲ အဂတိ လိုက်စားတယ်လို့ ယူဆလို့ရရင် တရားသူကြီးတွေကို တရားစွဲဆို အရေးယူနိုင်မယ့် ဥပဒေ ပေါ်ပေါက်လာဖို့ လွှတ်တော်မှာ အောင်မြင်အောင် တင်ပြဆွေးနွေးသွားပါမယ်'

'ပြည်သူ့လွှတ်တော်တွင် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဖွဲ့စည်းပြီးနောက် ဒေသအသီးသီးမှ တရားစီရင်ရေးနှင့်ပတ်သက်သည့် တိုင်ကြားစာ ၆၇ စောင် တိုင်ကြားလာကြောင်းသိရ'

ပြည်သူ့လွှတ်တော်တွင် တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီဖွဲ့စည်းပြီးနောက် ဒေသအသီးသီးမှ တရားစီရင်ရေးနှင့် ပတ်သက်သည့် တိုင်ကြားစာ(၆၇)စောင် တိုင်ကြားလာကြောင်း ဒီဇင်ဘာလ (၂၉)ရက်နေ့က မီဒီယာများနှင့် တွေ့ဆုံပွဲတွင် တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီ ဥက္ကဋ္ဌ သူရဦးအောင်ကိုက ပြောကြားခဲ့သည်။

'ပြည်သူ့လွှတ်တော်မှာ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဖွဲ့စည်းလိုက်ကြောင်း သတင်းထုတ်ပြန်တဲ့ အချိန်ကစပြီး ဒေသအသီးသီးက တရားစီရင်ရေးနှင့် ပတ်သက်ပြီး ဥပဒေနှင့် မညီညွတ်မှုများ၊ ဘက်လိုက်မှုကြောင့်ဟု ယူဆရသော နစ်နာမှုများအတွက် တိုင်ကြားစာတွေ

အဆက်မပြတ် ရောက်ရှိလာပါတယ်။ ယနေ့အထိ တိုင်ကြားစာပေါင်း (၆၉)စောင် ရောက်ရှိနေပါတယ်’ဟု ၄င်းက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ တင်ပြတိုင်ကြားစာများတွင် တရားမမှု ၂၉ မှု၊ ပြစ်မှုဆိုင်ရာ အမှု (၃၆)မှုနှင့် အသနားခံစာ (၄)စောင် ပါဝင်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ (၃၂)မှု၊ မန္တလေးတိုင်းဒေသကြီးမှ (၁၁)မှု၊ ဧရာဝတီတိုင်းဒေသကြီးမှ (၈)မှု၊ ပဲခူးတိုင်းဒေသကြီးမှ (၅)မှု၊ စစ်ကိုင်းတိုင်းဒေသကြီးမှ (၄)မှု၊ တနင်္သာရီတိုင်းဒေသကြီးမှ (၁)မှု၊ မကွေးတိုင်းဒေသကြီးမှ (၁)မှု၊ ရှမ်းပြည်နယ်မှ (၅)မှု၊ ချင်းပြည်နယ်မှ (၁)မှု၊ ရခိုင်ပြည်နယ်မှ (၁)မှုတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးမှ တိုင်ကြားမှု အများဆုံးဖြစ်ကြောင်း သိရသည်။

ကော်မတီသို့ ရောက်ရှိလာသည့် တိုင်ကြားစာများကို ဖတ်ကြားစိစစ်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးများနှင့် တွေ့ဆုံပြီး အမှုတွဲ (၆၀)ကို တရားလွှတ်တော်ချုပ်က ပြန်လည်စိစစ်ပြီး အရေးယူဆောင်ရွက်နိုင်ရန် လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ‘တိုင်ကြားစာများ ထိထိရောက်ရောက် တိုင်ကြားနိုင်ရန်နှင့် မည်ကဲ့သို့ တိုင်ကြားရမလဲ သိချင်ပါတယ်’ဟု မီဒီယာတစ်ခုမှ မေးမြန်းချက်အပေါ် ‘တိုင်ကြားတဲ့အခါမှာ သက်သေ အထောက်အထား ခိုင်မာမှုရှိရပါမယ်။ နစ်နာမှုရှိလို့ မတရားသဖြင့် ခံရလို့ဆိုပြီး တိုင်ကြားရင် ပြည်သူတွေ မနစ်နာအောင် လေ့လာစိစစ်ပြီး ဒေသအသီးသီးက တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းဆောင်ရွက်သွားမယ်။ အခုဆိုရင် တိုင်ကြားစာ (၆၀) ရှိပါတယ်။ ပြန်လည်စိစစ်ပြီးရင် ဆက်လက်

ဆောင်ရွက်စရာရှိတာတွေကို ဆက်လက်လုပ်ဆောင်သွားမှာပါ'ဟု တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီဥက္ကဋ္ဌက ပြောကြားခဲ့သည်။

**'ဥပဒေနှင့် မညီညွတ်ဘဲ အဂတိလိုက်စားပြီး စီရင်ချက်ချမှတ်သည့် တရားသူကြီးများကို အရေးယူနိုင်မည့် ဥပဒေကို ပြည်သူ့လွှတ်တော်သို့ တင်ပြ ပြဋ္ဌာန်းနိုင်ရန် စီစဉ်နေကြောင်းသိရ'**

ဥပဒေနှင့် မညီညွတ်ဘဲ အဂတိလိုက်စားပြီး စီရင်ချက်များကို ချမှတ်သည့် တရားသူကြီးများကို အရေးယူနိုင်မည့် ဥပဒေမျိုး ပြည်သူ့လွှတ်တော်သို့ တင်ပြ ပြဋ္ဌာန်းနိုင်ရန် စီစဉ်နေကြောင်း ဒီဇင်ဘာလ (၂၉)ရက်နေ့က မီဒီယာများနှင့် တွေ့ဆုံပွဲတွင် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုက ပြောကြားခဲ့သည်။

လက်ရှိကာလတွင် တည်ဆဲဥပဒေများ၌ ဥပဒေနှင့် မညီညွတ်သော အဂတိလိုက်စားပြီး စီရင်ချက်များကို ချမှတ်သည့် တရားသူကြီးများကို အရေးယူနိုင်မည့် ဥပဒေမျိုးသတ်သတ်မှတ်မှတ် ပြဋ္ဌာန်းထားခြင်း မရှိသေးသည့်အတွက် ထိုဥပဒေမျိုး ပြဋ္ဌာန်းနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

'တရားရေးမဏ္ဍိုင် တိမ်းစောင်းယိမ်းယိုင်နေမှုတွေမှာ တရားသူကြီးများသာ တာဝန်ရှိတာ မဟုတ်ပါဘူး။ တရားရေးအဝန်းအဝိုင်းမှာ ပါဝင်နေကြတဲ့ ဥပဒေဝန်ထမ်းများ၊ ရှေ့နေများ၊ တရားလို၊ တရားပြိုင်၊ တရားခံများ၊ တရားရုံးဝန်ထမ်းများနဲ့ အမှုပွဲစားများအားလုံးမှာ တာဝန်ရှိပါတယ်။ တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာမှုနဲ့ ပြည်သူလူထုကို တရားဥပဒေနဲ့ စိုးမိုးမှုဖြင့် ကာကွယ်ပေးနိုင်ဖို့အတွက် မီဒီယာတွေက တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို ပူးပေါင်းကူညီဖို့ လိုအပ်ပါတယ်။ အရင်က ငွေများတရားနိုင်ဖြစ်ခဲ့တဲ့ ဖြစ်စဉ်တွေ ရှိခဲ့ပါတယ်။ ပြည်သူတွေ

က သနားဖို့ကောင်းပါတယ်။ အဲဒီအတွက် ဥပဒေနဲ့ မကိုက်ညီဘဲ အဂတိ လိုက်စားတယ်လို့ ယူဆလို့ရရင် တရားသူကြီးတွေကို တရားစွဲ အရေးယူ နိုင်မယ့် ဥပဒေပေါ်ပေါက်လာဖို့ လွှတ်တော်မှာ အောင်မြင်အောင် တင်ပြ ဆွေးနွေးသွားပါမယ်'ဟု ဆက်လက်ပြောကြားခဲ့သည်။

မဏ္ဍိုင်သုံးရပ်ဖြစ်တဲ့ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့ တိမ်းစောင်းယိမ်းယိုင်မှု မရှိစေရန်အတွက် စတုတ္ထ မဏ္ဍိုင်ဖြစ်တဲ့ မီဒီယာတွေက စောင့်ကြည့်ထောက်မပေးနိုင်ဖို့ လိုအပ် ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံပွဲတွင် 'ပြည်ထောင်စု တရားသူကြီးချုပ် သက်တမ်းကို လွှတ်တော်သက်တမ်း၊ သမ္မတသက်တမ်းတို့အတိုင်း ပြုပြင်ဖို့ ရှိပါသလား'ဟု ပြည်တွင်းမီဒီယာမှ မေးမြန်းချက်ကို 'လက်ရှိအခြေခံ ဥပဒေမှာတော့ ပြည်ထောင်စုတရားသူကြီးချုပ်ရဲ့ သက်တမ်းကို အသက် (၇၀)အထိ သတ်မှတ်ထားပါတယ်။ အဲဒီလို အခွင့်ထူးခံမဖြစ်သင့်ဘူးလို့ ဝေဖန်အကြံပြုတဲ့စာတွေ လွှတ်တော်ကို ရောက်နေပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ပြေကြားရရင်တော့ သင့်လျော်တဲ့အချိန်မှာ ဥပဒေရေးဆွဲပြီး ပြင်ဆင်နိုင်ဖို့အတွက် လွှတ်တော်ကို တင်ပြသွားဖို့ရှိပါတယ်'ဟု ပြောကြား ခဲ့သည်။

ယခု တရားသူကြီးချုပ် သက်တမ်းကို ပြင်ထားပြီလို့ သိရပါ တယ်။ နိယာမပါ ပြုပြင်ပြောင်းလဲရတာ လောကဓမ္မတာပါ..။

မိမိမှာ အတွေ့အကြုံတွေရှိပါတယ်။ စာပေနယ်က စာပေမိတ်ဆွေ စာပေလုပ်သားရဲ့ တစ်ယောက်ရဲ့ မစမှုကြောင့် မိမိ ထောင်(၇)နှစ် ကျခဲ့ရဖူးပါတယ်။ ပြီး.. မိမိဟာ စာပေနဲ့ စာနယ်ဇင်းအဖွဲ့ ဝင်ထားခဲ့ပါ

တယ်။ တတ်အားသမျှလဲ ဝိုင်းဝန်းလုပ်ဆောင်ခဲ့ပါတယ်။ မိမိထောင်ကျသွားတဲ့အခါ မိမိအရေးနဲ့ ပတ်သက်ပြီး ပြောဆိုလုပ်ဆောင်ခဲ့တာ တစ်စုံတစ်ရာတော့ မတွေ့ခဲ့ရပါ။ ကောင်းတဲ့လူတစ်ယောက်ကို ဒီမကောင်းတဲ့လူလိမ်တစ်ယောက်က မကောင်းတာလုပ်လိုက်တာနဲ့ မကောင်းသူ ဖြစ်ခဲ့ရတယ်ဆိုတာပါ။ မိမိ ဝမ်းမနည်းပါဘူး။ ခုလည်း စာအုပ်ထုတ်ဝေကြေရာက လုပ်ငန်းစည်းကမ်းကို ဖောက်ဖျက်ပြီး တလွဲတခြား တရားရုံးနဲ့ ငွေပေး ဖြေရှင်းအနိုင်ယူဖို့ ကြိုးစားသူ အပေါ်မှာ မိမိဟာ တပြန်တစ်ဖန် စာပေစည်းမျဉ်းဥပဒေနဲ့ ပြန်လည်ဖြေရှင်းနိုင်တော့မယ် ထင်မိလိုက်ပါတယ်လေ။ မှန်တာကိုမှားတာ အဖြစ်မခံနိုင်ဘူး။ အနိုင်အထက်ပြုတာကိုတော့ ခေါင်းငုံ့အရှုံးမခံနိုင်ပါဘူး။ မိမိသမိုင်းမှာ အမည်းစက် တင်မခံနိုင်ဘူး။ မှားတာကို မှန်သူကအရှုံးပေးရင် မိမိသမိုင်းသေသွားမယ်။ အမှန်က အမှားဖြစ်သွားရလိမ့်မယ်။ မှန်တာအတွက် တိုက်ရမယ်။ လောကဟာ ရပ်တန့်နေရိုး ထုံးစံမရှိပါလေ…။

ပုံပြင်တစ်ပုဒ်ရှိပါတယ်။ ခုတ်ရာတခြား ရှရာတလွဲဆိုတာပါ။ မိမိလုပ်ကိုင်လိုတဲ့ ကိစ္စလုပ်မရဘဲ ဆန္ဒနဲ့လက်တွေ့ တစ်မျိုးစီဖြစ်နေတာပဲဖြစ်ပြီး ရည်ရွယ်ချက်ကတစ်မျိုး၊ အကောင်အထည်ပေါ်လာတာက တစ်မျိုး၊ အလွဲလွဲ အချော်ချော် ဖြစ်တတ်တာကို ဆိုပြုထားခဲ့တာပဲ ဖြစ်ပါတယ်။

လယ်သမား၊ ယာသမားတို့ဟာ သစ်ခုတ်ရာမှာ။ ပြီး‥ ထွန်သွားနဲ့တကွ၊ ထွန်တုံး ထယ်တုံး ထမ်းပိုး စတာတို့ကို ခုတ်ထစ်ရာတွေမှာ မိမိတို့ရဲ့ ရည်ရွယ်ချက်အတိုင်း မတည့်မတ်ဘဲ လွဲချော်ပြီး ခုတ်မိသွားတာလို့ဆိုလို တာပဲဖြစ်ပါတယ်။

အလားတူပဲ စကားပုံတစ်ချို့မှာတော့ ခါးတောင်းကျိုက် တခြား ဖင်တလွဲ ဆိုတာမျိုးလဲရှိပါတယ်။ အစီပွါယ်မှာ အလုပ်လုပ်ကြသူ မှန်သမျှတို့ဟာ အလုပ်ကို လုပ်ကြတဲ့အခါမှာ ပင်ပန်းဆင်းရဲပြီး အကျိုးမဲ့ မဖြစ်ကြစေဖို့ရာ၊ လွဲမှားမှု၊ မရှိစေဖို့ရာ ဆုံးမထားတာဘဲ ဖြစ်ပါတယ်။

တလွဲဆံပင်ကောင်း မဖြစ်ကြစေဘဲ မှန်မှန်ကန်ကန် ရိုးရိုးသားသား လုပ်ကိုင် ရပ်တည်သွားကြစေဖို့ရာအမှုကို ဥပဒေသပြုထားခဲ့တာပဲ ဖြစ်ပါတယ်။ နောက်မှတ်သားစရာ ပုံပြင်က အရင်းစစ်အမြစ်မြေက ဆိုတာပဲ ဖြစ်ပါတယ်။ အဲဒီစကားပုံကတော့ တရားဆုံးဖြတ်ရာမှာပဲဖြစ်ဖြစ်၊ မျိုးသန့်လူကောင်း ကို ရွေးချယ်ရာမှာပဲဖြစ်ဖြစ် သတိပြုဖို့ရာ ပြဆိုထားတဲ့စကားပဲ ဖြစ်ပါတယ်။

လူတစ်ဦး တစ်ယောက် ကောင်း၊မကောင်းနဲ့ မျိုးရိုးအရင်းအမြစ်ကို စစ်ဆေးဖို့ရာ ပြဆိုလို့ထားခဲ့တာပဲ ဖြစ်ပါတယ်။

ရှေးအခါက တောင်သူယာသမားကြီးတစ်ယောက်က မိမိပိုင် မြေယာ ကွက်မှာ အနွယ်မျိုးဖြစ်တဲ့ သခွားပင်တွေကို စိုက်ပျိုးထားခဲ့ပါတယ်။ အဲဒီ သခွားပင်တွေမှာ ကြီးထွားသန်မာလာရုံမကပါဘူး အခြားတစ်ယောက်ပိုင် ယာခင်းထဲဆီသို့ စည်းရိုးကနေ ကျော်တက်ပြီးတော့ အသီးတွေသွားသီးလို့ နေခဲ့ကြပါတယ်။

မိမိမစိုက်ရဘဲ အဲဒီလိုသီးလာတဲ့ သခွားသီးတွေကို တစ်ဖက် စည်းရိုး ထဲက ယာသမားက ဆွတ်ခူးပြီး ရောင်းချ စားသောက်ခဲ့ပါတယ်။ ဒါကို မူလစိုက်ထားတဲ့ ယာသမားဟာ မခံမရပ်နိုင် ဖြစ်ခဲ့ရပါတယ်။

အဲဒီသခွားသီးနဲ့ပတ်သက်ပြီး သူပိုင်၊ ငါပိုင် ဆိုပြီး ငြင်းခုံစကားများကြပြီးတော့ ရုံးကိုရောက်ခဲ့ပါတယ်။ ဒါကို အောက်လက်ရုံးမှာ ဆုံးဖြတ်လို့ မရခဲ့တော့ အမှတ်တစ်ယောက် အုပ်ချုပ်တဲ့ရုံးသို့ ဆုံးဖြတ်ချက်ပေးဖို့ရာ နှစ်ဦးသဘောတူ လျှောက်ထားခဲ့ကြပါတော့တယ်။

တရားသူကြီးအမတ်ကလည်း ဘယ်သူက စိုက်ပျိုးပြီး ဘယ်သူက မဆိုင်ဘဲ ဆွတ်ယူစားသောက်ပါသလဲလို့ မေးမြန်းစစ်ဆေးခဲ့ပေမယ့် အမှန်အကန်ဆီသို့ မရောက်ခဲ့တာကြောင့် အဆုံးအဖြတ် မပေးနိုင်ခဲ့ပြန်ပါဘူး။

ဒါကြောင့် တရားသူကြီးအမတ် ကိုယ်တိုင် သခွားပင်တွေရဲ့

အခြေအနေကို လိုက်လံကြည့်ခဲ့ပါတော့တယ်။ အဲဒီမှာ မူလစိုက်ပျိုးတဲ့သူနဲ့သာ လုံးဝသက်ဆိုင်နေတာ၊ စည်းရိုးပေါ်က ကျော်တက်ပြီး တစ်ဖက်ရဲ့ ယာကို ကျရောက်နေခဲ့တာကို တစ်ဖက်ရဲ့လူက ဆွတ်ယူရောင်းချ သုံးစွဲခွင့်မရှိတာကို သိသာဆုံးဖြတ်ခဲ့တာကြောင့် အရင်းစစ် အမြစ်မြေက ဆိုတဲ့အဆုံးအဖြတ်နဲ့အတူ သခွားသီးတွေကို စိုက်ပျိုးရင်းဖြစ်တဲ့ မူလယာသမားကို ပိုင်ဆိုင်စေဖို့ ဆုံးဖြတ်ခဲ့ပါတော့တယ်။

ဒီပုံပြင်ကို အခြေခံထားပြီးတော့ ရှေးပုဂ္ဂိုလ်တို့ဟာ မူလအရင်းအမြစ်ရိုးရာတွေကိုလိုက်ပြီး မင်းမြှောက်ရမယ့်သူကိုဖြစ်ဖြစ်၊ အခြား အမှုထမ်းတွေကိုပဲဖြစ်ဖြစ်၊ အဆက်အနွယ်မှန် မမှန်ကို သေသေချာချာ စစ်ဆေးပြီးတော့မှပဲ သက်ဆိုင်ရာအမှုကို ထမ်းစေခဲ့တတ်ကြပါတော့တယ်။

ဗုဒ္ဓဝင်၊ မဟာဝင်၊ ရာဇဝင်၊ ဇာတ်နိပါတ်၊ ကျမ်းဂန် အရပ်ရပ်တို့မှာ အဲဒီလိုပဲ လာခဲ့ပါတယ်…။ ဒီပုံနဲ့ အလားတူပဲ မျက်ခမ်းမြင်တာနဲ့ တော့ ကြွားမှန်းသိ။ ပါးစပ်လှုပ်တာနဲ့ အူမြင်ပြီ။ အသွားမြင် အသွင်သိ၊ အပွေးမြင် အပင့်သိဆိုတဲ့ စကားပုံတွေလဲ ရှိပါသေးတယ်။

ဒီပုံကိုထောက်ပြီးတော့ မိမိရဲ့ အံတွင်းလူယုံတော်ကိုအဖြစ် ခန့်အပ်ရာမှာပဲဖြစ်ဖြစ်၊ ပစ္စည်းဥစ္စာတွေကို အုပ်ထိန်းစေရာမှာပဲဖြစ်ဖြစ်၊ ပြီး ရာထူးကြီးတွေကို ခန့်ပေးထားအပ်တဲ့ အရာမှာပဲဖြစ်ဖြစ်၊ မျိုးရိုးဇာတိမှန်ပြီး သေချာစိတ်ချရတဲ့ ရိုးသားဖြောင့်မှန်သူတွေကို ရွေးချယ်ပြီး ထားသင့်တယ် ဆိုကြောင်းပါလေ…။ ရိုးသားမှန်မှုက အဓိကပါ…။

"ဘယ်ခေတ်ပဲ ဖြစ်ဖြစ်၊ ရွှေခေတ်လို့ အဓိပ္ပါယ်ဖွင့်ချင်ရင် ကိုယ်တိုင် ပတ်သက်ခဲ့ဖူးတဲ့ကာလ ဖြစ်ရမယ်"

*(တရားသူကြီး အန်တော်နီအစ်းကနေဒီ)*

**** **** ****

# ၅။ အယူတော်မင်္ဂလာ ရုပ်ပုံလွှာ

တစ်ခါက ဖြစ်ပါတယ်။

ဘဝရှင်မင်းတရားကြီးက ရွှေလွှတ်တော်သို့ ထွက်တော်မူပြီးတော့ လက်ထက်တော် ကုသိုလ်တော် နေ့စဉ်မှတ်တမ်းမှာ ကောင်းမှုတော်စာရင်းတွေကို ဖတ်လျှောက်ပြီးတော့ ကြည်ညိုတော်မူခဲ့ပါတယ်။

အဲဒီမှာတော့ အယူတော်မင်္ဂလာတိတ်နိမိတ်ဆောင် တဘောင်ကောက်ချက်စနည်းထွက်စကို လျှောက်တော်စခန်းနဲ့ ပတ်သက်တဲ့အရာမှာ ပါရှိလေတော့ အရှင်မင်းတရားကြီးဟာ အယူတော်မင်္ဂလာကို မေးတော်မူပြန်တာက အယူတော်မင်္ဂလာဟာ ယခုလောကမှာ ဆန်းကြယ်ထူးလည်းဖြစ်ပွားမည့် တရားဟူက တဘောင်စနည်းနဲ့ချည်းပဲ ဖြစ်ချေတယ်။

အဲဒီလို အသီးသီး စနည်းတဘောင် ပေါ်ထွက်နိုင်တဲ့သူဟာ နောက်ကာလ မောင်မင်းးမရှိချေ။ ဘယ်သူရဲ့ စကားဟု အမှန်ဖြူပြီးတော့ ဂရုမူရစ်ရမလဲလို့ မေးတော်မူခဲ့ပါတယ်။ အဲဒီအခါမှာတော့ အယူတော်မင်္ဂလာဦးနိုးက သံတော်ဦးတင်ပါတယ်။

ရွှေနား ဆင်တော်မူပါဘုရား....

ဘုရားဘုန်းတော် ကျွန်း မရှိတဲ့နောက် ဟာသဆရာ ပညာသည်တို့ရဲ့ စကား။ ဖွားမြောက်တာမှ ပံသုကီဠနဖြစ်တဲ့ မန္တဒသကရွယ်သူငယ်တို့ရဲ့ စကား၊ သူရူးတွေရဲ့စကား၊ အဲဒီသုံးဦးတွေရဲ့ စကားဟာ ဖြစ်မှုပျက်ဟိတ် ဟူသမျှတို့မှာ နိမိတ်ပါ တမ်းခွန်ပဲ ဖြစ်တယ်ဘုရား။ အဲဒီလို မှတ်ယူ လိုက်ပါကြောင်းကို ရွှေဖဝါးတော်မြတ်အောက်

ရှိခိုးသံတော်ဦးတင်ပါ တယ်ဆိုပြီး လျှောက်တင်ခဲ့ပါတယ်။ အဲဒီလို လျှောက်တဲ့စကားကို ဘဝရှင် မင်းတရားကြီးက သိပ်ကိုအားရ နှစ်ခြိုက်တော်မူတာကြောင့် ထပ်မံ မိန့်တော်မူတာကတော့…

'မောင်မင်းများ အယူတော်မင်္ဂလာ တင်လျှောက်တဲ့စကားကို နောက်သားနောင်လာတို့ အမြဲနှလုံးယူကျုံးဖွယ်ပြီး ထားကြရမယ်' မိန့်တော်မူလိုက်ပါတယ်။

သူ အဲသည်သူဟာ ရေးခဲ့တာတွေဟာ နန်းတွင်းသုံးပဲ ဖြစ်တော်မူတဲ့ မင်္ဂလာသရဖူကျမ်းနဲ့ ဗလိသြဃာ တိတ္ထုံကျမ်းရင်းအဆို သုံးပါးကာလ အဟီတကို ညီမျှဆက်ခင် ပမာတင်၍ ယှဉ်ခြင်းဆိုတဲ့ အတိတ်…။ အနာဂတ်မှာ ဖြစ်ပျက်ရာကို ပြလာကုံရှောင်းအကြောင်း၊ တစီ… တွေ့မြင်ဘိတယ် ဆိုတာကို နှိုင်းညှိဆင်ခြင်ပြီး သိရတာဆိုတဲ့ နိမိတ်…။

ရေးမှာဖြစ်လတ္တံ့ဆိုတဲ့ စိတ်ကို ဆောင်ပြီးတော့ ပေါ်လာတဲ့ သီချင်းတွေကို တဘောင်…။

ကာလ အကာလ် နှစ်ဥာနနဲ့ မိမိကြိုက်ညီစရာ အခါသမယတွေမှာ လိုအင်ခပ်သိမ်းကို နှိုင်းချိန်သိကျွမ်းရစေတဲ့ အကျိုးငှာ ဦးစွာပြောဆိုတာကို ကြားရတဲ့ ဇနဝါစတ မာဂဓ ဘာသာတွေရဲ့ အသံကို မှတ်နာယူခဲ့တာဟာ စနည်းလို့ ဆိုပါတယ်။

ဘုရားပုထိုး တန်ခိုးရောင်ခြည် မျက်ရည်ယိုထွက် ချွေးတော်သက်ပြီး နတ်စက်လောင်မီး ကျောင်းကြီးဇရပ် နန်းပြာသာဒ်မှာ ကျလပ်တုံလေလနန်းနွေတွင် ကြယ်စင်ကြယ်ခွပ် ရောစပ်တစ်မျိုး အခိုးတမ်းခွန် လွတ်တို့ ဟန်ဟာ ဖြစ်ရန်ပျက်ကြောင်း သဘောတည်း…။

ဆိုတဲ့အရာ ဥာနတွေမှာ ဣန္ဒ၊ အနိဋ္ဌ ကိစ္စကုန်စင် ဒိဋ္ဌမျက်မြင်ကဲ့သို့ ယှဉ်ပိုင်းခြား လွဲမှားမရှိ တတ်သိလိမ္မာ ထင်ရှားကျော်စော

လှစွာသော အယူတော်မင်္ဂလာ အမည်ရှိတဲ့ အမတ်ရဲ့အကြောင်းကတော့ ဒီပဲယင်းမြို့ စီရင်စု ကိုသန်းနယ် အဝင်အပေါ် ကြခပ်ရွာလျှင် ဖွားရာဇာတိ ရှိတဲ့ ၁၁၄၆ ခု၊ ၆၄ ခုနှစ်တွေမှာ စစ်တမ်းစာရင်း ပါဝင်တဲ့ အသည် ဝန်ကြီး မင်းကြီးမဟာကျော်ထင်ရဲ့ နှမ အမိ(မှမင်းလှ) အဖ(ဦးရွှေညို)တို့ရဲ့ သားပဲ ဖြစ်တယ်။

သူဟာ အမရပူရ ပထမမြို့တည် နန်းတည် အောင်မြေလောက စေတီတော်ဒါယကာ မဟာဓမ္မရာဇ်မင်းကြီး ရွှေတောင်တက်တဲ့နှစ် နေမျိုး လေခပျံ့ချိ ဘွဲ့အမည် အရည်နဲ့ သူကောင်းမြဲတာကို ခံရတဲ့ အမှာတော်ရေး မောင်နိုးပဲ ဖြစ်ပါတယ်။

အဲဒီ မောင်နိုးအမည်ရှိတဲ့ အမှာတော်ရေးအမတ်ရဲ့ မိခင်မမင်းလှ ဆိုသူပဲ ဖြစ်ပါတယ်။ သူမဟာ တရံရောအခါက ပုဏ္ဏားမိစေ ပြည့်သည့်နေ့ ဖြစ်ကာ ပန္နရသီ ဥပုသ်ကိုယူပြီးတော့ မကျိုးမပေါက် မပျောက်မကြား ရအောင် စောင့်ထိန်းပြီးတော့ သမထဝိပဿနာတွေကို သုံးသပ်ဆင်ခြင်ဆဲ အခါမှာတော့ ထိနမိဒ္ဓစေတသိက် နှောင့်ယှက်တာကြောင့် နေ့သုံးချက်တီး ကျော်အချိန်မှာ ခေတ္တမျှ အိပ်ပျော်ခဲ့လေတယ်။

အဲဒီအခါမှာတော့ အိပ်မက်မြင်တာကတော့ ဝတ်ဖြူစင်ကြယ် စလွယ်ကိုးဆင့် ဖြိုးမြင့်ကျက်ရေ·· ငွေခရုမြေဇာပန်း သပြေညှာ ညွှန့်လန်းနဲ့ တကွ ဗြာဟ္မဏဆရာတစ်ယောက်ဟာ အနောက်အရပ်က ကွန့်မြူးလာ ပြီးတော့ အနီးသို့ ရောက်တဲ့အခါမှာတော့ အဲဒီ မမင်းလှကို ပြောတာ ကတော့ 'ဒကာမကြီး အကျွန်ုပ်ဟာ တစ်ညဥ့်လောက် တည်းခိုပါရစေ' လို့ ခွင့်တောင်းခဲ့ပါတယ်။

အဲဒီအခါမှာလဲ မမင်းလှက မေးတာက 'ဆရာ ဆရာဟာ အဖော်မပါ တစ်ယောက်တည်း ကြွလာတာဟာ ဘယ်မြို့ ဘယ်နိဂုံးက နေပြီး အဘယ်မည်သောကိစ္စနဲ့ အဘယ်အရပ်သို့ ကြွမှာလဲလို့' မေးတော့

ဗြဟ္မဏမျိုးခြား ပုဏ္ဏားဆရာက ခုလို ပြန်ကြားခဲ့ပါတယ်။

'ဒကာမကြီး အကျွန်ုပ်ဟာ မဇ္ဈိမဒေသ မောရိယတိုင်းသား လေးပါးသော ပုဏ္ဏားမျိုးတွေဟာ ဗြဟ္မဏမျိုးစစ်၊ ပုရောဟိတ်လို့ နှစ်မျိုးတို့မှာလဲ ဗြဟ္မဏပရောဟိတ် ရာဇပုရောဟိတ်လို့ နှစ်ဌာနရှိရာမှာ မင်းတိုင်ပင်ခံတဲ့ ပရောဟိတ်မျိုးပဲ ဖြစ်တယ်။ အနွယ်အနေနဲ့တော့ ဒွိဟာပယ်ဖြတ်မဆိုတတ်ပါဘူး။ မျိုးဇာဟ်ကောဏ္ဍည အနွယ်ပဲဖြစ်ပါတယ်။ ယခုအမှန်လာတာကတော့ တိုင်းတိုင်းတကာတို့နဲ့ ဦးစွန်းကျွန်း ကျွန်းတကာတို့ရဲ့ ခွန်ဆက်အကျွန်ရဲ့ အသက်(၁၉)နှစ်နဲ့ ချိန်စက်ပြီးတော့ ကောဇာသက္ကရာဇ် သက်တူမျှ အရွေတော်တက်တဲ့ မင်းလက်ထက် ရောက်တဲ့အခါ ဌာနန္တရ ထူးခြားပေးသနားပြီး မြောက်စား သူကောင်းပြုတာကိုခံဖို့ရာ အမြန်လာရောက်ရမယ်လို့ အမိန့်တော်နဲ့ ဆင့်ခေါ်ခဲ့တာကြောင့် လာရခဲ့တယ်·· ဒကာမကြီး' လို့ ပြောပြလိုက်ပါတယ်။

ဒီတော့ မမင်းလှက မေးပြန်ကာ

'ဆရာ ယခုအသက်ဟာ ဘယ်လောက်ရှိပါပြီလဲ' စုံစမ်းမေးမြန်းပါတယ်။

အဲဒီမှာ···

'အကျွန်ုပ်အသက်မှာ တစ်ဆယ့်ကိုးနှစ်နဲ့ ချိန်စက်ပြီး ကောဇာသက္ကရာဇ် ဘက်တူမျှစွာ ရွှေတောင်တက်တဲ့ မင်းလက်ထက် ရောက်တဲ့အခါ ဌာနန္တရ ထူးခြားပေးသနားပြီး မြောက်စားသူကောင်း ပြုတာကို ခံဖို့ရာ အမြန်လာရောက်ရမယ်လို့ အမိန့်တော်နဲ့ ဆင့်ခေါ်တော်မူတာကြောင့်ပဲ လာခဲ့ရတယ် ဒကာမကြီး' လို့ ပြောလိုက်ပါတယ်။

ဒို့နောက် မမင်းလှ မေးပြန်တာက··

'ဆရာ ယခု ဆရာရဲ့ အသက်ရဲ့ ဘယ်လောက်ရှိခဲ့ပါပြီလဲ' လို့ မေးမြန်းပြန်ပါတယ်။

"ဒကာမကြီး အကျွန်ုပ်အသက်မှာ ပလ္လင်ရဲ့ အရှင်သခင်တို့ ဖွားတဲ့နေ့ကစပြီးတော့ ရေတွက်ရင် ပလ္လင်ပေါ် ထွက်တဲ့နေ့သို့တိုင်အောင်ပဲ အသက်ရှိပါပြီ" လို့ ပြောလိုက်ပါတယ်။ ပြီးတော့ သူ့ရဲ့နမအသည် ဝန်ကြီးနမ မမင်းလှဟာလဲ မျိုးကြီးဆွေကောင်း သမီးဖြစ်လေတော့ ထောက်ထားချင်စရာ ပညာဗဟုသုတ လိုလားတဲ့သူ… တရားကျမ်းဂန် ဆေဖန်ပိုင်းခြားပြီး သိကြားလိမ္မာလိုတဲ့ ဆန္ဒရှိတဲ့ အထုံအလျောက် ပါရှိတဲ့အလျောက် ဆွေးနွေးရွေးကောက်နိုင်းထောက် မေးမြန်းခဲ့တဲ့ သုတာဝုဓရှိလေရတော့… ခုလိုစဉ်းစားဆင်ခြင်မိပါတော့တယ်။

ဒီကနေ့ နံနက် ဥပုသ် အရပ်မှာ သီလခံယူစဉ်အခါ ငါတို့ဆရာဘုန်းတော်ကြီး ဟောတော်မူတာကို နာရတဲ့တရားမှာတော့ သဗ္ဗညုဝါဟမည်တော်မူတဲ့ ငါတို့ ဂေါတမရှင်တော်ဘုရားဟာ ကပိလဝတ်ပြည်ကြီး ရှင်ဘုရင်သုဒ္ဓေါဒနမင်းကြီးရဲ့ လက်ယာတော်ထား စုလျားနှောင်ရစ်ရှစ်တောင်ညာတင် ဘိသိက်ယင်၍ အရှင်မိဖုရားခေါင်ကြီးဖြစ်တော်မူတဲ့ မဟာမာယာဒေဝီ မယောသီမြတ် သိရိနှုတ်ဟာ ဓာအသမ္ဘိန်လျှံထိန် ထူးခြားသိဒ္ဓတ္ထမင်းသားကို သီဟာသနမင်းဖြို သက္ကရာဇ် ခြောက်ဆယ့်ရှစ်ခုနှစ်တွင် စွန့်ခြင်းကြီးငါးပါးနဲ့ အတိုင်းမသိတဲ့ စည်းစိမ်တော်မြတ် ထီးနန်းကို စွန့်ပြီးတော့ တောထွက်တော်မူခဲ့ပါတယ်။

သက္ကရာဇ် တစ်ရာသုံးခုနှစ်မှာ အပရာဇိတ ပလ္လင်တော်ဟာ ဗောဓိနှန်းအောက် ဆန်းကြယ်စွာ ပေါက်တယ်လို့ ငါတို့ ဆရာဘုန်းတော်ကြီး ဟောတော်မူတာ ထောက်ရင် အဲဒီဖြဟွဏာဆရာရဲ့ အသက်ဟာ ပလ္လင်သခင်ဖွားတဲ့နေ့ကကို ပလ္လင်ပေါ်ထွက်တဲ့ နေ့တိုင်အောင်သော နှစ်ပေါင်းရှိပြီ ဆိုတာဟာ သုံးဆယ့်ငါးနှစ်ဖြန်တာန်ရာတယ်လို့ ဆင်ခြင်မိလိုက်ပါတယ်။

ဒါကြောင့် မမင်းလှက ပြောတာကတော့ 'ဗြာဟ္မဏဆရာ ဆရာရဲ့ အသက်လည်း သုံးဆယ့်ငါးနှစ်မှန်ပါရဲ့လား' လို့ မေးတော့ ဗြဟ္မဏမျိုးခြား ပုဏ္ဏားဆရာကလဲ 'မှန်ပေတယ် ဒကာမကြီး' လို့ ဝန်ခံလိုက်ပါတယ်။

အဲဒီအခါမှာတော့ မမင်းလှက တစ်ဖန်ထပ်မံပြီးတော့ စစ်မေးတာကတော့ 'ဆရာ.. ဆရာရဲ့အသက် သုံးဆယ့်ငါးနှစ်မှန်ခဲ့ရင် အထက်က အဘယ်အရပ်သို့ သွားမယ်။ အဘယ်အရပ်က လာခဲ့ပါသလဲ' မေးစဉ်မှာတော့ 'ဒကာမကြီး အကျွန်တို့ရဲ့အသက် တစ်ဆယ့်ကိုးနှစ်နဲ့ ချိန်စက်ပြီးတော့ ကောဓာသက္ကရာဇ် ဘက်တူမျှစွာ... ရွှေတောင်တက်တဲ့ မင်းလက်ထက်ရောက်တဲ့အခါ ဌာနန္တရ ထူးခြားသနားချီးမြှင့်ပြီးတော့ သူကောင်းပြုတော်မူတာကို ခံဖို့ရာ အမြန်လာရောက်ရမယ် ဆိုတဲ့အမိန့်တော်နဲ့ ခေါ်တော်မူတာကြောင့် လာခဲ့ပါတယ်' လို့ ဖြေတော့...

'ဒါကိုတော့ အဘယ်ကြောင့် ဆရာပြောပါသလဲ' ထပ်မံမေးမြန်းတော့။ ဗြဟ္မဏဆရာက လက်ယာရစ်ခရုသင်းကို ကိုင်ပြီးတော့ အဲဒီမမင်းလှ ရှိရာဘက်သို့ လှည့်ပြီးတော့မှ အခြားစကားကို မဆိုတော့ပါဘူး။

'အနာဂတေ ဇာနိသာမိ အနာဂတေ ဇာနိသာမိ အနာဂတေ ဇာနိသာမိ' ဆိုပြီးတော့ ကြီးစွာသောအသံနဲ့ သုံးခွန်းကြွေးကြော်လိုက်ပါတယ်။ ပြီးတော့ ခရုသင်းနဲ့ မမင်းလှရဲ့ လက်ျာနံစောင်းကို ဖွင့်လှစ်ပြီး ဝင်ပါတယ်။

အဲဒီမှာ ကြောက်လန့်တကြားဖြစ်ပြီးတော့ မောကြီးပန်းဟိုက် သက်ကြီးရှိုက်ငင်နဲ့ ရုတ်တရက် နိုးခဲ့ပါတော့တယ်။

အဲဒီအခါမှာတော့ ဓမ္မရက္ခိတ ဖြစ်ကြတုန်တဲ့ ဉာဏ်သင်္ဂဟာ မိဘဘိုးဘွား စသူတွေက အဲဒီမမင်းလှဟာ အိပ်ရာက အလန့်တကြား

ယောင်ရမ်းပြီးတော့ ထမတဲ့အဖြစ်သို့ မြင်ကြရပါတယ်။

ဒါကြောင့် အုတ်အုတ်ကျက်ကျက်နဲ့ ရတ်တရက် လျှင်စွာထလာကြပြီးတော့ 'ဘာဖြစ်သလဲ'လို့ မေးမြန်းကြတဲ့အခါမှာတော့ သူမဟာ တလုံးတပါဒကမျှ ချတ်ယွင်းတိမ်းစောင်းတာမရှိဘဲ သေချာဂနစွာနဲ့ပဲ မိမိရဲ့ အိပ်မက်ကို ပြန်ပြီးပြောပြခဲ့ပါတယ်။

အဲဒီအခါမှာတော့ မိကြီးမိထွေး စတဲ့ ဉာတိသင်္ဂဟတို့ဟာ သိပ်ကို အံ့ညသွားခဲ့ကြတယ်။ ပြီး‥ တဘက်ပဝါတွေနဲ့ သုတ်ပြီးပေးကြပါတယ်။

ပြီး‥ အဲဒီအိပ်မက်ကို ဖတ်ဖို့ရာ သူတို့ငါတို့ စွမ်းနိုင်ရည် မရှိကြပါဘူး။ ဒါကြောင့် သူတို့ငါတို့ရဲ့ ကိုးကွယ်ရာ ဆရာဘုန်းတော်ကြီးနဲ့ပဲ သင့်လျော်တဲ့အရာပဲ ဖြစ်တယ်ဆိုပြီးတော့ မမင်းလှကို ဘုန်းတော်ကြီးထံ ခေါ်သွားခဲ့ကြပါတယ်။

အဲဒီအခါမှာတော့ ဘုန်းတော်ကြီးက‥‥

'ဒီအိပ်မက်အရ ခုလို မှတ်ကြပါ‥။ အနောက် မဇ္ဈိမဒေသ မောရိယတိုင်းသား ဗြဟ္မဏမျိုးခြား ပုဏ္ဏားဟာ သပြေ မြေဇာ မင်္ဂလာ အောင်ပန်းနဲ့တကွ လက်ျာရစ် ခရုသင်းကို ကိုင်ပြီးတော့ ရောက်လာတယ် ဆိုတာဟာ မိမိထက် မွန်မြတ်တဲ့ သူတွေရဲ့ ချီးမြှင့်တာ ခံရလိမ့်မယ်‥။

ပြီးတော့ အဲဒီပုဏ္ဏားရဲ့ ကိုင်စွဲလာတဲ့ ခရုသင်းနဲ့ သူငယ်မရဲ့ လက်ျာနံစောင်းကို ဖွင့်လှစ်ပြီးတော့ ဝင်တယ်လို့ မြင်တာကတော့ ဒါဟာ ဗြဟ္မဏဆိုတဲ့ ပါဠိကို ထောက်ပြီးတော့ မင်းဆရာဖြစ်တဲ့ လူသော် လည်းကောင်း၊ ကိန်းအောင်းသန္ဓေနေလတ္တံ့ပဲ ဆိုလိုက်ပါတယ်။

ပြီးတော့မှ‥‥

'ဒို့ဟာပယ်ဖြတ် မဆိုတာတ် မျိုးဇာတ် ကောဏ္ဍညနွယ်တည်းဆိုတဲ့ လောကီအတိတ် နိမိတ် လက္ခဏာ တဘောင်လာစနည်း အသီးသီးတွေကို

ဇိမိပြုပြင်ပြီးထားသကဲ့သို့ သိမြင်ကျနမှန်ကန်စွာ ဟောနိုင်ရာမှာ ဘုရားအလောင်းတော်မြတ်ကို ဖွားမြင်တော်မူတဲ့အခါမှာ ဘုံသုံးပါးမှာ ဘုရားသော်လည်းဖြစ်ကောင်းဖြစ်မယ်။ စကြာမင်တ်သော်လည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်"

အဲဒီလို လက္ခဏာတော်မြတ်တို့ ဖတ်ပြီးတော့ စကားနှစ်ခွန်းနဲ့ တင်လျှောက်ခဲ့ကြတဲ့ ရာမ ဓဇ စတဲ့ ပုဏ္ဏားတွေကဲ့သို့ မဟုတ်မူဘဲ ဘုရားစင်စစ် ဖြစ်လတ်မယ်လို့ တစ်ခွန်းတည်းသော စကားနဲ့ လက်ညှိုးတစ်ချောင်းတည်းပဲ ထောင်ပြီးတော့ ဟောစွမ်းနိုင်တဲ့ ကောဏ္ဍည ပုဏ္ဏားရဲ့ အနွယ်အဆက် ပညာရောင်ထက်မြက်မယ့်သူပဲ ဖြစ်လတ်မယ် ဆိုလိုက်ပါတယ်။

အဲဒီလို လကျာနံတောင်းဖွင့်လို့ မဝင်မှီမှာပဲ အိပ်မက်ရှင်ဖြစ်တဲ့ သူငယ်မရှိရာ မျက်နှာတူရှုလှည့်ပြီးတော့မှ အနာဂတေ ဇာနိဘာမိ ဆိုတဲ့ စကားနဲ့ သုံးခွန်းကြွေးကြော်တယ် ဆိုရာမှာလဲ သဒ္ဒတ္တာပတ္တိနဲ့ သိကြားရန်ကား နာဂတေ အနာဂတ်ကာလ၌ နောင်လာလတ္တံ့သောအခါ၌ ဇာနိသာမိ သိကုန်အံ့ ဝါသိကုန်လတ္တံ့ ဆိုပြီးတော့ ဆိုတာကြောင့် ယခု ထင်ထင် မသိမမြင်ကြရပေမယ့် နောင်သောအခါ အကြောင်းကို သိကြရကုန်လတ္တံ့ လို့ ဆိုတာပဲ ဖြစ်ပါတယ်။

နောက်တစ်ခါ . . .

ယခု အသက်သုံးဆယ့်ငါးနှစ်အရွယ်ဖြစ်လျက်နဲ့ အကျွန်ုပ်ရဲ့ အသက် တစ်ဆယ့်ကိုးနှစ် ချိန်စက်ပြီး ကောဇာသက္ကရာဇ် ဘက်တူမျှပြီးတော့ ရွှေတောင်တက်တဲ့မင်းလက်ထက်ရောက်တဲ့အခါ သူကောင်းပြုတော်မူတာကို ခံရရန် အမြန်လာမယ်ဆိုတဲ့ အမိန့်တော်နဲ့ ခေါ်တော်မူတာကြောင့် လာတယ်ဆိုတဲ့ စကားမှာတော့ အနာဂတ်ကို မျှော်တဲ့ အခန်း

အနက် ဟိတ်ရှိရတော့ကား အနာဂတ်ဆိုတဲ့ ပါဠိမှာ စပ်လို့ ယူရသိ
ပါတယ် ဆိုပါတယ်။

ဒီအိပ်မက်အရ အဂ္ဂရဲ့စကားတွေကို ထောက်ထားဆင်ခြင်
လိုက်ရင် စလွယ်ကိုးဆင့် ဆင်ယင်ပြီးတော့ လာတဲ့ အသက်သုံးဆယ့်
ငါးနှစ်ရှိ ဖြဟ္မဏမျိုးခြား မောရိယတိုင်းသား အဲဒီပုဏ္ဏားဟာ ယခု
အိပ်မက်မှာ တွေ့မြင်ဆဲဖြစ်တဲ့ ခဏမှာပဲ စုတေလို့ မနေ သန္ဓေကိန်း
အောင်းတော့မယ် ယူဆရန်ရှိပါတော့တယ်။

အဲဒီသန္ဓေကို သွေးသွန်ဖွားမြင်ကစပြီးတော့ အဲဒီသူငယ် အသက်
တစ်ဆယ့်ကိုးနှစ်ပြည့်တာနဲ့ တစ်ပြိုင်နက် ရွှေနန်းတက်တဲ့မင်းဟာ အဲဒီ
တစ်ဆယ့်ကိုးနှစ်သားသူငယ်ကို သူကောင်းဧကန်ပြုတာကို ခံရမယ်လို့
ဆိုလိုတာပဲ ဖြစ်ပါတယ်။

ဒါကြောင့် အဲဒီအိပ်မက်ရှင် သူငယ်မဟာ ဒီကနေ့မှစပြီးတော့
ဒါန သီလ စတဲ့ ပုညကရိယာ ဆယ်ပါးကို ကြိုးစားအားထုတ်ပါလေ
လော့လို့ ဆရာဘုန်းတော်ကြီးက မိန့်တော်မူလိုက်ပါတယ်။

ဒီအရာကို အိပ်မက်ကို မက်တာကနေ နိုးတဲ့တိုင်အောင် ခရီးစဉ်
အတိုင်း ကောက်ယူဖို့ရာ မသင့် ဆိုပါတယ်။

သီဟဂတိ ကနည်းမဏ္ဍူ ကာလတိကနည်းမျိုးတွေနဲ့ အဓိပ္ပါယ်
ပြေပြစ်ရာ စကားအသွားအလာ ဖြောင့်စေဖို့ရာ ခုန်ပျံကျော်လွှားပြီးတော့
ရှေ့နောက်ကြည့်ငဲ့တာဆိုတဲ့ ကာကော လောကေန နည်းနယ်နဲ့ ထောက်ဆ
ကောက်ယူမှဘဲ သင့်လျော်ရာပါတယ်လို့ သတိနာကုံး အမြဲကျုံးပြီးတော့
စွဲသုံးမှတ်ပိုက်ကြဖို့ရာကို ဆိုတာပဲ ဖြစ်ပါတယ်။

အဲဒီလို လောကီမှုကို မဆိုထားနဲ့ဦးတော့ မြတ်စွာဘုရား
မုခပါဌ်တော်ဖြစ်တဲ့ ပါဠိဒေသနာဂါထာတော်ပင်ဖြစ်ပေမယ့် ဘစပ်လက္ခဏာ

ကံလာကတ္တား ဝိဘတ်သားမုခ် နေကိုကြည့်ပြီးတော့ အနက်အိတ်ဝုစ် ဖွင့်ထုတ် သမ္ဗာန်မက ဝစန လက်ာရ ဝါစာသိလိင္ဂဖြစ်ပြီးတော့ ဝါကျတ္တ ဒေါသကင်းခြင်းသို့ ရောက်ရတယ်လို့ မှတ်ကြကုန်ရတယ်လဲ ဆိုပါတယ်။

အဲဒီလို ဘုန်းတော်ကြီး အိပ်မက်ဖတ်ခဲ့ပါတယ်။ အဲဒီလိုနဲ့ပဲ ဘုန်းတော်ကြီး အိပ်မက်ဖတ်တဲ့အတိုင်းပါပဲ..။ အဲဒီ မမင်းလှဆိုတဲ့ မိန်းကလေးမှာ မကြာမီမှာဘဲ ကိုယ်ဝန်သန္ဓေစွဲရှိနေခဲ့တာ သိခဲ့ကြပါတယ်။

ဒါကြောင့် မိဘဆွေမျိုး ဉာတကာတို့ဟာလဲ ကောင်းကောင်းပဲ စောင့်ရှောက်ခဲ့ကြပါတယ်။

သန္ဓေကိုယ်ဝန်ရှိတဲ့နေ့ကစပြီးတော့ ရှေးရှေးနှောင်းနှောင်း စကားဟောင်းတွေကို ကြားနာလိုခဲ့တယ်။ မြေပြင်သင်ပုန်းတို့မှာ ရေးခြစ်လို့ နေခဲ့ပါတယ်။ ထုံးရာဇဝင်ပုံပြင်ကို မပြတ်ပြောကြားလို့ နေခဲ့တယ်။ ပြီး.. ငကောင်းကင်ကြည့်တာ၊ ကန့်ကူတံနု ပျားမုန့်ဆန်း စတာတွေကို စားသောက်လိုတဲ့ ချစ်ခြင်းအာသာတို့ဟာ သိပ်ကိုဖြစ်ပေါ်ခဲ့တယ် ဆိုပါတယ်။

အဲဒီနှစ်မှာလဲ ကြခပ်အရွာမှာ ကလေးသူငယ်တို့ သီဆိုပြီးတော့ ကခုန်ကြတဲ့ တဘောင်သီချင်း ပေါ်လာခဲ့တာကတော့..

'ကြခပ်ရုံချုံပိတ်ပေါင်း ကျေးသားခိုဝင် အောင်းပါလို့လေ.. အောင်သည့်ကျေးသား တမ်းခွန်ဖျားလိုက် လွှားချီကာ မြန်းပါလို့လေး'

ဆိုတာပါပဲ...

အဲဒီ တဘောင်ကို ကြားသိကုန်ကြတဲ့ သက်ကြီးရွယ်ရင့်တို့ ပြောဆိုကြတာကတော့ 'ငါ့ကို ကြခပ်ရွာမှာ ကျေးသားလိမ္မာနဲ့တူတဲ့ ပညာရှိ ယောကျာ်း ဝင်လာပါလိမ့်မယ်..။

အကယ်လို့ ခိုဝင်လာဖြစ်ခဲ့ရင်မှာကား သာမန်ယောကျာ်း မဟုတ်

နိုင်ဘူး။ သူဟာ တိုင်းပေါ်ပြည်ပေါ်မှာ ကျော်စောထင်ရှား တမ်းခွန့်လွှား ဖြစ်မယ့်သူပဲ ဖြစ်လိမ့်မယ် လို့ ဆိုစမှတ်ပြုခဲ့ကြပါတော့တယ်။

ဒီလိုနဲ့ပါပဲ…။

အချိန်တွေ ကြာခဲ့ပါတယ် ဆိုပါစော့…

တစ်ခါမှာတော့ အသည်ဝန်ကြီး မင်းကြီးမဟာကျော်ထင်ရဲ့ နှမ မမင်းလှမှာ စွဲလိုက်တဲ့ သန္ဓေဟာ လေးဆယ့်နှစ် သက္ကာဟပြည့်ကာလလျှင် နှစ်ရှာကိုးဆယ့်လေးရက် မပျက် မှန်စွ ကမ္ဘဇလေ လှုပ်ရှားရာ ဒီပဲရင်းမြို့စား နောင်တော်မင်းကြီးမင်းတရား နန်းသိမ်းပြီးတော့ သုံးနှစ်.ကောဇာသက္ကရာဇ် တစ်ထောင့်တစ်ရာနှစ်ဆယ့်လေးခု ဉတုဂိမ္ဟန္တသူရိယမာသ နယုန်လပြည့်ကျော် ဆယ်ရက် အင်္ဂါနေ့နံနက် နေတက်မင်္ဂလာတစ်ချက်တီးကျော် အခါမှာ ရတနာသုံးပါး ဦးထိပ်ထားပြီး မာတာမိခင်သတို့သားကို မျက်နှာ မြော်မြင် ဖွားသန့်စင်ခဲ့ပါတော့တယ်။

အဲဒီလို ဖွားပြီး တသီး ထိုမှ တစ်လနှစ်လရက်ရေရသော် မိဘ ဉာတကာ့ဆွေရင်းချာဖြစ်ကြကုန်တဲ့ ဦးရီးဦးမင်း စသူတို့ဟာ အမည်နာမ ပေးလိုခဲ့ကြပါတယ်။

သူတို့က မမင်းလှနဲ့ တကွသော သားငယ်ကို ယူဆောင်သွားခဲ့ကြ ပြီးတော့ ဆရာဘုန်းကြီးထံ လှူဒါန်းဖို့ရာအတွက် ကန်တော့ပွဲတွေနဲ့ သွားခဲ့ ကြပါတယ်။

ပြီး အမည်နာမ တောင်းခံခဲ့ကြပါတယ်။

အဲဒီအခါမှာတော့ ဆရာဘုန်းတော်ကြီးက ဖွားမြင်တဲ့ ရက်နေ့တွေ ကို မေးမြန်းတွက်ချက်ခဲ့ပါတယ်။

အဲဒီမှာ အင်္ဂါသားပင် ဖြစ်ပေမယ့် နေ့နံကို မလိုက်သာ ပဋိသန္ဓေ ကာလ အိပ်မက်ရစဉ်အခါ မိခင်ဖြစ်တဲ့ မမင်းလှ အလန့်တကြား နိုးတာကို

ထောက်ပြီးတော့လည်းကောင်း၊ ပြီး·· မောဟနိမိတ် ဉာဏ်အိပ်တာက နိုးစေခြင်းငှာလည်းကောင်း၊ နာမည်ကိုဆန် နရပ်ကိုပြန် ဆိုတာကို ထောက်သဖြင့်လဲပဲ အမည်သေစေ လူကိုရှင်စေ ဆိုသဖြင့်လည်းကောင်း အထွန်းဖွားကို ယတြာပြုပြီးတော့ ဖြစ်စေခြင်းငှာ မရဏအမည်နဲ့ ယာယီ ချေပြီးတော့ အမည် မောင်နီးလို့ ခေါ်ကြလေအုံး··၊ အဲဒီ အကြောင်အင်္ဂါသား ဟာ မောင်နီးဆိုတဲ့ စနေအမည်နဲ့သောပဋ္ဌပွတ်ကျတယ်။ အဲဒီ ပဋ္ဌပွတ်နဲ့ ဆပ္ပတ်ကို ရှောင်။ တြိရန့်သုံး စတုရန်းကို ဆောင်လို့ အင်္ဂဝိဇ္ဇာ ဆရာတို့ ဆိုရိုးရှိကြစေတမူလဲ အဲဒီသတ့်သားဇာတာမှာ စနေအမည်နဲ့သာ နက္ခတ် ကြိုက်ညီတာကြောင့် အဲဒီစနေသား ပဋ္ဌပွတ်ဟာ မချွတ်မင်းဆရာ မင်းတိုင်ပင်တို့ရဲ့ ဂြိုလ်နေ ဂုရုမိတ္တဒင်္ဃပါဒက ဖြစ်ချေတယ် လို့ မိန့်တော် မူလိုက်ပါတယ်။

အဲဒီနောက်မှာတော့ ပံသုကီဠက အရွယ်သို့ ကျရောက်တဲ့အခါ မှာတော့ ဦးရီးဖြစ်တဲ့ အသည်ဝန်ကြီး မင်းကြီးမဟာကျော်ထင်ဆီသို့ ခေါ်ပြီးတော့ သွားခဲ့ပါတယ်။

အဲဒီ အသည်ဝန်ကြီးဟာ သိပ်ကို ချစ်ခင်တာနဲ့ မိမိတို့ရဲ့နေရင်း ဖြစ်တဲ့ ကြခပ်ရွာသို့ မပြန်စေတော့ပါဘဲ နှမ မမင်းလှနဲ့ ယောက်ဖ ဦးရွှေညိုတို့ကို ရတနာပူရ အင်းဝ ရွှေပြည်တော်မှာပဲ နေကြစေခဲ့ပါ တော့တယ်။

တကယ်တော့ အဲဒီအခါက ရတနာပူရ တတိယမြို့အမည် (သီရိ ဘဝရသုဓမ္မမဟာ ဓာနိန္ဒာ ဓိပတိ တံဆိပ် နာမခံတော်မူတဲ့ ဆင်ဖြူရှင် မင်းတရား ရွှေနန်းတက်တော်မူတဲ့ လက်ထက်တော်ပဲ ဖြစ်ပါတယ်)

ဒါကြောင့် အထက်က ဆိုခဲ့တဲ့ အသည်ဝန်ကြီး မင်းကြီးမဟာ ကျော်ထင်ဟာ အဲဒီအသည်ဝန်ကြီးအဖြစ်သို့ မရောက်ခဲ့သေးပါဘူး။

ဝင်းတောင်ရွှေဝန်ပုံချီ သီရိကျော်ထင်ဆိုတဲ့ အမည်အရည်နဲ့ သူကောင်းပြုတော်မူခဲ့တာမျှသာပဲ ရှိပါသေးတယ်။

ဒါပေမဲ့လည်း စဥ့်ကူးမင်းလက်ထက်တော်ကစပြီးတော့ ပထမမြို့ တည်နန်းတည်းဖြစ်တော်မူတဲ့ ဘိုးတော်ဘုရားလက်ထက်တိုင် အသည် ဝန်ကြီးအဖြစ်နဲ့ ကာလရှည်ကြာ သူကောင်းပြုတော်မူတာကို ခံရတာကြောင့် ထင်ရှားသိလွယ်တာကို အလိုရှိခဲ့တာကြောင့် အသည်ဝန်ကြီးနှမ ဆိုပြီး တော့လဲ ဆိုခဲ့တယ်။ အသည်ဝန်ကြီး ဆိုပြီးတော့လဲ ထင်ရှားခဲ့တယ်။ နောက်နောင်က ရေးခဲ့တာ ရှေးရေးလတ္တံ့တွေကို သည်းခံတော်မူကြပြီး တော့ အပြစ်တင်ဖွဲ့ ကဲ့ရဲ့တဲ့အမှုက လျစ်လျူရှုတော်မူကြဖို့ရာ ဆိုထား ခဲ့ပါတယ်။

ဒီလိုနဲ့ပဲ အဲဒီသူငယ်ဟာ လေးငါးနှစ်အရွယ်သို့ ရောက်လို့ လာခဲ့ပါတယ်။

အဲဒီမှာ တခြားတပါးသော သူငယ်တွေကဲ့သို့ သူဟာ တက်လေ့ မလုပ်ပါဘူး။ ယမင်းရုပ်နဲ့ အိုးပုတ် ကျီးသားဂုံညင်းတွေကို ကစားတဲ့ အလေ့အထ မရှိခဲ့ပါဘူး။ သူဟာ မိမိကြားဖူးသိဖူးသမျှသော ရှေးရှေး နှောင်းနှောင်း စကားပေါင်းတွေကိုသာပဲ သက်ကြီးရွယ်ရင့်တွေကဲ့သို့ ဝိုင်းဖွဲ့ပြောဆိုလေ့ရှိခဲ့ပါတယ်။

သူဟာ ရံခါမှာလဲ ဗေဒင်ဟောဟန် ကစားပါတယ်။ ရံခါလည်း ပုဏ္ဏားဟန်နဲ့လည်း နေတတ်ပါတယ်။ ပြီး‥ မှူးမတ်သဏ္ဍာန်နဲ့လည်း နေတတ်ပါတယ်။ ပြီး‥ သူဟာ ဘောင်းနားဋ္ဌောင်းစလွယ်တွေ ဝတ်ဆင် ဟန်နဲ့လဲ ချည်ခင်စတာတွေကို ယူပြီးတော့ စလွယ်ဝတ်ဟန်ပြုပြီးတော့ ပျော်မြူးကစားလေ့ ရှိခဲ့ပါတယ်။

ဒီလိုနဲ့ ခုနစ်နှစ်သားအရွယ် ရောက်လာတော့တဲ့အခါ ဦးရီးဖြစ်တဲ့

အသည်ဝန်ကြီး ဘုံသာတုလွတ်ဆရာတော်ထံသို့ အပ်ခဲ့ပြီးတော့ ကျောင်းထားခဲ့ပါတော့တယ်။

ဒီလိုနဲ့ ဆယ့်သုံးနှစ်သားအရွယ်ရောက်တော့ သဒ္ဒါသင်္ဂြိုလ် ပြီးခဲ့တယ်။

ဆယ့်လေးနှစ်ရောက်တော့ ဗေဒင်သင်ရိုး ပြီးခဲ့တယ်။ အဲဒီလို အစဉ်အတိုင်း သင်ကြားပေါက်ရောက်ခဲ့တာကြောင့် ဂန္ထန္တရ မဟာနုဓေသုတပွားရေး ဆည်းပူးလုံလောက် တစ်ဆယ့်ငါးနှစ်သို့ ရောက်ခဲ့ပါတော့တယ်။

အဲဒီမှာ အသည်ဝန်ကြီး ဦးရိုးဖြစ်သူ အသည်ဝန်ကြီးကပဲ သာသနာ ဒါယကာ အမွေပြတ်ခံအရ မင်္ဂလာစည်စန်းလက်နဲ့ ယှဉ်ပြီးတော့ ပဗ္ဗဇ္ဇအခြေ ရှင်သာမဏေ ဖြစ်ခွင့်ကို ချီးမြှင့်သွတ်သွင်းလှူဒါန်းတာကို ပြုခဲ့ပါတယ်။

အဲဒီလိုနဲ့ သာသနာတော်တွင်းသို့ သွတ်သွင်းချီးမြှောက်ခဲ့တယ်။ အဲဒီ ဘုံသာရေတွက် ဆရာတော်က မောင်ရှင်သာမဏေကို ဘွဲ့ချီးအံ့သော ငှာ မိန့်တော်မူတာဟာ ဒကာတော် အသည်ဝန်မင်းကြီး ဝန်မင်းကြီးရဲ့ တူဖြစ်သူ သာမဏေရဲ့ ပဋိသန္ဓေကာလ သုပိနလျှင် သူ့မိခင်မှာ တွေ့ထင် မြင်မက်တဲ့ အိပ်မက်အကြောင်းကို ဆရာတော်ကို ပြန်ကြားလျှောက်ထား တာကြောင့် ဆရာတော်ကလည်း အတိတ်နိမိတ်ဟိတ်နဲ့ တဘောင် အမြဲ ဆောင်ပြီးတော့ ဖွားတဲ့သူငယ်ဆိုတာနဲ့အညီ နေ့စဉ်မလပ် အကဲခတ်ပြီးတော့ အမြဲပဲ ကြပ်မတ်သင်ပြခဲ့ပါတော့တယ်။

အဲဒီလို သင်ရာမှာ ပညာပါရမီ ဝသီထူးစွာ ဝါသနာနဲ့တကွ စာဝါ ဗေဒင်အတတ်ကို လျှင်မြန်တဲ့ ဇဝနဉာဏ် ထက်မြက်တဲ့ ဘိက္ခုဉာဏ လောက်လုံဂုဏ်ရှည်ပြည့်ဝပြီးတော့ အသက်အရွယ်နဲ့မမျှ အဆမတန် ပေါက်ရောက်ခဲ့ပါတယ်။

အဲဒီလို ဉာဏ်တမ်းခွန် ဇမ္ဗူချွန်လောက်တဲ့ သူငယ်မွန်တစ်ယောက် ဖြစ်လေတော့ ငါတို့ ရတနာပူရ အင်းဝရွှေပြည်ကြီးမှာ ထီးမင်းတစ်ဆူ ပြုလုပ်တော်မူတဲ့ ဝမ်းဘဲအင်းစံမင်းတရားကြီး လက်ထက်တော်အခါမှာတော့ စက္ကာ တိဃောသသတံဆိပ်တော်ရတဲ့ အင်္ဂဝိဇ္ဇာ ဗေဒဝိဇ္ဇာ နှစ်ဖြာ သက်တမ်း သိုက်ညွှန်းကျမ်းဆရာ (ဇာဂရ) ပုရောဟိတ်ကဲ့သို့ ပညာ အရဏ်ဟိတ် နိမိတ်စွန်းတွက် တူကြမည့် အချက်ကို ထောက်မျှော်ပြီးတော့လည်းပဲ။ ပြီးတော့ မောင်ရှင်သာမဏေရဲ့နေ့ဟာ အင်္ဂါသား ဖြစ်ပြီးတော့ မောင်နိုး ဆိုတဲ့ အမည်ကို ထောက်မျှော်ပြီးတော့လည်းပဲ မောဟနိမိတ်ပညာ အိပ်ခြင်းက ထမြောက်နိုးကြားမယ့် တမ်းခွန်ပေါ်ထွက် ရှိတာကြောင့်လည်းပဲ နိုးကြားခြင်းရဲ့ ပါဠိသက်ဟာ ဇာဂရ ဆိုပါတော့တယ်။

အဘယ်ကို ထောက်ပြီးတော့ သိရအံ့သော် ဇာဂရတော နိုးကြားတဲ့ သူဟာ ရတ္တိညဥ့်ဟာ ဒီဃာ ရှည်တယ်ဆိုပြီး ကျမ်းဆရာတို့ ပြဆိုတော်မူကြတာကြောင့် အဲဒီအင်္ဂါသား မောင်ရှင်ကို (ဇာဂရ)ဆိုပြီးတော့လဲပဲ ဆိုတယ်။ ပြီးတော့ (ဇာဂရ)ဆိုပြီးတော့လဲ ဘွဲ့ချီးတာဟာ သင့်တာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ ဇာဂရဘွဲ့အမည် ပေးပြန်ပါတယ်။ နိုးကြားတာမျှလောက်သာ ဖြစ်တယ်။

ဘယ်လောက်ထိ နိုးကြားတယ်ဆိုတဲ့ ပဝတ္တိနိမိတ် အတ္တာပတ္တိ ဂုဏ်ဟိတ်မပါသေးပါဘူး။ ဇာဂရပြန်က ပုဏ္ဏားဆန်လွန်းတဲ့ အမည် ဖြစ်ချေတယ်။

ဒါအတွက် ဇာဂရ ဇာဂရ အဲဒီအမည်နှစ်ခုက အားလုံး တိုးတက်ပြီးတော့ မောဟရဲ့ ဟိတ်ပညာ အိပ်တာမှ ထွန်းဝင်ရောင်ပါရှိစေတာကို မင်္ဂလာမူချသာ ယူပြီးတော့ ဇာဘရောဘာသဆိုတဲ့ ဘွဲ့အမည်ကို ငါ ချီးမြှင့်တော်မူမယ်။

အဲဒီဇာဂရောတာသဆိုတဲ့ ဘွဲ့အမည်ဟာ အရင်းအဖျားနှစ်လုံးကို ပယ်ရမယ်။ အလယ်အက္ခရာ သုံးလုံးသာ ယူပြီးတော့ ဂိုဏ်းနက္ခတ်ရွေးစစ်ပြီးသော် ယတိသတ်ဆိုတဲ့ ဆန်းကျမ်းအလိုသို့ ရောက်ချေတယ်။ အဲဒီယတိသတ်ကို ဆိုပြီး မိန့်ဆိုရာမှာ ယဂိုဏ်းတိမ်နတ် သဗ္ဗာဘိသျှ နက္ခတ်ဖြစ်လေတော့ အဲဒီဂိုဏ်းစောင့်နတ် နက္ခတ်တို့မှာ ဣန္ဒလေးဂိုဏ်း အနိဋ္ဌလေးဂိုဏ်း ရှိတာမှာ အလိုရှိအပ်တဲ့ အမည်ကို ယူအပ်တဲ့ ဣန္ဒလဂိုဏ်းတို့ ပါဝင်တဲ့ အမည်ပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဒီဇာဂရရောဘာသဆိုတဲ့ ဘွဲ့အမည်တွင်စေလို့ ဘွဲ့ချီတော်မူလိုက်ပါတယ်။

ဒီလိုနဲ့ သာမဏေ သုံးဝါ အသက်တစ်ဆယ့်ခုနစ်နှစ်တိုင်အောင် သဒ္ဒါနယ အဋ္ဌကထာဋီကာ ဒိုးလည် လောကီ လောကုတ် မယုတ်သောငြမ်းကမ်းတဖက်ရောက် လမ်းပေါက်သိကျွမ်း တတ်စွမ်းနားလည် ရှိပြီဖြစ်လေတော့ ရှင်သာမဏေအဖြစ်က လျှောသက်ပြီးတော့ လူထွက်ပြီးလာခဲ့ပါတော့တယ်။

အဲဒီမှာ ဦးရီးဖြစ်တဲ့ အသည်ဝန်ကြီးက ရွှေလွှတ်တော်ဆိုင်ရာတရားဌာနချုပ်ဝန်ကြီး သတိုးမဟာသီသသူထံသို့ အပ်နှံလို့ ထားခဲ့ပါတော့တယ်။

ဒီလိုနဲ့ နောက်များမကြာမီမှာဘဲ အသက်တစ်ဆယ့်ကိုးနှစ်ရှိလာတဲ့မောင်နိုးဟာ စာစီစာကုံး အနှုန်းအဖွဲ့ စတဲ့ သတ်ညွှန်းသတ်ထုံးနဲ့တကွတတ်မြောက်လိမ္မာ ဝါစာ သီလိဋ္ဌ ဝါကျဆေက ဝါစကောပဒေသ ဋ္ဌာနဋ္ဌာနကေ သလ္လတာမူ နည်းယူမှတ်လေတယ်။ ထွင်းဖောက်ပေါ်ထွန်း ရှိရကားသက္ကရာဇ် တစ်ထောင့်တစ်ရာလေးဆယ်သုံးခုနှစ် မင်းအဖြစ်သို့ရောက်တော်မူတဲ့ အမရပူရမြို့တည် နန်းတည်ဘဝရှင်မင်းတရားကြီးဘုရားက

ကောက်ယူတော်မူပြီးတော့ နေမျိုးလေခပျံချီဆိုတဲ့ ဘွဲ့အမည်အရည် နဲ့ အမှာတော်ရေး ခန့်တော်မူခဲ့ပါတော့တယ်။

သက္ကရာဇ်တစ်ထောင့်တစ်ရာလေးဆယ်လေးခု ဝါဆိုလဆန်း တစ်ဆယ့်တစ်ရက် ကြာသပတေးနေ့ တစ်ချက်တီးကျော် နှစ်နာရီ သုံးပါဒ် မှာတော့ သားတော်အလတ် စကုမင်းသားကို သျှောင်ထုံးပေါက်ချပ် ဆင်တော်မူပြီးတော့ ဆင် မြင်း ကိုယ်ရံနဲ့ ဗိုလ်ရှုညီလာဝန်းကာ ဖျဖျပြုလုပ် ပြီး နေကြပါတယ်။ အဲဒီလေခပျံချီဘွဲ့ခံတဲ့ အမှာတော်ရေး မောင်နီးဟာ ခက်လုံးမြင်းမှူး ပဉ္စယရာဇာ ပြင်စည်မြင်မှူး မင်းရဲမင်းလှရွှေတော် ပင်းစည်မြင်းမှူး မင်းရဲကျော် လက်ရွေးငယ်မြင်းမှူး မင်းလှရာဇာ ကံဘူမြင်းမှူး မင်းလှရွှေတော် စောလွတ်ကို မြင်းမှူးဦးပုတ် ငါးဆယ်တော် ကျီဝန်သွေးသောက် ငါးဆယ်တော် အဂ္ဂသေခ သွေးသောက်လေးဆယ် ကျော်၊ မင်းရဲသီဟ သွေးသောက်လေးဆယ်ကျော်၊ ရှေ့ဝင်းမှူး သွေးသောက် တို့ စုဝေးတက်တဲ့ ဗိုလ်တည်းမဏ္ဍပ်သို့ ဝင်ပြီးတော့ ရှေးရှေးနှောင်းနှောင်း စကားဟောင်း အစဉ်တွေကို ပုံပြင်ဥဒါန်းနဲ့တကွ ပြောကြားပြီးနေစဉ်အခါ မှာတော့ ကျောက်ဆောင်မြင်းမှူးကြီး ဦးပြေက ပြောတာကတော့…

"သာဓု… သာဓု… သာဓု… အမှာတော်ရေးမင်း လူပင်ငယ်ပေမဲ့ ငယ်သည်ဆိုပြီး မဆိုသာ လူကြီးနဲ့ တူပါပေတယ်။ အမှာတော်ရေးမင်း တို့ ဆုတောင်းတာ အံ့ဖွယ်ကောင်းပါပေတယ်။ မကြားဘူးသေးတဲ့ စကားတွေကိုလဲ ကြားရပါတယ်။ ကြားရပြန်ပါကာလဲ ကြားရုံမည်ကာ မတ္တ မဟုတ်ပါဘူး။ ခုနှစ်သက္ကရာဇ်နဲ့တကွ သေချာဂနအာစလျှာစ ပီပီသသနဲ့ အက္ခရာဝဏ္ဏ ကွဲကွဲပြားပြား လွဲမှားမရှိ သတိမမေ့ စေ့စေ့ စပ်စပ်၊လည်လည်ပတ်ပတ် အရပ်ရပ်တွေကို ကျက်မှတ်ရွက်ဆောင် နိုင်ပါ ပေတယ်။ ပြောရေးဆိုစ ရဲရင့်တာမှာ ပိယဝါစာချိုသာ အတတ်ထွင်

သက်သက်သာသာနဲ့ သူပါဆိုပြီး စိတ်စွဲမရှိ တစ်ယောက်တည်းထိုင်ပြီးတော့ စပြယ်ဘိသကဲ့သို့ မိတိမာဂုဏ်လောက်ယုံပြည့်ဝ ရှိလှပါပေတယ်။

ဒါပေမဲ့ အမှာတော်ရေးမင်းမှာ အသက်အရွယ် သိပ်ကို နုနယ်လှပါသေးတယ်။ ဒါ့အတွက် အားတက်အင်ရွဲကြံစည်တဲ့ လုံ့လတွေကို မလျှော့ပါးပါနဲ့…၊ ကြိုးစားအားထုတ်ပြီးတော့ ကြံစည်ပါ။ ရှေ့ကို အညွှန့်အတက် ဆက်လက်စည် ကားကြီးပွားမြင့်မြတ်ဖွယ်ရာ အလွန်ကိုပဲ မြင်မိပါတယ်။

ဘာကြောင့်လဲဆိုတော့ အမျိုးအမည်အနေနဲ့ အသည်ဝန်ကြီးကို ထောက်ပံ့ချီးမြှင့်မယ့် အမိုတ်ကဲကလဲ တရားဌာနချုပ် ဝန်ကြီးသတိုးမဟာသီဟသူ နေမျိုးလေးပျံဆီဆိုတဲ့ ဘွဲ့အမည်အရည်နဲ့တကွ အမိန့်တော်ရ ရေးမင်းအဖြစ်သို့ ခန့်အပ်တော်မူတာကြောင့် အတွင်းတော်သိလူပဲ ဖြစ်တယ်။ ဒါ့အတွက်ကြောင့်…

'ပညာရှိ သတိယွင်းကွက် မာနဖျက် မင်္ဂလာမမွှေနိဝါတရှိမှ ကျိုးဆက်တန်ခိုးထွက် အသေဝန လူ့ဗာလပေါင်းက ဆက်ဆက်စည်းစိမ့်ပျက် ဆိုပြီးတော့ ရှေးဆရာတွေက မိန့်စကားကို နားမှာ ကြပ်ကြပ်တံဆိပ်ခတ်သို့ မှတ်သားအမြဲ နှလုံးစွဲပါလေ…။ ဦးမင်းတို့ပြောတဲ့စကားဟာ အမှာတော်ရေးမင်းကို တူရင်းသားရင်း ထင်မှတ်ပြီးတော့ ရှေ့အဖို့ကိုလဲ ကြီးပွားလတ္တံ့…၊ ယခုလဲ ပညာရန့် မွေးပျံ့သင်းကြိုင်ဆဲအခါဖြစ်လို့ သိပ်ကို ဝမ်းမြောက်တာကြောင့် မေတ္တာပုဗ္ဗင်္ဂမနဲ့ ပြောတဲ့စကားပဲ ဖြစ်ပါတယ်ဆိုရာ ပြင်စည်မြင်းမှူးမင်းရဲ့ မင်းလှရွှေတောင်ကတော့…

ကျောက်ဆောင်မြင်းမှူးမင်း အမှာတော်ရေးမင်းကို အထူးချီးမွမ်းဖွယ် မရှိပါပြီ။ လွှတ်တော်ရုံးတော် မြဲတိုက်တော်ကစပြီးတော့ ပညာဂုဏ်ထူးကို သိကြပြီး ဖြစ်ပါတယ်။ ဒါ့အတွက် ကျွန်တော်တို့သာ အတွင်းတော်နဲ့

ဝေးကွာတာကြောင့် သတင်းလောက်ပဲ ကြားနေကြရပါတယ်။ ယခုတော့ မခေါ်မပင့်ထွေပဲ ရောက်လာချေ ဆိုသလိုပါပဲ…။ အမှာတော်ရေးမင်းနဲ့ ရေစက်ဆုံပြီးတော့ တွေ့ကြုံကြရတဲ့အခါပဲ ဖြစ်ပါတယ်။ ဒီလို တွေ့ကြုံတဲ့အခါမှာတော့ ရှေ့သို့ သွားလေရာရာ မြို့ရွာနိဂုံးဆိုသမျှတွေမှာ စကားသြဘာ မင်္ဂလာအစ္စရိဖြစ်ဘိရန် ပြောကြားဖို့ အမှာတော်ရေးမင်း ပညာကို ထင်ရှားသိမြင်ရအောင် တစ်ခုလောက် အစီရင်ခံချင်တယ်လို့ ဆိုရာမှာ အဲဒီအမှာတော်ရေး နေမျိုးလေခပျံချီက ပြောတာကတော့·· ဦးမင်းတို့ ဆန္ဒရှိရာကိုပဲ အမိန့်ရှိတော်မူကြပါ…။ ကျွန်တော် စွမ်းဆောင်နိုင်သလောက်နဲ့ ဖြေကြားအစီရင်ခံပါ့မယ်လို့ ဆိုလိုက်ပါတယ်။

အဲဒီအခါမှာတော့ ပြင်စည်မင်းသားက မေးတာက…

'ယခု ဦးမင်း ကိုင်ထားတဲ့ ကြေးနက်ထုံးဘူး အချိန်အတွယ် ဘယ်လောက်ရှိမှာလဲလို့ အမှာတော်ရေးမင်း လက်နဲ့မကိုင်မဆဘဲ မိန့်စေချင်ပါတယ် ဆိုခဲ့ပါတယ်။ ပြီး နေမျိုးလေခပျံချီဘွဲ့ခံတဲ့ အမှာတော်ရေးမောင်နိုးဟာ အင်္ဂဝိဇ္ဇာ အခါချင်မှု အနုမာနမျက်ရမ်းဆိုရာမှာ လိမ္မာကျွမ်းဝင်သူ တစ်ဦးလဲ ဖြစ်ပါတယ်။ သူဟာ တောင်မြောက်ထောက်ထား နိမိတ်တွေကို ရှုစားချင့်ချိန်ပြီး ညဏ်ပေါ်စေခြင်းငှာ အထက်သို့ မော့ပြီးတော့ ကြည့်လိုက်ပါတယ်။ အဲဒီမှာ မိမိနေထိုင်ဆဲဖြစ်တဲ့ ဗိုလ်တဲမှာ မိုးကာတဲ ဝါးကပ်တစ်ခုဟာ တစ်စတွဲလျား အဖျားထက်ပိုင်းကျိုးလို့ နေတာကို မြင်ရတာကြောင့် ခုလို စဉ်းစားမိလိုက်ပါတယ်။ သက္ကရာဇ် ရှစ်ရာသုံးခုဖွား တောင်တွင်းကြီးမြို့ရောက် ပဝတ္တိရတနာပူရ အင်းဝ ရွှေပြည်အမည်ကျော်ကြား အရှင်မဟာသီလဝံသဆရာတော်ဟာ အရှင်မဟာရဋ္ဌသာရ အကျော်ဆရာတော်ဟာ ပညာရဲ့လမ်း ဘယ်လောက်စွမ်းတယ်လို့ စုံစမ်းတော်မူစဉ်အခါမှာ တစ်ပင်နှစ်ပင်ကို တောင်းတဲ့အရာမှာတော့··

တစ်ပင်နှစ်ပင် ပေါင်းရင် သုံးပင်..၊ သုံးပင်ဟူက သင်ပုန်းဖြစ်တယ်သာလေ..၊ အဲဒီအရ သင်ပုန်းကို ပေးလိုက်တာ..၊ အဲဒီနောက် တကျောက်အိပ်ကို အလိုရှိပါတယ်လို့ တောင်းရာမှာလည်း တကျောက်အိပ်ဆိုတာ တစ်ကျိပ်အောက် တစ်ကျိပ်အောက်ဖြစ်ရင် ကိုးယောက်ကိုးယောက် မှန်ကလဲ ကောက်ရိုးသာပဲဖြစ်တယ်။ အဲဒီကောက်ရိုးကို ပေးလိုက်တာ စတာမျိုးတွေ ဆင်ခြင်ယူဆတော်မူတဲ့ အရှင်မဟာ သီလဝံသ အကျော်ဆရာတော်ရဲ့ အယူပဒေသ နယဂ္ဂါဟ နိဿဟာ စရိယ လဒ္ဓမုဋ္ဌိ ရှိတဲ့ ငါဟာ ယခု အထက်သို့ မော့လို့ ကြည့်ကြတော့ရာမှာ ကပ်ကျိုးမြင်တာကြောင့် အဲဒီကြေးနတ်ထုံးဘူးဟာ ကိုးကျပ်ပဲ ဖြစ်လတ်ပါတယ် နည်းယူရမယ် ဆိုလိုက်ပါတယ်။

အဲဒီနောက်မှာတော့...

အဲဒီလို မနှောစိတ်စရိုက် သဘောပိုက်မိလေတော့ ကိုးကျပ်သားမျှရှိတယ်လို့ တိုက်ရိုက်ဖြေလိုက်ပါက ပြင်စည်းမြင်းမှူး မင်းရဲလှရွှေတောင်က မှန်ပါပေတယ်လို့ လွန်စွာအံ့သြ ထောမနာ ပြီးတော့ မိမိစားသုံးဖို့ရာ ဝယ်လာစွဲတဲ့ လေးထပ်ယွင်းထိုး ကွမ်းအစ်တစ် အဲဒီကိုးကျပ်သားရှိတဲ့ ကြေးနတ်ထုံးဘူးနဲ့တကွ အမှာတော်ရေးမင်းရဲ့ ဉာဏ်ပညာကို ပူဇော်ပါတယ်ဆိုပြီး ပေးပါလေတော့တယ်။

ပြီးတော့ သူမှကြွင်းနိုးတဲ့ မြင်းမှူးအပေါင်းတွေကလည်း အထိုက်အလျောက် ချီးမြှင့်ပေးကမ်းခဲ့ကြပါတော့တယ်။

အဲဒီနောက်မှာတော့ ဝါဆိုလဆန်း တစ်ဆယ့်လေးရက် တနင်္ဂနွေနေ့တိုင်း ရောက်တဲ့အခါမှာတော့ ပထမပြန်ဆိုတဲ့ ပဥ္စင်းလောင်းတွေကို သာမဏေ သုံးဆယ့်နှစ်ပါးပြုပြီးတော့ မဟာတသဒ်ိသ အလှူတော်ကြီး ပေးတော်မူခဲ့ပါတယ်။

ရွှေလွှတ်တော်အနီး အလှူမဏ္ဍာပ်တော် ဦးထီးဖြူတော်ရုံကြီးမှာ အများအပြားသော ဝန်ကြီးတွေ အတွင်းဝန်တွေတို့ဟာ မိမိတို့ဆိုင်ရာ သင့်လျော်တဲ့ စကားတွေနဲ့ ခင်းကျင်းပြောဆိုလို့ နေနေခဲ့ကြတယ် ဆိုပါတယ်။

အဲဒီမှာ အတွင်းဝန်ကြီး မင်းကြီးမင်းခေါင်ကျော် အရှေ့ဝင်းတော်မှူး နေမျိုးသူရ ပုဏ္ဏားဝန်ကြီး ရာမကစ္စနာတို့က စကားအလျဉ်းသင့်တာကြောင့် နေမျိုးလေခပျံချီ ဘွဲ့အမည်ရှိတဲ့ အမှာတော်ရေးကို ခေါ်ပြီးတော့ လောကီရဲ့ အတိတ်နိမိတ် ကိန်းခန်းဓာတ်ဆန်းစုတ်ကြိုက် စတာတွေကို မေးမြန်းခဲ့ပါတယ်။

အဲဒီမှာကျတော့ အဖြာဖြာသော သာသနာတော်ကျမ်း လောကီကျမ်းတွေက ထုတ်နှုတ်ပြီးတော့ ဖြေဆိုလျှောက်ထားခဲ့တာကြောင့် စကားအရာ အင်္ဂါလေးတန် မှန်ကန်ပြေပြစ်ပြီးကျစ်လျစ်ချောမောရှိလှပါတယ်။

ဒါကြောင့် သိပ်ကို သဘောကျ နှစ်သက်ကြလေရတော့ ပုဏ္ဏားဝန်ကြီး ရာမကစ္စနာနဲ့ အတွင်းဝန်ကြီး မင်းကြီးမင်းကျော်တို့က တိုင်ပင်ပြီးတော့ အမှာတော်ရေး(မောင်နိုး)ရဲ့ ပညာကို စုံစမ်းအံ့သောငှာ အကြံဖြစ်ပေါ်ခဲ့ကြပါတယ်။

ဒါကြောင့်လဲ ဗြဲတိုက်တော်ဆောင်မှာရှိတဲ့ ကြွက်ဖြူတစ်ကောင်ကို ယူချေလို့ အဆောင်ကိုင်တစ်ယောက်ကို တိတ်တဆိတ် စေလွှတ်လိုက်ကြပါတယ်။

အဲဒီနောက် ထိုသူနဲ့အတူ ကြွက်ဖြူပါ ပါလာခဲ့ပါတယ်။ ကြွက်ကို ကွမ်းအစ်အဖုံးနဲ့ ဖုံးအုပ်ပြီး ထားစေလိုက်ပါတယ်။

ပြီးမှ ခုလို မိန့်တော်မူလိုက်ပါတယ်။

"အမှာတော်ရေး(မောင်နိုး) မောင်မင်းဟာ ယခု ငါတို့ရှေ့က

မှောက်လို့ထားတဲ့ ကွမ်းအစ်အဖုံးရဲ့အောက်မှာ အဘယ်ပစ္စည်းမျိုးနဲ့ အဘယ် ဝတ္ထုမျိုးရှိပါသလဲ' မေးလေတော့တယ်။

အဲဒီမှာ အမှာတော်ရေးက ခုလိုစဉ်းစားပါတယ်။

'ငါဟာ ယခုနံနက်မှာ ရွှေနန်းတော်သို့ ဝင်လာခဲ့တယ်။ အတွင်းဝန်ကြီး ဦးပေါ်ဦးရဲ့ ဝင်းအနီးမှာ ဘေးမဲ့ဝက်မကြီးတစ်ကောင်က သားမွေးလို့ တွေ့ခဲ့ရတယ်' အဲဒီလို တွေ့မြင်ခဲ့ရတဲ့ ဝက်ကိုလည်း နိမိတ်တစ်ခုပြုလို့ လာခဲ့တယ်။

ဒါအတွက် အဲဒီနိမိတ်ကို ကောက်မယ်။ ဝက်နဲ့တူတဲ့ သတ္တဝါဟာ ဆင်နဲ့ ကြွက်တို့ပဲ ဖြစ်တယ်။ သူတို့ဟာ ပုံသဏ္ဌာန် တူကြပါတယ်။

အဲဒီဆင်နဲ့ ကြွက်ဖြစ်ပြန်တော့လဲ ဆင်ဟာ ကြီးမြင့်တဲ့ ကာယဗလရှိတာကြောင့် ဒီဟာနဲ့က အရာမဟုတ်နိုင်ပြန်ပါဘူး။ ကြွက်နဲ့သာပဲ သင့်တော်တဲ့အရာပဲလို့ ဆင်ခြင်မိတာကြောင့် အဲဒီကွမ်းအစ်ဖုံးရဲ့ အောက်မှာ ကြွက်ရှိတာကို လျှောက်ထားလိုက်ပါတော့တယ်။

'ဟင်..'

သူတို့ အံ့အားသင့်သွားကြပါတယ်။ ပြီးတော့မှ အတွင်းဝန်နဲ့ မင်းကြီးတို့က 'မောင်မင်း လျှောက်ထားတဲ့အတိုင်း ကြွက်တော့ မှန်ချေပြီ အဲဒီကြွက်အကောင်ရေ ဘယ်လောက်ရှိပါသလဲ' မေးပြန်ခဲ့ပြန်ပါတယ်။

အဲဒီမှာ ဝက်ကို တွေ့စဉ်က သားငယ်နှစ်ကောင်နဲ့ သားအိမ်မကို တွေ့မြင်ခဲ့တာကို ထောက်ရရင် သုံးကောင်ပဲ ဖြစ်ဖွယ်ရှိတယ်လို့ စဉ်းစားမိပြီးတော့မှ အဖြေကိုလည်း အဲဒီလိုပဲ စဉ်းစားမိလိုက်ပါတယ်။

'အဲဒီကြွက်ဟာ သုံးကောင်ရှိပါတယ်'လို့ လျှောက်ထားခဲ့ပါတယ်။

အဲဒီမှာ အတွင်းဝန်ကြီးနဲ့ ပုဏ္ဏားဝန် ရာမကစ္စနာတို့က ပြုံးရယ်ပြီးတော့ မိန့်တော်မူကြတာကတော့ 'အနုမာ မျက်ရမ်းဆ မှန်လှဆိုသူ

တစ်ယောက်ယူလော့' ဆိုပြီးတော့ ကွမ်းအစ်ကို ဖွင့်ထိုက်ကြပါတယ်။

'ဟင်..'

ယူလာခဲ့စဉ်အခါက လရက်စေ့ပြီးတဲ့ သန္ဓေပါရှိတဲ့ ကြွက်မဖြစ်လေတော့ ကွမ်းအစ်ရဲ့ အဖုံးအောက်သို့ ရောက်ပါမှ သားငယ်နှစ်ကောင် ပေါက်ဖွားခဲ့တာကြောင့် သုံးကောင်ပဲ အမှန်ဖြစ်နေတာကို တွေ့မြင်လိုက်ရပါတော့တယ်။

ဒါကြောင့် သိပ်ကို အံ့ဩပြီးတော့ ခုက္ကောဋ္ဌေယျ ချီးပမကုန် ဗိုလ်ပုံသိမ့်ငြား ရှိခဲ့ကြပါတော့တယ်။

ဒါကြောင့် နန်းတွင်းနန်းပြင် ဘဝရှင်မင်းတရားကြီးဘုရားရှေ့နားတော်သို့ထိ ကြားသိတော်မူခဲ့ကြပါတော့တယ်။

အဲဒီအခါမှာတော့ အတွင်းဝန် မင်းကြီးမင်းခေါင်ကျော်နဲ့ ပုဏ္ဏားဝန်ကြီး ရာမကစ္စနာတို့က အထိုက်အလျောက် ဆုလာဘ်လည်း ပေးခဲ့ကြပါတော့တယ်။

'အမှာတော်ရေး မောင်နီး မောင်မင်းမှာ အကျိုးရှိတန်ဖိုးဖြစ်စေဖို့ရာ အခွင့်ကို ငါတို့ ရှေ့နားတော်ကြား သံတော်ဦးတင်ပြီးတော့ အမိန့်တော်ခံလို့ ပေးကြမယ်။ မောင်မင်း ဝါစုဂ္ဂတ ပြုလုပ်လေ့လာတဲ့အရာကိုသာ အခါမလင့် ကြိုးစားပါလော့' မိန့်တော်မူလိုက်ပါတယ်။

ဒီလိုနဲ့ တစ်ခါမှာတော့ အဲဒီအမှာတော်ရေးမောင်နီးဟာ ရတနာပူရပြည်ရွှေဝရဲ့ ပစ္ဆိမဒိသာ နောက်မျက်နှာမှာ ငါးရာဖျားအမည်ရှိတဲ့ ရပ်ကွက်ရဲ့ အနီးဆီသို့ သူဟာ နောက်လိုက်နောက်ပါ တပည့်တွေ စာချီတွေနဲ့ လှည့်လည်ပြီး ရောက်ခဲ့ပါတယ်။

အဲဒီငါးရာဖျားအရပ်တွင်းက ဇော်တမော်ဆိုတဲ့ ကသည်းသူရှုးတစ်ယောက်ဟာ သူ့ရဲ့ လက်ယာလက်မှာ ပျိုးစည်း လက်ဝဲလက်မှာ

ပြောင်းစည်း အဲဒီနှစ်ခုကို ကိုင်လို့လာတာကို မြင်ရပါတယ်။

ဒါကြောင့် မိမိနဲ့ ပါလာခဲ့ကြတဲ့ တပည့်စာချီတွေကိုလည်းကောင်း ငါးရာဖျားရှာသူကြီး စတဲ့သူတို့ကိုလည်းကောင်း ကြားသိစေခြင်း အကျိုးငှာ ခုလို နိမိတ်ဖတ် မိန့်ကြားလိုက်ပါတော့တယ်။

'ကျောင်းဒကာလူကြီးမင်းတို့ လောကရဲ့အရာ လွန်စွာဆန်းကြယ်တဲ့ သဘောရှိပါတယ်' ဆိုပြီးတော့မှ…

အဲဒီလို ပညာရှိုင်းတွေး သိနိုင်ဝေးဘွဲ့ခဲ့ရာ ခက်ဆစ်တွေကို ထောက်ပြီးတော့ ဂန္ထန္တိုရ်အကျော် ဆရာတော်ကို ထုတ်ဖော်မိန့်ကြားခဲ့တာကတော့…

'လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော' ဆိုပြီးတော့ ဝစာနတ် ပြုတော်မူကြပါတယ်။ ယောမွေသဘာဝေါ အကြင်တရားသဘောဟု လုဇ္ဇတိ ဖြစ်တတ်တယ်။ ပလုဇ္ဇတိ ပျက်တတ်တယ်။ ဣတိတသ္မာ ထို့ကြောင့်သော မွှောသဘာဝေါ အဲဒီ တရားသဘောဟာ လောကေလောက မည်တယ်လို့ ဆိုတာကို ထောက်ပြီးတော့ လောကရဲ့ ဆန်းကြယ်ကြောင်းကို သိရတယ်။

အဲဒီလို လောကသုံးပါးမှာ ဆန်းကြယ်တဲ့ အရာဟူသမျှကို တစ်စမကျန် မဖောက်မပြန် အဟုတ်အမှန် ကေန်ပင်လျှင် ဝေဖန်ပိုင်းခြား ပြီးတော့ သိတော်မူတဲ့ သဗ္ဗညုနိမိတ် ဂုဏ်ထူးဟိတ်ကြောင့် ဆေကိန္ဒာဓိပတိ ပညိန္ဒသာမိ ကဝိဟူသမျှတို့ရဲ့ ဥဿျောင်တန်ဆောင်မှန်ကင်းဖြစ်တော်မူတဲ့ လူနတ်ဗြဟ္မာ သတ္တဝါတွေရဲ့ သရဖူမင်္ဂလာမင်္ဂကို လောကဝိဒ ဘိဇာနာတီတိ လောကဝိဒူလို့ မိန့်ဆိုတော်မူတဲ့ အဋ္ဌကထာ စကားကို ထောက်ပြီးတော့မှ အကြင်လောကဟာ ဝိပရိ ကာမမွေအလျောက် ဖောက်ဖောက်ပြန်ပြန် မရှိက အဲဒီလောက်ကို ဝေဖန်ပိုင်းခြားပြီးတော့ သိတော်မူတဲ့ ဘုရားလို့ ဆိုင်နိုင်ရန် လောကဝိဒူဆိုတဲ့ပုဒ်ကို အဘယ်မှာလျှင် ရနိုင်ပါတော့အံ့နည်း

ဆိုတဲ့ ဝုဒ်ပုဒ်ရှိရကား စင်စစ်မှချအားဖြင့် လောကဆန်းပြားတယ်ဆိုပြီး တော့ပဲ မှတ်ရမယ်။ အဘယ်ကို ထောက်လို့ သိရပါသလဲဆိုခဲ့ရင် ဆိုပြီးတော့ ဆက်မိန့်တာက…

သက္ကရာဇ် တစ်ထောင့်တစ်ရာတစ်ဆယ်ငါးခုနှစ် ရွှေတောင် တက်မြန်းကျွန်းကြီး ဇမ္ဗူပိုင်စိုးယူတဲ့ ရတနာသီခ မင်းထီးအာဒိကမ္မိက ကုန်းဘောင်သမ္မတ ပထမနေဝန်း ထွန်းတက်တော်မူတဲ့ ငါတို့ရဲ့ သေဋ္ဌနင်း ခမည်းတော် အလောင်းဘုရားဟာ ကောက်ကြွား သမ္ဘာရင့်မာ ဘုန်းပန်းပွင့် ပုဘာနန်းအခါ ပဲခူး ၊ ဟံသာ ရာဇာ စိမ်းပျက်ရန်ခင်းကိုးခြင်းနိမိတ် ပေါ်ထွက်ဟိတ်ကား ကိလိဋ္ဌရောယှက်စခန်း လက်ပြ နိစ်ကြိုလ် အိပ်ပါပ ဗျာယရာစနေမှုကြောင့် ပြည်သူ အယ်ကြောက်ဖွယ်မခန်း ငါးလင်ပန်းကပြု ထူးဆန်းလေရှိ ငါးပိဘဝ ရောက်ပြီးမှပင် ခတ်ပြအမြီး ဆတ်ဆတ်တီး၍ အုံ့မှိုးစကောင်း ဖြစ်တုံ့ရှောင်းတယ်။ အဲဒီအရာ နိမိတ်လာကို ဟံသာစိုးခြင်း ပြည်သေဋ္ဌနင်းလို့ မင်းမင်းရာဇာ သိသောခါလျှင် ပညာပဏ္ဍိပ်ပုရောဟိတ်တွင် အဟိတ်ကျော်ကြား ရှေ့သွားနာဂတ် သိတတ်အကျော် မဟော်ထပ်မှု အုံ့ညြဖွယ်လို သန္တိနီနဲ့ နှိုင်းညှိစစ်ဆေး ကောက်ယူတွေးလည်း အရေးမတွင် အေးမမြင်ရပ် မရှင်စိပ်စော ရွှေမနော်ဝယ် ဝေသောပင်လယ် ကဲ့သို့နှယ် ကြောင့် လေးဖွယ်ဗေဒင် သုံးအင်ပိဋကတ် နှံ့စပ်မယွင်း တို့လက်တွင်းမှာ အင်းဝရာဇာ မင်းမြန်မာတို့ ဖြစ်လာမျှော်တွေး နိမိတ်ရေးကို မေးမှတော်မည် ကြံစိတ်ရည်ကြောင့် အတည့်ကျကျ မေးလေကလျှင် ရတနာပူရ အဒိစ္စ နွယ်လာ မြန်မာတို့သေဋ္ဌနင်း အင်းဝမင်းသည် အခင်းကုန်စင် မြင်မြင်သလောက် နိမိတ်ကောက်လင့်ရာမှာတော့…

ဒီလိုပါ…။

ဟံသာဝတီ ရွှေပြည်ကြီးရှင် ဘုရင် မိနိတိုင်းတိုင်းလို့ ခွန်ဆက်လေးနှတ်

သမ္ဗာအာဏာလက်ရုံးပြိုင်ဘက်နှုန်းက ရှုံးရစမြဲ တင့်ထူးကဲတယ်။ အောင်ပွဲတော့အကျော်အကြည်တော် ချင့်မြော်စေငှာ နိမိတ်လာကား ငါးတွင်လည်း ငါးပိ ဇာတိအမည် ခေါ်ပြန်သည်မှာ သညာတွေဆန်း ငါးလင်ပန်းမှာ မြန်မာ ဇာတ်ကောက်ပါက ခေမာ ကုလား ဂမ္ဘေထားလော့ အသွားဖြောင့်စွာ သိဖို့ရာကား မြန်မာဟူသော အင်းဝပြည့်ရှင် ငါဘုရင်သည် အဲဒီငါးလင်ပန်းရဲ့ ဦးခေါင်းသေတာနဲ့ တူစွာကြုံရာမဲ့တဲ့ လက်ကုန်အာလန်း မြန်စွမ်းသုည ဖြစ်ပြီလို့ ယူရမယ်။

ဒီသေပြီးတဲ့ ငါးဦးခေါင်းဟာ နောက်ထပ် တဖန် မရှင်ပြန်သော်လည်း မြီးဆံတောင်လက်ခတ်လျက် ရှင်လာတဲ့ယမာသို့သော မဟာထီဘုရင် သာကီဝင်နတ် စက္ကရာတ်ဆူ မနေကူသည်ထွက်ပြူ ကျွန်းသိမ်းပေါ်လတ်မယ်လို့ ကောက်ယူရမယ်။

ငါကို ထောက်ပြီးတော့ နောက်များ မကြာမီမှာဘဲ မြန်မာ့ စွမ်းကျွန်းလုံးဥဿျောင်တန်ဆောင်နေမီး ဘုန်းကြီးရန်ငူ အကြည်တော်တို့ရဲ့ ဦးညွတ်ရာတဲ့ မင်း ,အင်း ဆင်းမင်းသာ ပျက်ပြုန်းပါအောင် ဟစ်ခါ ကုန်စင်လာသုတ်သင်မယ်။ ခနေရာသီဆိုတဲ့ မြန်မာမှုဆိုးဟာ တန်ခိုးတောက်ကြွားစားတော့လတ္တံ့သို့ စိုးဖြန့်အာဏာ ဖြစ်တော့မယ်။

ဒါကို ရည်ကြီးအတီရှေးက ညွှန်ခဲပြတဲ့ အင်းဝနိမိတ် သိုက်ဇာတ်ဟိတ်ဟာ အင်းကို ဟသ်ာ ဆွင်းလတ္တံ့၊ မင်္ဂလာမှုဆိုးလေးနဲ့ ခွင်းလတ္တံ့ဆိုပြီးတော့ လာချေတယ်ဆိုတဲ့ သိုက်စာအတွက်လို ငါသို့မြန်မာ ဟံသာဝတီပါ မင်းတရားကြီး မိန့်တော်မူခဲ့ပါတယ်။

အဲဒီလို မိန့်တော်မူတဲ့အတိုင်းပါပဲ..၊ နှစ်လ မဆိုင်းရက်အပိုင်းမှာ မိုးသို့မှိုင်းပြီး ကာဝိုင်းတက်လာ သွက်သွက်ခါအောင် စက္ကဝါကျမ်းကျင်လျှင်စွမ်းမျှ လမ်းပေါက်ပိတ်ရုတ် ဓေတ်သုတ်ဆို မြင့်မိုရ်သခင်

ဒေဝရင်ဟာ သေနင်ပဇာ ဝရဏာနဲ့ ဤသာနမှူး ရင်းညွှန့်ခူးသို့ ပျော်မြူး မတိတ် ကြောက်စိတ်မရှိ ပါဠိလိအရပ် ခွက်ပင်မင်းဟာ ပေါက်ရောက် အံအဲ.. ပပ္ပတအခြေ ပုလဲငွေနှန်းသဲမြေကိုးနဲ့ သုံးခုကုံးနဲ့မြ ခနောက်အလယ် မှာ စမွှယ်တော်မူတဲ့ အသူရာ သိကြားတွေနဲ့ စစ်ခင်းပြီးတော့ ကစား သကဲ့သို့ အလားထပ်တူ အပ်ဗျူးဆင် စစ်အင်ကျင်းပနိုင်တာကြောင့် လင်းလှတဲ့ ဘုန်းရောင်နဲ့ ကုန်းဘောင်ရွှေပြည်ကြီးလို မင်းထီး အဒိတမ္မိက ပြုပြီးတော့ တည်ဖော်ဖူတာကို ထောက်သဖြင့် လောကဆန်းကြယ်တာ လောကမှာ ဖြစ်မှုပျက်ဟိတ် ပြအတိတ်နဲ့ နိမိတ်ဘောင်စနည်းဆောင်တဲ့ ကိစ္စဟာ ဒိဋ္ဌဧကန်မှန်ချေပါတယ်။

ဒါကြောင့် ယခုကျောင်းဒကာ လူကြီးမင်းတို့ရဲ့နေရာ ငါးရာဖျား ရပ် အထွက်က ဒီဇော်တမော်ဆိုတဲ့ ကသည်းရှူးက ကိုင်ဆွဲလို့လာတဲ့ ပြောင်းစည်းပျိုးစည် နှစ်ခုကို ထောက်ပြီးတော့ နိမိတ်ထောက်ရရင် ပြောင်းဟာ ကြာသပတေး၊ ပျိုးကလဲ ကြာသပတေး မိုးကလဲ ကြာသပတေးပဲ ဖြစ်တာကြောင့် ငါးရက်သုံးလီ ကွန်ပျို့အီ ရေနီဖျက်၍ ပျို့လတ္တံ့ ဆိုပြီးတော့ ဆိုလိုရတော့ အရပ်က ပြောင်းရင်ပြောင်းကြ မပြောင်းရင် ဒီကနေ့ကစပြီး ရေရင်တစ်ဆယ့်ငါးရက် လွန်တဲ့နောက် ဧရာဝတီမြစ်ညာ တံကောင်းကြာညှပ် စတဲ့အရပ်တွေမှာ မိုးကြီးစွာရွာတာကြောင့် မြစ်ကမ်းလျှံမျှ ရေနီကြီး လာတာ ကြောင့် အဲဒီ ငါးရာဖျားရွာဟာ ပြိုပျက်တာသို့ ရောက်ရမယ် နိမိတ်ဖတ် လေတယ်။

အဲဒီနောက်မှာတော့ နေမျိုးလေခပျံချီ ဘွဲ့မည်ရှိတဲ့သူ့ရဲ့ အမှာတော် ရေးမင်း မောင်နိုး နိမိတ်ကောက်ခဲ့တာနဲ့ အညီပါပဲ..။ တစ်ဆယ့်ငါးရက် အလွန် တစ်ဆယ့်ခြောက်ရက်သို့ အဝင်မှာတော့ တကယ်ပဲ ကြီးစွာသော မိုးကြီးရွာပြီးတော့ မြစ်လုံးပြည့်လျှံ ပြင်းထံပျို့အီရေနီတင်ကြမ်းရက်မွှမ်း

ထစ်ကြီး တောင်ရိုးကမ်းပြတ်လာတာကြောင့် အဲဒီငါးရာ ဖျားရှာဟာ ရောဝတီမြစ်ထဲသို့ မျောပါးတာဖြစ်ခဲ့ရလေတော့တယ်။

တချို့သောသူတို့ကတော့ အဲဒီအမှာတော်ရေးမင်း စကားကို ယုံကြည်တာကြောင့် နာယူလို့ ချမ်းသာခွင့်ရခဲ့ကြပါတယ် ဆိုပါတယ်။

အဲဒီလို အမှာတော်ရေး မောင်နိုးရဲ့ အတိတ်နိမိတ် ကောက်ယူမှန်ကန်တာတွေကို ဘဝရှင်မင်းတရားကြီး ကြားသိလာတဲ့ အချက်တွေများလေရတော့···

အဲဒီ အမှာတော်ရေးငယ်ဟာ ပညာရှိဟိတ် နိမိတ်တမ်းခွန် ထင်ရှားရှိလေတယ်။

ဒီလိုကြောင့် အဲဒီ အမှာတော်ရေး နေမျိုးလေးပျံချီဆိုတဲ့ ဘွဲ့အမည်အရည်က ပြောင်းပြီးတော့မှ တစ်ဆင့်တက်ပြီးတော့မှ တစ်ဖန် အယူတော်မင်္ဂလာဆိုတဲ့ ဘွဲ့နဲ့ ဆားတောင်မြို့စားပေးစေ···။

ပြီးတော့ ငါ့ရဲ့ အပါးတော်သို့လဲ အခါမလင့် ခစားပြီးတော့ အတိုင်ပင်ခံစေဆိုတဲ့ အမိန့်တော်မြတ်ကို မှတ်တော်မူပြီးတော့ သူကောင်းပြုခဲ့တယ် ဆိုပါတယ်။

**** **** ****



# ၆။ နတ်မောင်နှမပုံပြင်

တစ်ခါက ဖြစ်ပါတယ်…။

ပုဂံပြည်မှာ သေလည်ကြောင်မင်း အုပ်စိုးနေစဉ်အခါကပဲ ဖြစ်ပါတယ်..။

ထီးပြိုင် နန်းပြိုင်အဖြစ် တကောင်းပြည်မှာလဲ တကောင်းမင်းကြီး အုပ်စိုးနေတဲ့ အချိန်အခါကပဲ ဖြစ်ပါတယ်။

အဲဒီမင်းကြီးလက်ထက် တကောင်းပြည်မှာ ပန်းပဲအတတ်နဲ့ တရားသဖြင့် အသက်မွေးဝမ်းကျောင်းပြုနေတဲ့ ပန်းပဲဆရာကြီး ဦးတင့်တော်မှာ သားတစ်ယောက်၊ သမီးနှစ်ယောက် ထွန်းကားခဲ့ပါတယ်။

ဖခင်ကြီးက သားဖြစ်သူကို ရုပ်ဆင်းအင်္ဂါနဲ့ ပြည့်စုံလှတာကြောင့် မောင်တင့်တယ်လို့ အမည်ပေးခဲ့ပါတယ်။

ချောမောလှပတဲ့သမီးနှစ်ယောက်ကိုတော့ စောမယ်ဘွား (မပြတ်လှ)နဲ့ ရှင်ထွေးလှ လို့ အမည်လေးတွေ အသီးသီးပေးထားခဲ့ပါတယ်။

မောင်တင့်တယ်တစ်ယောက်မှာတော့ အရွယ်ရောက်လာတဲ့အခါမှာတော့ ခွန်အားဗလကြီးမားလှတာကြောင့် တကောင်းဘုရင်ဟာ စိုးရိမ်စိတ်တွေ ဝင်ခဲ့ပါတယ်။

ပြီးတော့မှ မနာလိုစိတ်တွေ ဝင်ခဲ့ပါတော့တယ်။ အဲဒီစိုးရိမ်စိတ်တွေ၊ မနာလိုစိတ်တွေကြောင့် ပန်းပဲ မောင်တင့်တယ်ကို အဖမ်းခိုင်းခဲ့ပါတော့တယ်။

ဒါပေမဲ့ အားကောင်းမောင်းသန်ရှိလှတဲ့ မောင်တင့်တယ်ကို မဖမ်းနိုင်ကြဘဲ မောင်တင့်တယ် တစ်ယောက်လွတ်မြောက်ထွက်ပြေးခဲ့ပါတယ်။

ဒီအကြောင်းတွေကို ရှင်ဘုရင်ကြီးသိသွားတော့ ပိုပြီးတော့ စိုးရိမ်စိတ်တွေ ဖြစ်လာခဲ့ပါတယ်။

ဒါကြောင့် ယုတ်မာတဲ့ အကြံအစည်တွေနဲ့ မောင်တင့်တယ်ကို ဖျက်ဆီးပစ်ဖို့ စတင်ကြံစည်ခဲ့ပါတော့တယ်။

မောင်တင့်တယ်ရဲ့ နှမစောမယ်သာကို မိဖုရားမြှောက်ပြီးတော့ နှမငယ်ကိုလဲ မောင်တင့်တယ်ကို မြို့စားရာထူး ခန့်အပ်မှာဖြစ်ကြောင်း သတင်းပို့စေခဲ့ပါတယ်။

ပြီးတော့ မြို့တော်သို့ ပြန်လာဖို့ရာ လှည့်ဖြားခေါ်ယူလိုက်ပါတယ်။ ပြီးတော့ မောင်တင့်တယ် တစ်ယောက် မြို့တော်သို့ ပြန်အလာမှာ တကောင်းဘုရင်ဟာ စစ်သည်တွေကို ဖမ်းဆီးစေပြီးတော့ မောင်တင့်တယ်ရဲ့ ဘေးပတ်လည်မှာ ထင်းတွေကိုပုံစေပြီးတော့ အဲဒီထင်းပုံရဲ့အလယ်မှာပဲ မောင်တင့်တယ်ကို မီးရှို့သတ်ဖို့ရာ တစ်ချက်လွှတ်အမိန့်တော်ကို ထုတ်ပြန်လိုက်ပါတယ်။

တစ်ချက်လွှတ် အမိန့်တော်ဆိုတာ အမှန်တရားကို ဥပဒေကြောင်းအရ မိမိကိုယ်တိုင် သော်လည်းကောင်း၊ မိမိကိုယ်စား ရှေ့နေစတဲ့ တစ်စုံတစ်ယောက်က သော်လည်းကောင်း ကာကွယ်ပြောဆိုပိုင်ခွင့်မရှိတဲ့ အမိန့်တော်မျိုးပဲဖြစ်ပါတယ်..။

တရားခံတွေအတွက် သိပ်ကို နစ်နာစေနိုင်တဲ့ အမိန့်တော်တွေမျိုးပဲ ဖြစ်ပါတယ်။

မီးတောက် မီးလျှံတွေကြားမှာ ပူလောင်လွန်းလှတာကြောင့် လူးလိမ့်ခံစားနေရတဲ့ ကံခေလှသူ အစ်ကိုဖြစ်သူ မောင်တင့်တယ်ကို တွေ့မြင်လိုက်ရတဲ့ နှမငယ် စောမယ်သာ ဟာ "ငါ့ကြောင့် ငါ့အစ်ကိုကြီး အသေဆိုးနဲ့ သေရတာပဲ" လို့ နှလုံးအပူမီးကြွပြီးတော့ သူပါ တပါတည်း မီးပုံထဲ ခုန်ဆင်းလိုက်ပြီးတော့မှ မောင်နှမနှစ်ယောက်လုံး အတူသေပွဲဝင်ခဲ့ကြပါတော့တယ်။

ဖြစ်ရပ်ကတော့ နာကျည်းစရာပါပဲ။ သက်ဦးဆံပိုင် ရှင်ဘုရင်တွေရဲ့ မတရားတဲ့ အပြုအမူတွေကို တွေ့နိုင်ပါတယ်‥။ နိုင့်ထက်စီးနင်း ပြုမူပုံတွေကြောင့် မောင်တင့်တယ်တို့ မောင်နှမနှစ်ယောက်ကို စာနာမှုရှိတဲ့၊ သနားကြင်နာတဲ့ ပြည်သူတွေရဲ့ နှလုံးသားထဲမှာ ဖျောက်ဖျက်လို့ မရနိုင်အောင်ဘဲ ရှိခဲ့ကြပါတော့တယ်။

ဒီစိတ်တွေ ခံစားချက်တွေ ဒီအစွဲအလမ်းတွေကြောင့် ဆွေးတာသသ ဖြစ်နေရတဲ့ ပြည်သူတွေဟာ ဖြေသိမ့်စရာ တစ်ခုခု ထွက်ပေါက်တစ်ခုခုကို ရှာဖွေခဲ့ကြပါတော့တယ်‥။

အဲဒါလို ရှာဖွေနေစဉ်မှာပဲ ထူးဆန်းတဲ့ သတင်းစကားတွေ ဆက်တိုက်ဆိုသလိုပဲ ထွက်ပေါ်လို့ လာခဲ့ပါတော့တယ်။

မောင်တင့်တယ်တို့ မောင်နှမနှစ်ယောက် သေပြီး မကြာခင်မှာဘဲ နှစ်ယောက်စလုံးကိုဟာ စကားပင်ကြီးတစ်ပင်မှာ နတ်စိမ်းတွေ ဖြစ်နေကြ

တယ်ဆိုတဲ့ သတင်းပါပဲ…။ တကယ်မှန်တယ်ပဲဖြစ်ဖြစ်၊ မမှန်တယ်ပဲ ဖြစ်ဖြစ်၊ ဒီသတင်းစကားဟာ ပြည်သူတွေအတွက်တော့ အားတက် နှစ်သက်နေမိကြစေတာ အမှန်ပါပဲ‥။

အဲဒီနောက်မှာတော့ သတင်းစကားတွေဟာ ဆက်တိုက်ထွက်ပေါ် လို့ လာပြန်ပါတော့တယ်။

နတ်မောင်နှမ နှစ်ယောက်မှာ အဲဒီစကားပင်ကြီးမှာ နေပြီးတော့ တရားမဲ့လှတဲ့ တကောင်းဘုရင်ကြီးကို စိတ်နာလွန်းတာကြောင့် သူတို့နေတဲ့ စကားပင်ကြီးအောက်သို့ ဝင်ရောက်လာက လူပဲဖြစ်ဖြစ်၊ ခွေးပဲဖြစ်ဖြစ်၊ ကျွဲနွားတွေပဲဖြစ်ဖြစ် ရောက်လာသူအားလုံးကို ဖမ်းစားနေတယ်ဆိုတဲ့ သတင်းစကားတွေပါပဲ‥။ လက်တုံ့ပြန်တယ်ဆိုပါတယ်။

ဒီသတင်းစကားတွေကို တကောင်းဘုရင်ကြီး ကြားရတော့ ရှင်ဘုရင်ကြီးဟာ နတ်မောင်နှမနှစ်ယောက်တို့ရဲ့ နတ်ဘဝနဲ့ ကလဲ့စားချေမှု ပြုတာခံရမှာကို ကြောက်လွန်းလှတဲ့အတွက်ကြောင့် နတ်မောင်နှမ နှစ်ယောက်တို့နေတဲ့ အဲဒီစကားပင်ကြီးကို အမြစ်ပါမကျန် မြေလှန် တူးစေ ခဲ့ပါတော့တယ်။

ပြီးတော့ ဧရာဝတီမြစ်ထဲသို့ မျှောစေခဲ့ပါတယ်။ စကားပင်ကြီးက ဧရာဝတီမြစ်ကြောင်းအတိုင်း မျောလာခဲ့တယ်။ ပြီးတော့ ပုဂံနေပြည်တော် ဆိပ်ကမ်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာခဲ့ပါတော့တယ်။

ပုဂံပြည့်ရှင် သေလည်ကြောင်မင်းကြီးဟာ တကောင်းဘုရင် မျှောလိုက်တဲ့ အဲဒီစကားပင်ကြီးကို အိပ်မက်အရ ဆယ်ယူစေခဲ့ပါတယ်။

ပြီးတော့ စကားပင်ကြီးနဲ့အတူ ပါလာတဲ့ မောင်တင့်တယ်တို့ နတ်မောင်နှမကို ပုပ္ပါးမှာ နတ်ကွန်းဆောက်လုပ်ပြီး ကိုးကွယ်ပူဇော် ခဲ့ကြပါတယ်။

မောင်တင့်တယ် သေပြီးတော့ နတ်ဖြစ်လာတယ်လို့ ယူဆထားတဲ့ မောင်တင့်တယ်အမည်ခံနတ်ကို မင်းမဟာဂီရိနတ်လို့ ဘွဲ့အပ်နှင်းပြီး နှမတော်စောမယ်သာခေါ် ဒေါ်မယ်လှအမည်ခံနတ်ကိုတော့ တောင်ကြီး နတ်ရှင်ရယ်လို့ ဘွဲ့အပ်နှင်းပြီး ကိုးကွယ်ခဲ့ကြပါတယ်လေ…။

မင်းမဟာဂီရိနတ်ဟာ ပြည်သူတွေရဲ့ မြတ်နိုးမှုကို ရရှိခဲ့ပြီးတဲ့ နောက် အိမ်တွင်းနတ်၊ မင်းမဟာဂီရိနတ်ဆိုပြီးတော့ ကျော်ကြားလာခဲ့ပါ တော့တယ်။

အဲဒီနတ်တွေက အစထားပြီတော့ နတ်ကိုးကွယ်သူဦးရေ‥ မြန်မာ ပြည်မှာ တစ်စတစ်စများပြား လာခဲ့ပါတယ်တဲ့‥။ အရပ်ဒေသ အမျိုးမျိုး မှာ အခါအားလျော်စွာ ဖြစ်ပေါ်လာတဲ့ နောက်ထပ် လက်သစ်နတ်တွေကိုပါ ထည့်သွင်း ပေါင်းစည်းလိုက်တဲ့အခါမှာတော့ များပြားလာတဲ့ နတ်တွေကို အုပ်စုအသီးသီး ဖွဲ့ပြီးတော့ အတွင်း(၃၇)မင်း အပြင်(၃၇)မင်း ဆိုပြီးတော့ အများသဘောတူ သတ်မှတ်လိုက်ပြီး ကိုးကွယ်ကြတဲ့ အစွဲရှိခဲ့ရပါတော့ တယ်… ဆိုတာပါလေ‥။

**** **** ****

# ၇။ ရာဇဝင်

တောင်ပြုံးပွဲတော်ကြီးကို ကျင်းပခဲ့ကြပါတယ်။

မန္တလေးတိုင်း၊ မတ္တရာမြို့နယ် တောင်ပြုံးကျေးရွာမှာ နှစ်စဉ် ဝါခေါင်လမှာ ကျင်းပမြဲလဲ ဖြစ်ခဲ့ပါတယ်။

ဆုတောင်းပွဲ ဘုရားနဲ့ တောင်ပြုံးမင်းနှစ်ပါး နန်းတက်ပွဲကို ဝါခေါင် လဆန်း(၁)ရက်ကနေ (၁၅)ရက်(လပြည့်)နေ့ အထိ စည်စည်ကားကား ကျင်းပနေခဲ့တာကို သိထားခဲ့ကြရပါတယ်။

ဒီနှစ် (၂၀၁၁) မှာတော့ တောင်ပြုံးပွဲတော်ကို ရန်ကုန်မြို့ကြီးက ထွက်ခွာလာခဲ့ကြကာ ပြီး·· မြန်မာပြည်အနှံ့ဘုရားဖူး ခရီးသွားကားတွေရဲ့ ကားလိုင်းတွေက ကားအစီး (၃၀)ခန့်လောက်အထိ ထွက်ရှိခဲ့ပြီးတော့ ယခင်နှစ်တွေကကဲ့သို့ ကားအထွက်လဲ များခဲ့ကြပါတယ် ဆိုပါတယ်။ ပြီး·· ဒေသခံပတ်ဝန်းကျင်မြို့နယ်ကျေးရွာအသီးသီးက လာရောက်ကြသူတွေကလဲ များခဲ့ပါတယ်ပဲ ဆိုပါတယ်။။ ဒါကြောင့် ဒီနှစ်တွေအတွင်းမှာတော့ ဒီနှစ်ဟာ တောင်ပြုံးပွဲဟာ အစည်ကားဆုံးပွဲပဲလို့ ခရီးသွားလုပ်ငန်းဆောင်ရွက်နေသူ တစ်ဦးက သုံးသပ်ပြောဆိုခဲ့ပါတယ်။

ဩဂုတ်လ (၁၂)ရက် ညဦးပိုင်းမှာ မိုးသည်းသည်းထန်ထန် ရွာခဲ့တယ်။ ရိုးရာမပျက် နန်းတက်သူတွေနဲ့ ညလုံးပေါက် စည်းကားခဲ့တာလဲ သိရပါတယ်။

ဩဂုတ်လ (၁၃)ရက် နံနက်ပိုင်း ချိုးရေတော် သုံးပွဲအပြီး နံနက်

(၁၁)နာရီမှာတော့ ကားတွေ ပြန်လည်ထွက်ခွာခဲ့ကြပါတော့တယ်။

ကားကြီးကားလေး မော်တော်ဆိုင်ကယ်တွေ များပြားလွန်းတာကြောင့် နေရာမှာ ကားလမ်းပိတ်ဆို့လို့ နေတဲ့ထိဖြစ်ရပါတယ်။ ည(၈)နာရီလောက်မှာတော့ မတ္တရာ မန္တလေးလမ်းပေါ်သို့ ရောက်ခဲ့တာသိရပါတယ်။

တောင်ပြုံးပွဲတော် လာသူတွေအတွက် ဖျော်ဖြေပွဲက အသင့်ပါ…။ မိုးဝင်းတည်ထောင်တဲ့ ဟန်ဇာမိုးဝင်း၊ တင်ဇာမိုးဝင်း.. ဇာတ်သဘင်နဲ့ မော်ဒယ်မင်းသား စွမ်းဇာနည် ဇာတ်သဘင်တို့ဟာ ငါးညတိုင်တိုင်ပဲ ကပြခဲ့ကြပါတယ်တဲ့…။

ရိုးရာမပျက် တောင်ပြုံးပွဲတော်သို့ လာရောက်ကြပြီးတော့မှ ပုသိမ်ကြီး မြို့နယ်က စောမွန်လှစေတီသို့လည်း ရောက်သွားတတ်ကြရပါတယ်။

ပြီးတော့ တချို့က ပြင်ဦးလွင်မြို့နယ် ကိုးမြို့နန်းနတ်ကွန်းသို့လည်း ဆက်လက်သွားရောက်ကြပြီး နတ်ပူဇော်ပွဲတွေ ကျင်းပတတ်ကြပါတယ်။

ပြီးတော့ ပိတ်ချင်းမြောင်လိုဏ်ဂူ၊ ပြီး‥ ပွဲကောက်ရေတံခွန်သို့လဲ သွားရောက်အပန်းဖြေတတ်ကြပါတယ်။

အဲဒီမှာ အမှတ်တရ ပစ္စည်းဆိုင်၊ စားသောက်ဆိုင်တွေမှာလဲ ရောင်းအားတွေ ကောင်းခဲ့တာလို့ သိကြရပါတယ်။

တောင်ပြုံးပွဲတော်ကြီး အပြီးမှာတော့၊ တစ်ပတ်အကြာမှာတော့ အမရပူရ မြို့နယ်မှာ ကျင်းပတဲ့ ရတနာဂူပွဲတော်ကို ဆက်လက်ကျင်းပ ပြုလုပ်သွားမြဲပဲဆိုတာ သိထားခဲ့ရပါတယ်။

ဒါဟာ ရိုးရာဓလေ့ပါပဲ…။ စိတ်ဝင်စားစရာကောင်းလှတဲ့ အကြောင်းအရာပါပဲ…။

ဒါကြောင့် ဒီဖြစ်စဉ်လေးကို ခြေရာကောက်လေ့လာ ကြည့်မိခဲ့ပါတော့တယ်။

အဲဒီအခါမှာတော့ ခုလို တွေ့ရှိခဲ့ရပါတယ်။ ဒီလိုပါ…။

တစ်ခါက ဖြစ်ပါတယ်။

တစ်ခုသော အပြင်(၃၇)မင်း ပုံပြင်လာအကြောင်းပါ။ ခုလို တွေ့ရှိခဲ့ရပါတယ်။

အဲဒီနတ်အကြောင်းတွေကို ပြောပြချင်ပါတယ်။

မြန်မာနိုင်ငံမှာ အတော်အတန် နာမည်ရပြီးတော့ ကိုးကွယ်ပူဇော်ပသခံယူနေရပြီးဖြစ်တဲ့ အတွင်း(၃၇)မင်းအပြင်၊ အပြင်(၃၇)မင်း နတ်စာရင်းမှာ မပါဝင်နိုင်သေးတဲ့ နတ်တွေလဲ ကျန်ရှိလို့ နေပါသေးတယ် ဆိုပါတယ်။

အဲဒီ နာမည်ကျော် နတ်တချို့မှာ ရွှေဖျဉ်းညီနောင်နဲ့ သမိုင်းတစ်ဆက်တည်း ဖြစ်ပြီးတော့ ကျားအကိုက်ခံရပြီးတော့ သေဆုံးသွားခဲ့တဲ့ မရွှေဥပါ။ သူမ သေပြီးတော့ နတ်ဖြစ်လာတဲ့ မစာဥနတ်ခေါ် သခင်မတောင်တော်နတ်ပါ။ တောင်ပြုံးမှာ မယ်ဥနတ်ရုပ်နဲ့ နတ်စင်ရှိတယ်။ ပြီး… မင်းညီနောင်တို့ရဲ့ နို့ထိန်းဖြစ်တဲ့ နို့ထိန်းမယ်တော်နတ်ရယ်၊ ပုပ္ပါးမယ်တော်ကြီးနတ်ရယ်၊ မြစ်နားချောင်းနား ပင်လယ်နားမှာ နေထိုင်ကြတဲ့ ရေလုပ်သားတို့တွေ ကိုးကွယ်ပူဇော်နေတဲ့ ရေင်ပိုင်ဦးရှင်ကြီးနတ်ရယ်၊ ပြီး… ဦးရှင်ကြီးရဲ့ မယ်တော် မယ်ဖြူနတ်တို့လဲ ရှိပါတယ်။ ပြီး… လယ်သမားတွေ အထူးယုံကြည်ပြီးတော့ စပါးကျီးတို့မှာ စပါးတွေ သိုလှောင်ကြတဲ့အခါတွေမှာ တင်မြှောက်ပသနေကြတဲ့ ပုန်းမကြည်နတ်၊ ညောင်ဦး ရွှေစည်းခုံ ရှင်ပြင်

တော်ရဲ့ အနောက်တောင်ထောင့်မှာ တည်ရှိတဲ့ အဖေထက်သားတစ်လကြီး နတ်၊ ပြီး‥ ရွှေစည်းခုံ ရင်ပြင်တော်နဲ့ အရှေ့တောင်ထောင့်မှာ တည်ရှိတဲ့ (၃၇)မင်း နတ်ရုပ်တွေကို ထားရာမှာ အချို့ ရှမ်းနတ်တွေ ပြီး‥ ငါးရှာရှင်၊ ဆယ်ရှာရှင် စတဲ့ နတ်တွေဟာ အဲဒီစာရင်းမှာ ပါနေပေမယ့်လဲ မြဝတီ ဝန်ကြီးရဲ့ အပြင်(၃၇)မင်းစာရင်းမှာတော့ အဲဒီနတ်တွေ မပါသေးတာ ရှိတယ်။ ပြီး‥ ဖျာလိပ်ကိုထောင်ပြီး ထဘီ၊ အင်္ကျီ လက်ကောက်၊ တန်ဆာစတဲ့ မိန်းမတို့ရဲ့ အဝတ်အစားတွေနဲ့ ဆင်ယင်ပြီးတော့ မိန်းမတွေ မကြာခဏ နတ်မေးလေ့မေးထရှိကြတဲ့ မအောင်ဖြူ ဖျာလိပ်နတ်၊ ရွှေညောင်ပင်နတ်၊ လေချွန်နတ်နဲ့ ပဲခူးနယ်တဝိုက် ခေတ်စားလှတဲ့ နံကရိုင်းမယ်တော်နတ် စတာတွေမှာ ပြည်သူတွေရဲ့ အပူဇော်ခံနတ်တွေ ဖြစ်နေကြပြီ ဖြစ်ပေမယ့် (၃၇)မင်းနတ်စာရင်းမှာ မပါခဲ့တာ သိနိုင်ပါတယ်။ (၃၇)မင်း နတ်စာရင်းက ရှိထားနှင့်ပြီး ဖြစ်ပါတယ်။

မြန်မာပြည်မှာ နတ်တွေက တဖြည်းဖြည်းတိုးပွားလာခဲ့ရာ အတွင်း (၃၇)မင်းက အပြင်(၃၇)မင်း အရေအတွက်တွေ များပြားလာခဲ့ ပါတယ်။

အတွင်းအပြင်ဆိုတဲ့ ဝေါဟာရတစ်ခုဖြစ်ပေါ်လာခဲ့ရတာဟာ အနော်ရထာမင်းကြီး လက်ထက်က မင်းအမိန့်နဲ့ နတ်အိမ်တွေကို ဖျက်ဆီး ပြီးတော့ နတ်ရုပ်တွေကိုလဲ သံကြိုးနဲ့ချည်တွဲပြီးတော့ ပုဂံရွှေစည်းခုံ ဘုရားတစ်နေရာမှာ ထားရှိလာမှုကို အကြောင်းပြုပြီးတော့ ယခင်က ရွှေစည်းခုံနဲ့ ဘုရားတံတိုင်းအတွင်းမှာ ရုပ်ပုံနဲ့တကွထားရှိပြီးဖြစ်တဲ့ နတ်စင် တွေကို အတွင်း(၃၇)မင်း၊ အနော်ရထာမင်းကြီးရဲ့ အမိန့်တော်ကြောင့်

နောက်ဆုံး ရောက်လာခဲ့တဲ့ နောက်တိုးနတ်တွေကိုတော့ အပြင် (၃၇)မင်းလို့ ခေါ်ကြတာပဲ ဖြစ်ပါတယ်တဲ့…။

နတ်အရေအတွက်နဲ့ ပတ်သက်ပြီး ဘယ့်နှယ်ကြောင့် (၃၇)မင်း ဂဏန်းကိုပဲ ယူထားရတာလဲ မေးခဲ့ရင် (၃၇)မင်းအရေအတွက် သတ်မှတ်ထားရတာနဲ့ ပတ်သက်ပြီး မဟာသမယသုတ်၊ အာဋာနာဋိယသုတ်တို့မှာ ထားရှိတဲ့ နတ်မင်းကြီး (၉)ပါး၊ နတ်စစ်သူကြီး (၂၈)ပါး၊ ပေါင်း (၃၇)ပါး နံပါတ်အရေအတွက်ကို အတုယူပြီးတော့ အတွင်း(၃၇)မင်း၊ အပြင်(၃၇)မင်းလို့ ပုဂံခေတ် ပညာရှင်တွေက သတ်မှတ်ခဲ့ကြဟန်တူတာလို့ သုတေသီတွေက ကောက်ချက်ချခဲ့ကြပါတယ်။ နောက်လဲ ရှိပါသေးတယ်။

ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းဂန်လာ (၃၇)မင်း…

(၁) ဣန္ဒ နတ်မင်းကြီး။
(၂) သောမ နတ်မင်းကြီး။
(၃) ဝရုဏ နတ်မင်းကြီး။
(၄) ဘာရဒ္ဒါဇ နတ်မင်းကြီး။
(၅) ပဇာပတိ နတ်မင်းကြီး။
(၆) စန္ဒ နတ်မင်းကြီး။
(၇) ကာမသေဋ္ဌ နတ်မင်းကြီး။
(၈) ကိန္နုဃဏ္ဍု နတ်မင်းကြီး။
(၉) နိဃဏ္ဍု နတ်မင်းကြီး။
(၁၀) ပနာဒ ယက္ခသေနာပတိ နတ်စစ်သူကြီး။
(၁၁) ဩပမည ယက္ခသေနာပတိ နတ်စစ်သူကြီး။

(၁၂) ဒေဝသုတ (မာတလိ) ယက္ခသေနာပတိ နတ်စစ်သူကြီး။
(၁၃) စိတ္တသေန ယက္ခသေနာပတိ နတ်စစ်သူကြီး။
(၁၄) နဠောရာဇ ယက္ခသေနာပတိ နတ်စစ်သူကြီး။
(၁၅) ဇနေသဘယက္ခသေနာပတိ နတ်စစ်သူကြီး။
(၁၆) သာတာဂီရိ ယက္ခသေနာပတိ နတ်စစ်သူကြီး။
(၁၇) ဟေမဝတ ယက္ခသေနာပတိ နတ်စစ်သူကြီး။
(၁၈) ပုဏ္ဏကယက္ခသေနာပတိ နတ်စစ်သူကြီး။
(၁၉) ကရတိယ ယက္ခသေနာပတိ နတ်စစ်သူကြီး။
(၂၀) သိဝက ယက္ခသေနာပတိ နတ်စစ်သူကြီး။
(၂၁) မုစ္စလိန္ဒ ယက္ခသေနာပတိ နတ်စစ်သူကြီး။
(၂၂) ဝေဿဂ မိတ္တ ယက္ခသေနာပတိ နတ်စစ်သူကြီး။
(၂၃) ယုဂန္ဓရ ယက္ခသေနာပတိ နတ်စစ်သူကြီး။
(၂၄) ဂေါပါလ ယက္ခသေနာပတိ နတ်စစ်သူကြီး။
(၂၅) သုပ္ပရောဓ ယက္ခသေနာပတိ နတ်စစ်သူကြီး။
(၂၆) ဟိရိ ယက္ခသေနာပတိ နတ်စစ်သူကြီး။
(၂၇) နေတ္တိ ယက္ခသေနာပတိ နတ်စစ်သူကြီး။
(၂၈) မန္ဒိယ ယက္ခသေနာပတိ နတ်စစ်သူကြီး။
(၂၉) ပဉ္စာလစဏ္ဍ ယက္ခသေနာပတိ နတ်စစ်သူကြီး။
(၃၀) အာဠဝက ယက္ခသေနာပတိ နတ်စစ်သူကြီး။
(၃၁) ပဇ္ဇုန္န ယက္ခသေနာပတိ နတ်စစ်သူကြီး။
(၃၂) သုမန ယက္ခသေနာပတိ နတ်စစ်သူကြီး။

(၃၃) သုမုခ ယက္ခသေနာပတိ နတ်စစ်သူကြီး။


(၃၄) ဒဓိမုခ ယက္ခသေနာပတိ နတ်စစ်သူကြီး။

(၃၅) မဏိ ယက္ခသေနာပတိ နတ်စစ်သူကြီး။

(၃၆) မဏိစရ ယက္ခသေနာပတိ နတ်စစ်သူကြီး။

(၃၇) သေရိသက ယက္ခသေနာပတိ နတ်စစ်သူကြီးတို့ပဲ ဖြစ်ပါတယ်လေ။

**** **** ****



# ၈။ ဒီလိုရှိတယ်

ခုတလော စာစောင်တွေမှာ ဂမ္ဘီရနဲ့ သရဲတစ္ဆေဇာတ်ကားတွေက အဆက်မပြတ် ထွက်လို့ လာခဲ့တာ တွေ့ရပါတယ်။

ဒီကားတွေကို သေသေသပ်သပ် ရိုက်ရတယ်။ အတိတ်၊ ပစ္စုပ္ပန် အနာဂတ် သုံးခုကို ကိုက်ညီမှ ဆင်ဆာက ခွင့်ပြုတယ်။ ပရိသတ်လက်ခံဖို့ ကတော့ အဓိကပဲပေါ့လေ..၊ တကယ်ရှိနိုင်တာကို မရှိလို့လဲ မတွက်ပါနဲ့၊ တကယ် မရှိနိုင်တာကို အရှိလို့ မတွက်ပါနဲ့တဲ့ ဆိုကြပါတယ်။

စိတ်က သိပ်အစွဲအလမ်းကြီးနေတာကို အရင်ရောက်စေ နိုင်အောင် ရိုက်ရတယ်ပဲ ဆိုပါတယ်။

ရန်ကုန် လက်ရှိရိုက်ကူးနေတဲ့ မြန်မာဗီဒီယိုဇာတ်ကားတွေမှာ ဂမ္ဘီရကားတွေ၊ သရဲတစ္ဆေကားတွေကို လူကြိုက်များ နှစ်သက်နေကြပြီး အဆက်မပြတ် ထွက်ရှိနေတာ သိရတယ်လဲ ဆိုခဲ့ပါတယ်။

ဂမ္ဘီရဆန်ဆန် ဇာတ်ကားတွေ ရိုက်ကူးရာမှာ အဓိပ္ပါယ်ရှိရှိ ရိုက်ကူးတင်ပြရပြီး ပရိသတ်ကို ပညာသားပါတဲ့ ဇာတ်လမ်းတွေကိုလဲ အဓိကအနေနဲ့၊ ဗုဒ္ဓဘာသာကို အခြေခံပြီး တရားနဲ့အညီ ရိုက်ကူးကြရပါတယ်။ ဒီကရုပ်ရှင် အသိုင်းအဝိုင်းက၊ အဲဒီဇာတ်လမ်းတွေကိုပဲ ရိုက်ကူးနေကြတယ်။ ဂမ္ဘီရဇာတ်ကားတွေနဲ့ ပတ်သက်တဲ့ စကားတွေကတော့

သေသေသပ်သပ် ရိုက်ရတယ်။ အတိုတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ပုံစံ ကိုက်ညီမှု မရှိလို့ ဆင်ဆာက ခွင့်ပြုတာနဲ့ ပတ်သက်ပြီးတော့ ဈေးကွက်မှာ မြို့ကတော့ အဓိကပဲလို့ ဆိုပါတယ်။ တကယ်ရှိနိုင်တာကို မရှိနိုင်ဘူး၊ မရှိနိုင်ပါဘူးလို့ မတွက်ပါနဲ့၊ စိတ်က သိပ်အစွဲအလမ်းကြီးနေတာကို အမှန်တကယ် မရှိနိုင်လောက်ထိ ရိုက်ကူးရတယ်လို့လဲ ဂျာနယ်က ဆက်ရေးပြီးပြောခဲ့ပါတယ်။

ထပ်မံပြီး ဆက်တင်အပြင် အဆင်ပိုင်းနဲ့ပတ်သက်ပြီး ဦးဆင်ပေါက်ဆိုသူကလဲ ကိုယ်တိုင်လုပ်ရမယ့် အကြောင်းအရာအပေါ် မူတည်ပြီး ဆက်တင်ကို အတတ်နိုင်ဆုံး တင်တယ်။ ညဆိုရင်လဲ လိုအပ်တာတွေကို လုပ်တယ်။ အခက်အခဲတော့ သိပ်မရှိပါဘူး။ ကြိုးစားပြီး လုပ်ရတယ်လို့ ထပ်မံပြောခဲ့ပါတယ်။

ဒါရိုက်တာတစ်ယောက်ကလဲ သရဲကားကို လူကြီးပရိသတ်ကလဲ ကြိုက်ကြတာ ပိုများပါတယ်။ ကလေးတွေကတော့ ဟာသကား ပိုကြိုက်ကြတယ်လို့ ပရိသတ်တွေ အကြိုက်ကို သုံးသပ်ပြခဲ့ပါတယ်။ အဲဒီနောက်မှာ တော့ နတ်ဖက်တဲ့စုံတွဲတွေ ဆိုတာလဲ ရှိပါတယ်။ နတ်စွဲတွေ ချေချွတ်ထားတာလဲပဲ ဖြစ်ပါတယ်။ အဲဒီမှာ မင်းသားသရုပ်ဆောင်တာ ကောင်းလှပါတယ်။ ခုတလောမှာတော့ တစ်ခါ၊ နတ်ဖြစ်ရတဲ့ဒုက္ခဆိုတာ ရှိလာခဲ့ပြန်ပါတယ်။

နတ်‥ နတ်‥ နတ်နဲ့ဆိုင်ရာတွေ သတိထားမိလာခဲ့မိပါတယ်။ ဒါကြောင့် နောက်ကြောင်း တချို့တွေခြေရာကောက်မိခဲ့ပါတယ်။ အပျိုတော် အကကိုလဲ ကြိုက်လှပါတယ်။ ဒီနောက်မှာတော့ နတ်ဆိုတဲ့ အကြောင်း တရားကိုပါ အထူးလေ့လာအားထုတ်မိခဲ့ပါတော့တယ်။

ပြီး.. အပြင် (၃၇)မင်း (ပုံပြင်)အကြောင်းတစ်ခုပါလေ..။ တစ်ခါက ဖြစ်ပါတယ်။

ပုဂံခေတ်က အတွင်း(၃၇)မင်း အရေအတွက်မှာတော့ (၃၇)ပါးလုံး ပြည့်နေခဲ့ပြီးဖြစ်ပါတယ်။ အနော်ရထာလက်ထက်မှာ အပြင်(၃၇)မင်းမှာ (၃၇)ပါးအတွက် မပြည့်သေးဘဲနေတာလဲ တွေ့ရပါတယ်။

ပုဂံခေတ်နောက် ပင်းယ၊ အင်းဝ၊ တောင်ငူခေတ်တို့မှာတော့ အပြင်(၃၇)မင်း စာရင်းရလို့ ဖြည့်ထားတာ တွေ့ရပါတယ်။ နတ်တွေကို ရွှေစည်းခုံဘုရားဆိုတဲ့ တံတိုင်းအတွင်းမှာ ထားရှိတဲ့ ရည်ရွယ်ချက်မှာ စောင့်ရှောက်ဖြစ်စေဖို့ရာ သဘောထားဟန်တူတယ်လို့ အမျိုးသားပညာဝန် ဦးဖိုးကျားက ကောက်ချက်ချထားခဲ့ပါတယ်။

ဒါပေမဲ့ ပုံဂံခေတ်ရေး စေတီဝင် ပါဠိနိဿယမှာ ဖော်ပြထားတာ ဟာ အဲဒီလို နတ်ရုပ်တွေကို ထားတဲ့ရည်ရွယ်ချက်ကို အဲဒီပုံဂံခေတ်ရေးရဲ့ အဲဒီစေတီဝင် ပါဠိနိဿယမှာ ဆိုထားတာဟာ သက္က စတုလောကပါလ ဝဿဝဏ္ဏာဒီနိ သိကြားနတ်မင်း စတုလောကပါလ ဝဿဝဏ်နတ် အစ ရှိကုန်တဲ့ အနေက ဒေဝရူပါ နိစ္စများစွာသော နတ်မင်း၊ ရုပ်တို့ကို လည်းကောင်း၊ ဓေယန်ထူပါ ဓေယခုံ ရွှေစေတီတော်ကြီးကို ရက္ခိတုံ စောင့်ရှောက်စေ ခြင်းငှာ ဋ္ဌပေတိ ထားလတ်နေတာပဲဖြစ်ပါတယ်။

အနော်ရထာမင်းကြီးက သူ့ရဲ့ကုသိုလ်တော်ဖြစ်တဲ့ စေတီတော်ကြီး အတွက် အစောင့်ရှောက်အလို့ငှာ နတ်မင်းတွေကို ထားတယ်လို့ ဆိုပါတယ်။ ဒီကနေ့ခေတ် ဖူးတွေ့နေရတဲ့ စေတီတော်တွေရဲ့ ရင်ပြင်မှာ နတ်ကွန်း နတ်နန်းနဲ့ ရောနှောယှက်တင်ပြီး တွေ့မြင်နေရလေတော့ရာ အဘယ်

ရည်ရွယ်ချက်နဲ့ ထားရှိတာကို တာဝန်ယူဆောင်ရွက်သူတွေရဲ့ သဘောလဲပဲ ဖြစ်ခဲ့တယ်ဆိုတာ သိနိုင်ပါတယ်လေ..။

## အပြင် (၃၇)မင်း

(၁) သိကြားမင်း အောက်ခံ ဆင်ရုပ်ဦးခေါင်းလုံးခံ၄င်းအပေါ်က ပဒုမ္မာကြာပွင့်မှာ မတ်ရပ်ထပြီး လက်က လယ်ယာခရုသင်း လက်ဝဲလက်က သားမြီးယပ်သားမြီးယပ်ကိုင်သိကြားမင်း လက်ဝတ်တန်ဆာနဲ့ ရှိတယ်။

(၂) မဟာဂီရိနတ် (အိမ်တွင်းအဖေကြီးနတ်) (ပန်းပဲ မောင်တင့်တယ် အားအင်အစွမ်းကြီးမားပြီးတော့ တကောင်ဘုရင်က စိုးရိမ်စိတ်နဲ့ ဖမ်းဆီးကာ ဖိုထိုးပြီး အသဏ်ခံခဲ့ရ)က မတ်ရပ်ထပြီး မင်းသားလို အဆောင်အယောင် ဖောင်းနားတောင်းစလွယ်နဲ့ ဝဲလက်က ယပ် ယာလက်က ဓားကိုင်ထားတယ်။

(၃) နှမတော်နတ်(မောင်တင့်တယ်နှမစောမယ်ယာ (ခေါ်) ဒေါ်မြတ်လှ မောင်တင့်တယ်ကို ဖိုထိုးသတ်နေစဉ် မီးပုံတွင်း ခုန်ဆင်းပြီး အတူသေခဲ့သူ၊ ဆင်နတ်မအရုပ်တို့မှာ ဘီလူးရုပ်ဆင်ဆင် အဲဒီအပေါ်မှာ မတ်ရပ်ထပြီး ယာလက်ကို လက်မနဲ့ လက်ညှိုးကြစုသီးကိုင်ပြီး ရင်ကို ပိုက်နေဟန် ဝဲလက်က ကိုယ်ကို မြှောက်ပြီး ချထားဟန်။

(၄) ရွှေနပေနတ် (မင်းတုန်းမြို့သူ နဂါးနဲ့ညား လင်ပစ် ငရွှေနံ့ဘေးသွားပြီး စိတ္တဇနဲ့ သေရသူ၊ နောက်တစ်နည်း နဂါးမျိုး ဖြစ်ပြီးတော့ မောင်တင့်တယ်နဲ့ ပြေးလွှားနေစဉ်မှာ

ညားခဲ့တယ်။ ဥနှစ်လုံးမွေးဖွားပြီး သေရသူကြာခံ့ပေါ်မှာ မတ်ရပ်ထပြီး ဦးခေါင်းမှာ နဂါးလည်ပေါ် စည်းပုံဆောင်ဆူးနား တောင်းပန်၊ ယာလက်က ရင်ကိုပိုက် ဝဲလက်က ကိုယ်မှာ မြွောက်လို့ ချထားတယ်။

(၅) သုံးပန်လှနတ် (မောင်တင့်တယ်ရဲ့နှမထွေး မနဲပိရဲ့အမေ မောင်တင့်တယ်ကို အမှုဖြစ်စဉ်အခါ သုံးပန်းလှရခိုင်ပြည်ရောက်ရှိနေ ရခိုင်မင်းက သမီးအဖြစ်မွေးစား..။ နောင်အခါ ဥက္ကာလာပမင်း မိဖုရားဖြစ်၊ သမီးရှင်နဲ့မိကို မွေးဖွားပြီးနောက် ဆွေမျိုးတွေနဲ့ တွေ့ဖို့လို့ တကောင်မြို့သို့ ပြန်ခဲ့ရာ အင်းဝမြို့အနောက် တပယ်ထောက်ရစ်ရွာ အရောက် ရုတ်တရက်ဖျားပြီး သေခဲ့တယ်) နောက်တစ်နည်း ဟံသာဝတီမြို့က ကန်စွမ်းနိမ့်ရွာသူ၊ တစ်နေ့သုံးကြိမ်သုံးဖန်လှတာဖြစ်လို့ ဒွတ္တပေါင်းမင်းကြီးသို့ ဆက်သလာရာမှာ မင်းကြီးရဲ့ မိဖုရားတွေက မနာလိုလို့ သုံးဖန်လှသွားရောက် ကြည့်သူတွေကို တံစိုးလက်ဆောင်ပေးပြီးတော့ ကိုယ်လက် အလွန်ကြီးမားသူဖြစ်ပြီး မြို့တံခါးမဆံ့တာကြောင့် မသွင်းယူသင့်ကြောင်း တင်လျှောက်စေရာ မင်းကြီးယုံကြည်ပြီး မြို့ပြင်မှာ နေစေခဲ့တယ်။ နောက်ပိုင်းမှာ မင်းကြီး မသိမ်းယူတော့မှန်း သိပြီးတော့ စိတ်ညစ်ပြီး သေခဲ့ရသူ၊ ဆင်ရုပ်ခံ ဘီလူးခုံမှ မင်စုပ်တံ ဆံကျစ်ပြီး ရစ်ထုံးကာ လက်ကရင်ကိုမ ဝဲလက်က ကိုယ်မှာ ပြောင်းချထားတယ်။

(၆) မနဲမိနတ် (သုံးပန်လှရဲ့သမီး၊ မယ်တော်သုံးပန်လှ သေဆုံးစဉ် နှစ်နှစ်သမီးမျှဖြစ်တဲ့ မနဲမိဟာ မယ်တော်ကို လွမ်းဆွတ်ပြီး သေရသူ ကြာခံပလ္လင်ပေါ်မှာ မတ်ရပ်။ ထမီခါးချပ်ဝတ်ပြီး လက်ကောက်ပုတီး စည်းပုံနဲ့ လက်နှစ်ဖက်ကို လွဲချဟန် ကလေးရုပ် ထုရတယ်။

(၇) တောင်မကြီးနတ်၊ ရှင်ညို(ခေါ်) ကိုညိုရွှေနပေရဲ့သားပါ။

(၈) မြောက်မင်းနတ် ရှင်ဖြူ(ခေါ်) ကိုဖြူ (ရွှေနပေရဲ့သား) (ညီအစ်ကိုနှစ်ယောက် ဒွတ္တပေါင်မင်းကြီးထံမှာ ခစားနေရာမှာ ၎င်းတို့နှစ်ယောက်ရဲ့အစွမ်းသတ္တိကို သိရှိသွားကာ မင်းကြီးစိုးရိမ်တာကြောင့် အဲဒီညီအစ်ကို နှစ်ယောက်ကို အချင်းချင်းလက်ဖွေ့ လက်ပန်းထိုးကြစေရာ နှစ်ယောက်လုံး နလုံးရင်ကွဲပြီး သေကြရသူတွေ။ တောင်မကြီးရုပ်မှာ ကြာခံခုံ၊ လက်ဝဲလက်ယာ သုံးဖက်စီ အထက်ဝဲယာလက် နှစ်ဖက်က လက်အုပ်ချီပြီး ရင်မှာ ကပ်ထားတယ်။ ကျန်ဝဲလက်နှစ်ဖက်က တုတ်နဲ့ သိုင်းကာလက်နှစ်ဖက်က လုံကိုင်ထားတယ်။ ခေါင်းမှာ ခမောက်ကို ဆောင်းပြီး စစ်ဝတ်တန်ဆာအစုံနဲ့ ရှိတယ်။ မြောက်မင်း ရှင်ဖြူမှာလည်း လက်ခြောက်ဖက်နဲ့ပဲ ဖြစ်တယ်။

(၉) ထီးဖြူဆောင်းနတ် (ပုဂံအနော်ရထာရဲ့ခမည်းတော် ကွမ်းဆော်မင်း) (၃၂၆-၇၄၈)ပဲ ဖြစ်တယ်။ ရဟန်းအဖြစ်နဲ့ အနိစ္စ ရောက်တယ်။ ပလ္လင်ခုံပေါ်မှာ တင်ပျဉ်ခွေပြီတော့ သင်္ကန်း ဒုကုဋ်တင်ဟန်နဲ့ မိုးကြိုးသွားပုံ ခေါက်ချာဆောင်းထားတယ်။

ယာလက်တစ်ဖက်ကသရဘတ်ကိုင်ပြီး(ကပ်ကိုင်းပြီး) ဝဲလက်က ဒူးအပေါ် တင်ထားတယ်…။

(၁၀) ထီးဖြူဆောင် မယ်တော်နတ် (ကွမ်းဆောင်မင်းရဲ့ မယ်တော် ကြာခံခုံပေါ်မှာ ကျုံ့ကျုံ့ထိုင်ပြီးတော့ ယာလက်ဟာ ဝမ်းကိုပိုက်ပြီး ဝဲလက်က ပေါင်ပေါ်တင်ထားဟန် ဆံထုံး ဆံမြိတ် ဆံထိုးနဲ့ ရှိတယ်)

(၁၁) ပရိမ္မရှင်မင်းခေါင်နတ် (ကွမ်းဆောင်မင်းရဲ့သား ကြည်းစို (၃၄၈-၃၅၄)မင်း တောတွင်းသမင်ပစ်မယ်လို့လေးရွယ်နေစဉ် မုဆိုးတစ်ဦးက အဲဒီသမင်ကိုပစ်ရာ ကြည်းစိုးမင်းကို လာထိမှန်ပြီး အနိစ္စရောက်ခဲ့သူ အောက်ခံပုလ္လင်ပေါ်မှာ တင်ပျဉ်ခွေပြီးတော့ ဖောင်းသရဖူဆောင်း၊ လက်ယာလက် က ဒူးလေးထမ်းဟန်၊ ဝဲလက်က လက်ဝဲစွန်းကို ထောက်ထားဟန် ဝဲလက်က ဒူးလေးထမ်းဟန်··)

(၁၂) ရွှေဖျဉ်းကြီး ရွှေဖျဉ်းလေး နောင်တော်နတ် (ကုလားဗျတ္တနဲ့ ပန်းစားဘီလူးမတို့ရဲ့သား····)

(၁၃) ရွှေဖျဉ်းငယ် (ရွှေဖျဉ်းညီတော်နတ်) (ကုလားဗျတ္တနဲ့ ပန်းစား ဘီလူးမတို့ရဲ့သားတွေ) ပုဂံအနော်ရထာမင်း (၄၀၆-၄၃၉) လက်ထက် တောင်ပြုံးအရပ်မှာ အနော်ရထာမင်း ဘုရားတည်ရာမှာ ၄င်းတို့အတွက် အုတ်လပ်တယ် (အုတ်- ၂ချပ် လပ်တယ်) ဆိုပြီးတော့ ကွပ်မျက်ခံခဲ့ရသူတွေ၊ ရွှေဖျဉ်းကြီးနတ်မှာ အောက်ခုံစွန်းရိုးပလ္လင်ပြန့်ပေါ်မှာ

လက်ယာဒူးထောင် လက်ဝဲဒူးလှဲ ယာလက်က ဓားထမ်း ဝဲလက်က ပေါင်ကို ထောက်၊ ဖောင်းနားထောင် လက်ကောက်တန်ဆာနဲ့ ရှိတယ်။ ရွှေဖျဥ်းငယ်အတွက် အထက်ပုံအတိုင်း..၊ ဒါပေမဲ့ ရုပ်ပုံကို အနည်းငယ်ပြီး ထုလုပ်ရတယ်...။

(၁၄) မန္တလေးဘိုးတော်နတ် (ပုဏ္ဏားသား ရွှေဖျဥ်းညီနောင်ကို ဘုရင့်အမိန့်တော်အရ မွေးထားရသူ၊ ၄င်းညီနောင် ရာဇဝတ်သင့်ရာမှာ ရောပြီး ကွပ်မျက်ခံရသူ ရွှေဖျဥ်းညီနောင်တို့ကို အဘိုးခေါ်တာဖြစ်ပြီး၊ ဘိုးတော်ဆိုပြီး လည်းကောင်း၊ မန္တလေးအရပ်မှာ အသတ်ခံရပြီး မန္တလေး ဘိုးတော်ဆိုပြီးလဲပဲ အမည်တွင်ပါတယ်။ အောက်ခံပလ္လင်ခုံ မှာ မတ်ရပ်ထပြီးတော့မှ ဖောင်းဆင်ပြီးတော့ ဝဲလက်ဓားထမ်း ယာလက်မနဲ့ လက်ညှိုးလက်ဆစ်ပြဟန် ထုလုပ်ရတယ်။ "ငါ့မှာ လက်တဆစ်မျှ အပြစ်လည်း မရှိ"လို့ ဆိုလိုတယ်။

(၁၅) ရှင်ရွှေနတ် (မန္တလေးဘိုးတော်နမ၊ မန္တလေးဘိုးတော်နဲ့ ရောပြီး အသတ်ခံရတယ်။ ကြာခံနုံ ဆံထုံးလုလင်၊ ကြည့်ဆံထိုး၊ ဆံကျစ်အစုံနဲ့ လက်နှစ်ဖက်ကို တွဲလွဲချပြီး ကွလို့ သွားဟန် ထုလုပ်ရတယ်။

(၁၆) ညောင်ချင်းအိုနတ် (သထုံမနူဟာမင်းအနွယ်၊ ပုဂံအနော်ရထာမင်းလက်ထက် ကုဋ္ဌနူနှာနဲ့ ပုဂံမှာ အနိစ္စရောက်ခဲ့ရသူ၊ အောက်ခံလေးထောင့် မတ်ရပ်ထပြီး လက်ခြေတွေက

လူနှုကဟန် ယာလက်တောင်ဝှေးကိုင် ဝဲလက်အထက်မြှောက်ထားဟန် သျှောင်ထုံးနဲ့ ထုလုပ်ရတယ်။

(၁၇) မင်းစည်သူနတ် (ပုဂံအလောင်းစည်သူမင်းကြီး (၄၇၄-၅၂၉) သားတော်ကုလားကျမင်းခေါ် နရသူက အဝတ်နဲ့ မျက်နှာကို အုပ်ဖိသတ်ပြီး နတ်ရွာစံခဲ့ရသူ၊ အောက်ခံပလ္လင် ယာဒူးထောက်‥ ဝဲဒူးချ ယာဒူးအပေါ်မှာ ယာလက်ရုံးတင်ပြီး လက်ညှိုးထိုးဟန်…ဝဲလက်က ဝဲဒူးကို ထောက်ပြီး ဖောင်းစလွယ်၊ နားတောင်းရွှေ့ဘယက် နောက်ဘယက်နဲ့ ထုလုပ်ရတယ်။

(၁၈) မင်းသား ဒန်းမောင်ရှင်နတ် (ပုဂံအလောင်းစည်သူရဲ့ သားတော်ကြီး မင်းရှင်စောရဲ့သား သာမဏေဘဝနဲ့ ဒန်းကစားရာမှာ ဒန်းပေါ်ကကျပြီး အနိစ္စရောက်ခဲ့ရတယ်။ ပလ္လင်ခုံပြန် တင်ပျဉ်ခွေ ယာလက်က စောင်းကို ပိုက်ပြီး ဝဲလက်က ကြိုးကို ထောက်ဟန် စောင်းကို စလွယ်နဲ့ ထုလုပ်ရတယ်။

(၁၉) ကျော်စွာနတ် (ကိုကြီးကျော်) (မင်းရဲကျော်စွာ ပခန်းဦးမင်းကျော်လို့ အမျိုးမျိုးတွင်တဲ့ ကျော်စွာနတ် ကျော်စွာနတ်ကို ပုဂံအလောင်းစည်သူ (၄၇၄-၅၂၉) ရဲ့ အမတ်တစ်ဦးဆိုပြီး လည်းကောင်း၊ ပုဂံသိန်းခွန်မင်း (၉၆-၁၀၆)ရဲ့ သားဆိုပြီး လည်းကောင်း၊ အင်းဝရှင်ဘုရင်သား မင်းရဲ ကျော်စွာ ဆိုပြီးလည်းကောင်း ဆိုကြပါတယ်။ ပထမအဆို

မှာ ပုပ္ပါးသူအရက်သည် မဘိုမယ်နဲ့ အကြောင်းပါတယ်။ ကြက်၊ အရက်ပွဲတွေနဲ့သာ ပျော်ပါးနေသူ၊ သောက်စားနေသူ ဖြစ်ပါတယ်။ ဒုတိယအဆိုမှာ အစ်ကိုစည်သူက သတ်ပြီး သေတယ်လို့လည်းကောင်း၊ တတိယအဆိုမှာ မွန်တို့နဲ့ တိုက်ရတဲ့ ဒလစစ်ပွဲမှာ ကျဆုံးတယ် ဆိုပြီးတော့လဲ အဆိုရှိပါတယ်။ မြင်းစီးပြီးတော့ လက်ယာကြိမ်ကိုင်၊ လက်ဝဲကို မြှင့်၊ ဇက်ကို သျှောင်ထုံးနဲ့ ထုလုပ်ရတယ်။

(၂၀) အောင်စွာမကြီးနတ် [ပုဂံနရပတိ စည်သူမင်း (၅၃၆-၅၇၃)] ရဲ့ အမတ် ငအောင်စွာပဲဖြစ်တယ်။ နာရပတိစည်သူမင်းက နောင်တော်မင်းယည် နရသိခ်ကို သွားပြီးလုပ်ကြံပါ။ အောင်မြင်ရင် မရီးတစ်ယောက်နဲ့ ပေးစားမယ်လို့ ဆိုခဲ့တယ်။ အောင်မြင်တဲ့အခါမှာတော့ စကားအတိုင်း မပေးစားလို့ "ထွီ" လို့ဆိုခဲ့မိလို့ အကွပ်မျက်ခံရသူဖြစ်တယ်။ မြင်းစီးပြီး တော့ လက်ဝဲ ဇက်ကိုင် လက်ယာ ဓားထမ်းခေါင်းထုပ် ဖောင်းနဲ့ ရှိတယ်။

(၂၁) ရွှေစစ်သင်နတ် [ပုဂံစောမွန်နတ်မင်း (၆၈၇-၇၃၀)]ရဲ့ သားပဲ ဖြစ်တယ်။ ခမည်းတော်က စစ်ချီစေရာမှာ ပေါ့လျော့စွာ ကြက်လိုက်ကစားနေတာနဲ့ ခမည်းတော်က ခြေထိပ်ခတ် နိုင်းရာမှာ အနိစ္စရောက်ခဲ့ရတယ်။ ဒွန်းရီး ပလ္လင်ခံ ယာဒူးထောင် ဝဲဒူးလှဲ ယာလက်ဓားထမ်း၊ ဝဲလက် က ဒူးပေါ်အုပ်ဖောင်းခံလျက် ရှေ့ဘယက်၊ နောက်ဘယက်နဲ့

ထုလုပ်ရတယ်။

(၂၂) မယ်တော်ရွှေစကားနတ် (ပုဂံစောမွန်နစ်ရဲ့ မိဖုရားရွှေစစ်သင်ရဲ့ မယ်တော်၊ သားတော်ရွှေစစ်သည် သေဆုံးရာမှာ လွမ်းဆွတ်ကြေကွဲပြီး အနိစ္စရောက်ခဲ့သူ၊ ကြာခံနံ့ကျုံ့ကျုံ့ထိုင် ဝဲလက်က ပေါင်ကိုထောက်၊ ယာလက်က ရင်ကိုပိုက်ချီ။

(၂၃) ငါးစီရှင်နတ် [ပင်းယသီဟသူမင်း (၇၀၄-၇၁၂)]ရဲ့သားမင်းဖြစ်ပြီး ကိုးနှစ်အရှိမှာ ဖျားပြီး အနိစ္စရောက်သူပဲဖြစ်တယ်။ ဆင်ဖြူရုပ် ကိုယ်တစ်ခုမှာ ခေါင်းငါးလုံး၊ တစ်လုံးမှာ ဟိုင်းဆင်မျိုး၊ တစ်လုံးမှာတံ ဆင်မျိုး၊ တစ်လုံးမှာပဲဆင်၊ တစ်လုံးမှာ ပေါက်ဆင်၊ တစ်လုံးမှာ တည်ဆင်မျိုး ထုလုပ် ပြီး ဆင်ကိုယ် အပေါ်မှာ ကြာပွင့်၊ ကြာပေါ်မှာ မှန်စီရွှေချ၊ ၎င်းအပေါ်မှာ ဗောင်းသရဖူ ဆင်ပြီးတော့ နတ်ရုပ်တင်တယ်။ ကြာပွင့်အနား ထီးဖြူလေးစင်းစိုက်တယ်။ ဆင်ဖြူအနားမှာ ရွှေမြူတာလေး ရေးထည့်ထားတယ်။

(၂၄) မင်းတရားနတ် [အင်းဝမင်းခေါင်ရဲ့နောင်တော်ဖြစ်တဲ့ ဆင်ဖြူရှင် တရဖျားမင်း (၇၆၂-၇၆၃)]ဖျားပြီး အနိစ္စရောက်ခဲ့တယ်။ ဗွန်းရိုးခံပလ္လင်နဲ့ တင်ပျဉ်ခွေ။ မင်းတန်ဆာ၊ အရံ(၁)ယောက် ယပ်ကိုင်ဝဲလက် ဒူးအုပ်။

(၂၅) မောင်ပိုးတူနတ် [ပင်းယမြို့သား လက်ဖက်ကုန်သည် အင်းဝဘုရင်မင်းခေါင် (၇၆၃-၇၈၃)]လက်ထက် ဝန်တင်ကုန်တွေနဲ့ မိုးမိတ်၊ သီပေါမြို့တို့သို့ အရောင်းအဝယ်တက်ပြီး

အပြန်မှာ လက်ဖက်ချလာရာ အုန်းကြောလမ်းရှာ အနီး တောင်ခြေမှာ ကျားကိုက်ခံရပြီးတော့ သေခဲ့သူပဲ ဖြစ်ပါတယ်။ ကျားရုပ်ပေါ်မှာစီးပြီး ယာလက်က ကြိမ်ကိုင်၊ ဝဲလက်က ပေါင်ကိုထောက်၊ လျှောင်ထုံးနဲ့ ထုလုပ်ရတယ်။

(၂၆) အနောက်မိဖုရားနတ် [အင်းဝပထမမင်းခေါင်ရဲ့ အနောက်ဆောင်မိဖုရား] အင်းဝမြို့က အနောက်ယာခင်းသို့ ကိုယ်လုပ်မောင်းမတို့နဲ့ အပျော်သွားရာမှာ မင်းကျော်စွာ မြင်းနဲ့လာတာကို တွေ့ခဲ့ပြီး အပြန်မှာ မီးယပ်နာနဲ့ ကံကုန်ခဲ့သူပဲ ဖြစ်တယ်။ ကြာခံ ကျုံ့ကျုံ့ထိုင်၊ ဆံထုံးဆံမြိတ်မှာ ဆံထိုး၊ ဆံကျင်နဲ့ သားငယ်ကို ပိုက်ပွေ့၊ နို့တိုက်ဟန်နဲ့ပဲ ဖြစ်ပါတယ်။

(၂၇) အောင်ပင်လယ် ဆင်ဖြူရှင်နတ် [အင်းဝ ပထမမင်းခေါင်ရဲ့ သားတော်သီဟသူမင်း (၇၈၃-၇၈၇)] ကုန်းဘောင်စော်ဘွားက လုပ်ကြံပြီးတော့ ဆင်ဦးမှာ သေဆုံးရသူပဲ ဖြစ်တယ်။ ဆင်ဖြူရုပ်ပေါ်မှာ ပလ္လင်တပ်ပြီး ပလ္လင်ပေါ်မှာ တင်ပျဉ်ခွေ၊ လက်ယာ ယပ်ကိုင်၊ လက်ဝဲ ဒူးတင်၊ ဖောင်းနားဒွေး သရဖူအစုံ၊ ဆင်ရှေ့ဦးချွန်းကိုင်ပြီးတော့ ဝပ်တွားနေဟန် .. နောက်ပဲ့စီးက ဓားထမ်းပြီး ကနေဟန်။

(၂၈) ရှင်ကုန်းနတ် [အောင်ပင်လယ် ဆင်ဖြူရှင်နတ်ဖြစ်တဲ့ အင်းဝ သီဟသူမင်းရဲ့ ကိုယ်လုပ်တော်] အောင်ပင်လယ်က အပြန် အင်းဝအရောက်မှာ သေဆုံးခဲ့သူ၊ ကြာခံ ဆံထုံး လုလင်ကြည်၊ ဆံထိုးဆံကျင်အစုနဲ့ လက်နှစ်ဖက်ကို တွဲလွဲချ ပြီးမှ

ကုန်းပြီးတော့မှ သွားဟန်ဖြစ်တယ်။

(၂၉) ရွှေနော်ရထာနတ် [အင်းဝဒုတိယမင်းခေါင်ရဲ့မြေး၊ ဘထွေးတော်ရွှေနန်းကြော့ရှင် (၈၆၃-၈၈၈)လက်ထက် ရွှေနော်ရထာ၊ ရဲကျွန်း ငသောကြာ-ရွှေနော်ရထာကို ပုန်ကန်ပြီးတော့ ရွှေနော်ရထာကို ရေမှာ ဖျောက်ဖျက်ခဲ့တယ်] ဖွန်ရိုးပလ္လင်ခံ ယာဒူးထောင် ဝဲဒူးလှဲ၊ ယာလက်က ဗလီတံကိုင်၊ ဝဲလက်က ဗလီလုံးကိုင်တယ်။

(၃၀) မင်းရဲအောင်တင် အင်းဝအနောက်ဘက်လှန်မင်းရဲ့သား၊ သာလွန်မင်း (၉၀၀-၁၀၁၀)ရဲ့သမက်၊ ဘိန်းရှူ့အရက် သောက်ပြီး အရက်ကြူးပြီး သေခဲ့ရတယ်။ အောက်ခံကြာခံ တင်ပျဉ်ခွေ၊ သျှောင်နဲ့ စောင်းပိုက်နေဟန်ဖြစ်တယ်။

(၃၁) မောင်မင်းဖြူနတ် အင်းဝမင်းခေါင်တစ်ပါးရဲ့သားတော် ဘိန်းဘင်းအရက်ကြူးပြီးသေခဲ့သူ။ ကြာခံတင်ပျဉ်ခွေ ဖောင်းထုပ်ပေါင်းပြီး ငြင်းမှုတ်နေဟန် ရှိပါတယ်။

(၃၂) ရှင်တော်နတ် (အင်းဝရှင်သာမဏေ တစ်ပါး) မြွေကိုက်ခံ ရပြီး သေဆုံးခဲ့သူ အောက်ခံလေးထောင့် မတ်ရပ်၊ ဦးထုပ် ဆောင်း၊ သင်္ကန်းလေးဖက်တင်၊ ယာလက်ယာယပ်ထမ်း။ ဝဲလက်ပတီးကိုင်နဲ့ပဲ ဖြစ်ပါတယ်။

(၃၃) တပင်ရွှေထီးနတ် တောင်ငူဘုရင် (၈၉၂-၉၁၂) သမိန်စော ထွတ်ရဲ့ ညီအလတ် လက်ဝဲစားမှူးက ဓားနဲ့ ခေါင်းဖြတ် လုပ်ကြံခံခဲ့ရသူပဲဖြစ်ပါတယ်။ လေးထောင့်ခုံပလ္လင်ခံ

တင်ပျဉ်ခွေ ဖောင်းသရဖူ၊ ယာလက်က ဓား၊ ဝဲလက်က ဒူးအုပ်။

(၃၄) မြောက်ဘက်ရှင်မနတ်၊ တောင်ငူတပင်ရွှေထီးရဲ့ အထိန်းတော် မင်းရဲသခ်ရဲ့ နောက်မယား မြောက်ဘက် ကတူးရွာသူ မိဘရပ်သို့ သွားပြီးတော့ အပြန်မှာ စစ်ကိုင်းမြို့ အနောက်မှာ မီးဖွားပြီး မီးယပ်နာနဲ့ ကံတော်ကုန်ခဲ့သူ။

(၃၅) တောင်ငူရှင်မင်းခေါင်နတ်၊ မြောက်ဘက်ရှင်မနဲ့ မင်းရဲသိခ်သူတို့ရဲ့သား တောင်ငူမှာ မင်းခေါင်အမည်နဲ့ (၉၀၄-၉၄၆) မင်းပြုခဲ့သူပဲဖြစ်ပါတယ်။ ခွန်းရိုးခံ၊ ပလ္လင်ခံ၊ တင်ပျဉ်ခွေ၊ ဖောင်းနားတောင်းအစုံ၊ လက်ယာ ယပ်ကိုင်၊ လက်ဝဲ ဒူးအုပ်ပုံပဲ ဖြစ်ပါတယ်။ ကြာခုံကြဲ့၊ ကြဲ့ထိုင်၊ လက်ယာလက်က ရင်ကိုပွေ့ပိုက်ဟန်၊ လက်ဝဲလက်က ဒူးစွန်ကိုထောက် ဆံထိုးမြိတ်မှာ ဆံထိုးနဲ့ ထုလုပ်ရပါတယ်။

(၃၆) သံတော်ခံနတ် တောင်ငူဘုရင်မင်းခေါင်ရဲ့ သံတော်ခံရဲဖျားဆိုသူဖြစ်တယ်။ မြေတူမြို့အနီး တောအရပ်သို့ ပန်းခူးသွားရာမှာ ငှက်သင့်ငှက်ဖျားသင့်သေခဲ့ရသူပဲဖြစ်တယ်။ နောက်တစ်နည်း မင်းခေါင်ကြီးက ညအခါ နန်းတော်အတွင်း မြတ်လေးပန်း ချုံမှာပန်းဆွတ်ခိုင်းရာက မြွေကိုက်ခံရပြီး သေဆုံးခဲ့ရသူ ကြာခုံမှာထိုင်ပြီးတော့ လက်ယာက ယပ်၊ လက်ဝဲက ဒူးမှာအုပ်ပြီးတော့ ခေါင်းမှာ

မြစ်ချွန် ဖောင်းနဲ့ ထုလုပ်ရပါတယ်။

(၃၇) ယွန်းဘုရင်နတ်၊ ဇင်းမယ် ဘုရင်ပြသံ (၉၂၁)ခုမှာ ဟံသာဝတီ ဆင်ဖြူရှင်ဘုရင့်နောင်ဟာ ဇင်းမယ်ကို လုပ်ကြံဖမ်းယူခဲ့ပြီးတော့ ချီးမြှောက်ထားရာ ဝမ်းသွေးသွန်ရောဂါနဲ့ သေလွန်ခဲ့သူပဲဖြစ်တယ်။ ပလ္လင်ခံ၊ လက်ယာ ဒူးထောက်၊ လက်ဝဲဒူးလှဲ၊ ယာလက်က ကြံဆစ်သိုင်းတုတ်ကိုထမ်း၊ ဝဲလက်က လက်ဝဲပေါင်ကို ထောက်၊ ခေါင်းမှာ မြစ်ညွှန့်ဖောင်းနားတောင်းနဲ့ ထုလုပ်ရပါတယ်။

ဒါဟာ မြဝတီဝန်ကြီးဦးစ မှတ်သားထားတဲ့စာရင်းကို အခြေခံထားတာ ဖြစ်တာလို့ ဦးဖိုးကျားက မှတ်သားခဲ့တာလို့ ဆိုထားခဲ့ပါတယ်။

**** **** ****



# ၉။ သိကြားစေ သက်သေသွန်း

ယုံကြည်မှုဟာ ဆင်ခြင်တုံတရားရဲ့ နောက်ဆက်တွဲပဲ ဖြစ်တယ်။

*(ဗီလျံအေဒမ်းစ်)*

နတ်တွေဟာ လောကီအကျိုးကို အခါအားလျော်စွာ ပေးစွမ်းနိုင်ကြတယ်လဲ ဆိုပါတယ်။ ဒါကို တရားတော်မှာလဲ ဖွင့်ဆိုထားပါတယ်။ မြန်မာမှုမှာ နတ်နဲ့မကင်းမှုတွေကလဲ အစဉ်အလာရှိလို့ နေနေပါတယ်လေ။

ဗဟုသုတပါ။ ဒီလိုပါ အတွင်း (၃၇)မင်းဆိုတာ····

(ပုဂံခေတ် -၃၇မင်း)

အဲဒီဗုဒ္ဓဘာသာလာ (၃၇)မင်းကို အတုလိုက်ပြီး ပုဂံခေတ်အနော်ရထာတို့ ကျန်စစ်သားတို့ လက်ထက်ဆီက စပြီးတော့ အဲဒီပုဂံခေတ် (၃၇)မင်းဟာ ပေါ်လာခဲ့ပါတယ်တဲ့။ ပုဂံရွှေစည်းခုံဘုရားတံတိုင်းရဲ့ အတွင်းမှာ ရုပ်ပုံနဲ့တကွ ထားခဲ့ပြီးတော့ အတွင်း (၃၇)မင်း ခေါ်ခဲ့ပါတယ်။

အဲဒီစာရင်းကို ရုပ်ပုံထုလုပ်ဟန်နဲ့တကွ ရှေးဦးက ရှေးဦးမှာ ပြခဲ့ပါတယ်။ ပြီးတော့မှ မှတ်ချက်ရေးပါတယ်။

(၁) တေရှ္ဌ (ဂန္ဓဗ္ဗနတ်ပဲဖြစ်တယ်။ နတ်ဝတ်တန်ဆာ၊ ဒုယင်ဝတ်ပြီး လက်တစ်ဖက်က သန်လျက်ကိုင်လျက်နဲ့ ဒူးတစ်ဖက်ထောင်၊ တစ်ဖက်လှဲနဲ့ပဲဖြစ်ပါတယ်။)

(၂) ဝိရူဠှတကန (ကုမ္ဘဏ်နတ်၊ အဲဒီအတိုင်းပါပဲ)
(၃) ဝိရူပက္ခ (နတ်နဂါး အဲဒီအတိုင်းပါပဲ)
(၄) ကုဝေရ (နတ်ဘီလူး၊ နတ်ဝတ်တန်ဆာ၊ ဒုယင်သုံးဆင့် ခြေထောက်သုံးချောင်း၊ အစွယ်ရှစ်ချောင်း၊ သံတင်းပုတ်ကိုင် ဟန်နဲ့ပဲ ဖြစ်ပါတယ်)
အဲဒီ(၄)ပါးဟာ စတုမဟာရာဇ်နတ်ကြီး(၄)ပါးပဲ ဖြစ်ပါတယ်။
(၅) သိကြား (သိကြားနတ်ရုပ်အတိုင်း၊ ခရုသင်းထားပြီး ယပ်ကိုင် ထားပါတယ်)
(၆) မဟေသရ (နတ်ဝတ်တန်ဆာ၊ နွားလားဥသဘကို စီးထား ပါတယ်။ လှံတံ ခွကိုကိုင်ထားပါတယ်)
(၇) မဟာပိန္နဲ (နတ်ကိုယ်နဲ့ ဆင်ဦးခေါင်း၊ လက်ယာဘက်၊ လက်နှစ်ခွမှာ အထက်လက်မှာ ချွန်း၊ အောက်လက်မှာ သန်လျက်ကိုင်ဟန်..၊ လက်ဝဲလက်မှာ နှစ်ခွ၊ အထက် လက်မှာ စက်ဝန်း၊ အောက်လက်မှာ မိမိဦးခေါင်းရှိ ဆင်နှာ မောင်းကို ကိုင်ဆုပ်နေဟန် ကြွက်ယာဉ်ကို စီးထားပါတယ်)
(၈) စန္ဒီ(နတ်သမီး) လက်ဆယ်ဘက်၊ လက်ယာဘက် ငါးဘက်မှာ ဓားလှံ၊ သန်လျက်၊ လှံချွန်၊ ဓားမြှောင်တစ်ခုစီ ကိုင်ထားပါ တယ်။ လက်ဝဲငါးဘက်မှာ ဒိုင်း၊ ထီး၊ လေး၊ ပုတီး၊ ခရုသင်း၊ တစ်ခုစီကိုင်ထားပါတယ်။ ပတ္တမြား နီခဲတဲ့ ခြသေ့ယာဉ်နဲ့ သွားလာလို့လို့ အာဒိကပ္ပကျမ်းမှာ ဆိုထားပါတယ်။

(၉) သူရဿတီ (နတ်သမီး) (ဥက္ကါယဂင်စိုက် နတ်တန်ဆာဆင်ပြီးတော့ ဟင်္သာငှက်ပေါ်မှာ ထိုင်ပြီးတော့ လက်နှစ်ဘက်မှာ ကြာပန်းကို ကိုင်နေဟန်နေထိုင်ပုံပဲဖြစ်ပါတယ်။

(၁၀) ပြဿဗ်ဂီ ရဿဗ်ဂီ (နတ်သမီး လက်က ပန်းခိုင်ကို ကိုင်ပြီးတော့ ဘုရားရှိခိုးနေဟန်ပုံပဲဖြစ်ပါတယ်)

(၁၁) စန္ဒ (စန္ဒီနတ်သမီး၊ အတိုင်းပဲဖြစ်ပါတယ်၊ နတ်သမီးတန်ဆာနဲ့ နတ်သားတန်ဆာအဝတ်သာပဲခြားပါတယ်)

(၁၂) အာဋ္ဌစီ (မတ်ရပ်ထပြီးတော့ သန်လျက်ကိုင်နဲ့ပဲဖြစ်ပါတယ်)

(၁၃) မာရ်နတ် (လက်ဝဲလက်ယာ လက်ဆယ်ခွစီ၊ လက်နက်တစ်မျိုးစီပေါင်း လက်နက်အမျိုးနှစ်ဆယ်ကိုင်ပါတယ်)

(၁၄) သောတာပန် (အင်ကြင်းပင်စောင့် အင်ကြင်းပန်းနားဘုရားရှိခိုးနေဟန်ပဲဖြစ်ပါတယ်)

(၁၅) အနာဂါမ် (ရွှေသပိတ်စောင့်၊ ယင်နှင်နတ်၊ သပိတ်တော်အနီး ယပ်ခတ်နေဟန်ပဲဖြစ်ပါတယ်)

(၁၆) ဇမ္ဗူဒီပါ (မတ်ရပ်ထ သန်လျက်ကို ကိုင်လျက်ပါ)

(၁၇) ဇမ္ဗူတာံဆိပ် (မတ်ရပ်ထ သန်လျက်ကိုင်နဲ့ပါ)

(၁၈) ဇမ္ဗူချမ်းသာ (မတ်ရပ်ထ သန်လျက်ကိုင်နဲ့ပါ)

(၁၉) ဇမ္ဗူကျက်သရေ (မတ်ရပ်ထ သန်လျက်ကိုင်နဲ့ပါ)

(၂၀) ဇမ္ဗူသပြေ (ဒူးတစ်ဘက်ထောင်၊ တစ်ဘက်လှဲထိုင်ပြီးသန်လျက် ကိုင်ထားပါတယ်)

(၂၁) ဇမ္ဗူ့တန်ဆောင် (ဒူးတစ်ဘက်ထောင်၊ တစ်ဘက်လှဲထိုင်ပြီး သန်လျက်နဲ့ပါပဲ…)

(၂၂) ဇမ္ဗူ့တပွတ် (ဒူးတစ်ဘက်ထောင်၊ တစ်ဘက်လှဲထိုင်ပြီး သန်လျက်ကိုင်နဲ့ပါပဲ…)

(၂၃) ဇမ္ဗူ့ရန်အောင် (ဒူးတစ်ဘက်ထောင်၊ တစ်ဘက်လှဲထိုင်ပြီး သန်လျက်ကိုင်နဲ့ပါပဲ…)

(၂၄) ရွှေသက်စိုး (မတ်ရပ်ထ သန်လျက်ကိုင်နဲ့ပါပဲ…)

(၂၅) ရွှေပြည်သင် (မတ်ရပ်ထ သန်လျက်ကိုင်နဲ့ပါပဲ‥)

(၂၆) ရွှေညီသင် (မတ်ရပ်ထ သန်လျက်ကိုင်နဲ့ပါပဲ‥)

(၂၇) ရွှေစကား (မတ်ရပ်ထ သန်လျက်ကိုင်နဲ့ပါပဲ‥)

(၂၈) စကားပင်စောင့်နတ် (လက်မှာ စကားပွင့်ပန်းနဲ့ ရှိခိုးနေဟန်ပဲ ဖြစ်ပါတယ်)

(၂၉) မန်ကျည်းပင်စောင့်နတ် (မတ်ရပ်ထ သန်လျက်ကိုင်နေဟန်ပဲ ဖြစ်ပါတယ်)

(၃၀) ဆင်ဖြူရှင်နတ် (ဆင်ဖြူတော်စီးဟန်ပဲဖြစ်ပါတယ်)

(၃၁) မြင်းဖြူရှင်နတ် (မြင်းဖြူစီးဟန်ပဲဖြစ်ပါတယ်)

(၃၂) ငဆွဲသင် (မတ်ရပ်ထ သန်လျက်ကိုင်နဲ့ပဲဖြစ်ပါတယ်)

(၃၃) ငန္ဒဲ့သင် (မတ်ရပ်ထ သန်လျက်ကိုင်နဲ့ပါပဲ‥)

(၃၄) ပက်မသင် (မတ်ရပ်ထ သန်လျက်ကိုင်နဲ့ပဲဖြစ်ပါတယ်)

(၃၅) ဘုံမသင် (မတ်ရပ်ထ သန်လျက်ကိုင်နဲ့ပဲဖြစ်ပါတယ်)

(၃၆) ထုံသင်းကြီး (မတ်ရပ်ထ သန်လျက်ကိုင်နဲ့ပါပဲ…)

(၃၇) ပွဲစားကြီး (မတ်ရပ်ထ သန်လျက်ကိုင်နဲ့ပဲဖြစ်ပါတယ်)

အဲဒီစာရင်းတွေအရ လက်ဦးနတ်က (၉)ပါးရှိရာ ပထမ(၄)ပါးမှာ ဓတရဋ္ဌ၊ ဝိရူဋ္ဌက ၊ ဝိရူပက္ခ၊ ကုဝေရ၊ စတုမဟာရာဇ်နတ်မင်းကြီး (၄)ပါးပဲဖြစ်ပါတယ်။

အဲဒီ (၄)ပါးတွေမှာ သတ္တလောကမှာရှိတဲ့ အာဒိကပ္ပကျမ်း၊ ကပ္ပဝဏ္ဏနာကျမ်းနဲ့ ဟိန္ဒူကျမ်းတွေမှာလဲ ရှိပါတယ်။

ဗုဒ္ဓဘာသာကျမ်း အာဋ္ဌာ နာဋိယသုတ်မှာလဲ ပါရှိပါတယ်။

ဒီမှာကတော့ ရှေးကျတဲ့ ဟိန္ဒူကျမ်းနဲ့ နောက်ကျတဲ့ ဗုဒ္ဓဘာသာကျမ်းတို့ရော ထပ်ပြီး ရှိနေတာ တွေ့ကြုံရပါတယ်ဆိုပါတယ်။

အဲဒီလို နတ်တွေဟာ မိရိုးဖလားအစဉ်အလာက တင်ဆက်ပူဇော်ပသလာခဲ့ကြတာဟာ ရိုးရာမြန်မာမှုတစ်ခုအနေမှာ ရှိလို့ နေခဲ့ရတော့တာပဲ ဖြစ်ပါတယ် ဆိုကြောင်းပါ…။

'အားနည်းသူတွေရဲ့ လမ်းကြောင်းမှာ အတားအဆီးဖြစ်နေတဲ့ ဂရက်နိုက်ကျောက်တုံးဟာ အားကောင်းသူတို့ရဲ့ လမ်းကြောင်းမှာတော့ အမြင့်တက်စရာ လှေခါးခုတုံးပဲ ဖြစ်ပါတယ်'

*(ကာလိုင်း)*

**** **** ****

# ၁၀။ သူတို့အကြောင်း

ဘဝဆိုတာ အတော်ရယ်ဖို့ ကောင်းတယ်ဗျ..၊ အကောင်းဆုံးက လွဲရင် ဘာမှ လက်မခံဘူးလို့ ခင်ဗျား ငြင်းကြည့်..၊ အဲ.. ရရောဗျို့.. ခဏခဏ..။

*(ဒဗလျူဆမ်မာဆက်မော်ဂင်)*

နတ်ပွဲရာသီမှာ အစောဆုံး ကျင်းပတာ ရွှေကျွန်းပင်နတ်ပွဲက စတယ်။

ရွှေကျွန်းပင်နတ်ပွဲ ကျင်းပစဉ်...

စစ်ကိုင်းနတ်လရာသီမှာ အစောဆုံးကျင်းပတဲ့ မင်းကွန်း ကားလမ်းဘေးက မင်းကွန်းအဝင် ရွှေကျွန်းပင်နတ်ပွဲကို ဝါခေါင်လဆန်း (၁)ရက်က စတင်ကျင်းပရာ ကျေးရွာ(၁၂)ရွာနဲ့ ကုန်းပိုင်းရွာတွေက နတ်တင်ရန် ဆက်ဖို့လာသူတွေ ဈေးရောင်းဈေးဝယ်လာသူတွေနဲ့ ပွဲတော် ဈေးတန်းရောင်းချသူတွေနဲ့ စည်စည်ကားကား ကျင်းပတယ်လို့ သိရပါတယ်။

ရိုးရာမပျက် ကျင်းပတဲ့ ရွှေကျွန်းပင်မောင်နှမပွဲတော်မှာ နတ်ကန္နားပေးပွဲတွေနဲ့ စတင်ပြီး ဝါခေါင်လဆန်း (၂)ရက်မှာ ကျွန်းပင် မောင်နှမ ရုပ်တုတော်သုံးပွဲကို အခင်းအကျင်းကောင်းတွေနဲ့ မော်တော်

တွေနဲ့ ပြင်ဆင်ပြီး တခမ်းတနား ကျင်းပပါတယ်။ ဝါခေါင်လဆန်း (၃)ရက်မှာ ကျွန်းပင်မောင်နှမ ဒန်းစီးပွဲကို နတ်နန်းပေါ်မှာ ကျင်းပပြီးတော့ (၅)ရက် ကျင်းပပြီး ဥယျာဉ်လှည့်ပွဲ(ခေါ်) ထိန်ပင်စုနတ်ပွဲကို ဆက်လက်ကျင်းပပါတယ်။

နတ်ပွဲကာလမှာ ကားလမ်းတစ်လျှောက် ဆိုင်ခန်းတွေ တည်ခင်းရောင်းချမှုတွေ ရှိကြပါတယ်။ ရွာသစ်က မြေအိုး ပြီး‥ ရေထည့်ရန် စည်တွေ၊ ထွန်တုံးတွေ၊ မြင်းမူမြို့နယ်ကလာတဲ့ ထန်းခေါက်၊ လျှော်စောင်၊ ဆန်ကော၊ ဆန်ကာတွေ၊ စစ်ကိုင်းနယ်ထွက် ကျောက်ဖျဉ်နဲ့ ကလေးကစားစရာ အရုပ်ဆိုင်တွေနဲ့ ကံ့ဘလူမြို့နယ်ကလာတဲ့ ဖျာကြမ်းတွေ၊ ဖျာချောတွေ၊ ဝါးဖျာများတွေနဲ့ မင်းကွန်းဒေသထွက် ခုံဖိနပ်၊ လက်ယက်ထည်ပစ္စည်းအရောင်းဆိုင်တွေကြောင့် ဈေးရောင်းဈေးဝယ်တွေနဲ့ စည်ကားနေတာသိရပါတယ်။ ရွှေအုန်းပင်မောင်နှမနတ်ပွဲမှာ မြန်မာပြည်မှာ ထင်ရှားတဲ့ တောင်ပြုံးပွဲထက် တစ်လကျော်ကြာပြီး ကျင်းပပါတယ်။ အထက်အညာက အစောဆုံးကျင်းပတဲ့ ဒေသဆိုင်ရာ နတ်ပွဲဖြစ်တာကြောင့် ဒေသခံတွေက နတ်ပွဲအစ ကျွန်းပင်ကလို့ အစဉ်လာ သမုတ်ကြောင်း သိရပါတယ်။

ရွှေကျွန်းတော်ရှင်နတ်နဲ့ ကျောက်တောင်ကတော်နတ်တို့ရဲ့ ဘဝဖြစ်စဉ်ကတော့…

တစ်ခါက ဖြစ်ပါတယ်။

ပုဂံပြည့်ရှင် အလောင်းစည်သူမင်းတရားကြီး (၄၇၄-၅၉၂) လက်ထက်တော် အခါကပဲဖြစ်ပါတယ်။

တစ်နေ့သောအခါမှာတော့ အလောင်းစည်သူမင်းတရားကြီး ဖောင်တော်နဲ့ ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းတော်မူလို့ လာခဲ့ပါတယ်။ အဲဒီမှာဆင်ပေါင်ဝဲအနီး ကြီးမားတဲ့ဝဲကြီးမှာ ဖောင်တော်ကြီး မျောလာခဲ့ လာရာမှာ ရေလယ်မှာ အမှတ်မထင် ရပ်တန့်လို့ နေနေခဲ့ပါတော့တယ်။

ဖောင်တော်ကြီး ရွေ့လျားနိုင်ရေးအတွက် ကမ်းဘက်က မင်းချင်းတွေက ဆင်တွေနဲ့ဖောင်တော်ကို အပန်းတကြီးဆွဲယူနေစဉ်မှာပဲ ထီးတော်မိုးလေးတစ်ယောက်ဟာ အလောင်းစည်သူမင်းကြီးကို ထီးတော်ကို မိုးပေးလို့သာ နေနေခဲ့ပါတော့တယ်။

အဲဒီနေ့မှာပဲ ထီးတော်မိုးကလေးအတွက် ကံဆိုးချင်တော့ ထီးတော်ကို သတိထားပြီး မိုးပေးပါသော်လည်း ဘုရင်ကြီးရဲ့ခန္ဓာကိုယ်ပေါ်မှာ နေပြောက်ထိုးတာကို ခံရတဲ့အဖြစ်မျိုးနဲ့ ကြုံတွေ့သွားခဲ့ရပါတော့တယ်။

တကယ်တော့ ဘုရင်ကြီးရဲ့ခန္ဓာကိုယ်ပေါ်မှာ နေပြောက်ထိုးတာလောက်တော့ သာမန်လူအတွက်က ဒီလောက်ကြီး အရေးမကြီးလှပါဘူး။ ဒါပေမဲ့ ရှင်ဘုရင်အတွက်တော့ သိပ်ကိုကြီးလေးတဲ့အပြစ်ဖြစ်တယ်လို့ ယူဆခဲ့ပါတော့တယ်။

ဆိုရရင် တာဝန်လစ်ဟင်းမှုအတွက် သတ်ပစ်ဆိုတာပဲဖြစ်ပါတယ်။ တစ်ချက်လွှတ်အမိန့်ဆိုတော့လဲ ဘယ်သူမှပြင်လို့မရ ကယ်လို့မရနိုင်တဲ့ အမိန့်မျိုးသာပဲ ဖြစ်ပါတော့တယ်။

အခုထီးတော်မိုးလေးကို ပေးလိုက်တဲ့ တစ်ချက်လွှတ်အမိန့်တော်နဲ့ ပတ်သက်ပြီး အများဆုံးမကျေနပ်ဖြစ်ခဲ့သူကတော့ ဘုရင်ရဲ့မိဖုရား

တစ်ပါးပဲ ဖြစ်ပါတယ်။ ထီးတော်မိုးရဲ့နမတော်တစ်ယောက်ဖြစ်တဲ့ ဘုရင်ရဲ့ မိဖုရားငယ်တစ်ပါးပဲ ဖြစ်ပါတယ်။

ဒီပြစ်မှုမှာတော့ သတ်စေအမိန့်ကြီးကို ထုတ်ရကောင်းလားဆိုပြီး မကျေမနပ်ဖြစ်ပြီးတော့ ဖောင်တော်ဦးကို သွားပြီး အရွဲ့တိုက်တဲ့သဘောနဲ့ ခေါင်းဆေးတဲ့ကိစ္စရဲ့ ပြဿနာက ပိုတက်လာခဲ့ပါတော့တယ်။

ဖောင်းတော်ဦးမှာ ခေါင်းဆေးတယ်ဆိုတာ ရှင်ဘုရင်တွေအတွက် ကတော့ အမင်္ဂလာဖြစ်ရပ်ဖြစ်နေခဲ့တယ်။ ရှင်ဘုရင်ကြီး အမျက်ဒေါသ ထွက်ရပြန်ပါတယ်။ မပြုအပ်တဲ့ အမှုကို ပြုတဲ့မိဖုရားကိုလဲ သတ်စေ တစ်ချက်လွှတ်အမိန့်တော်ပဲ ထုတ်လိုက်ပါတယ်။

တရားမျှတတာ၊ မမျှတာကို စီစစ်ပိုင်ခွင့်မရနိုင်တဲ့ အဲဒီခေတ် အဲဒီအခါက ပုဂံပြည်သူတွေအနေရဲ့ ဘဝဟာ ဝမ်းနည်းစရာ ကျိန်စာ တိုက်ခံရမှုလေလား၊ သက်ဦးဆံပိုင်ဘဝ လက်ခုပ်ထဲက ရေဘဝလား ဆိုတာမျိုးလိုပါ။ ကြောက်ဖွယ်ရာပါ...။

ဒီမကျေနပ်တာကို ပြောရမှာတောင် ခက်လှတယ်ပဲ ဆိုရမယ့် အဖြစ်မျိုးပါပဲ။

ဒါကြောင့်လဲ အဲဒီနတ်မောင်နှမနှစ်ယောက်ဟာလဲ ထုံးစံ အတိုင်းပါပဲ။ သေပြီးတဲ့နောက် မောင်နှမနှစ်ယောက်စလုံး နတ်စိမ်းဖြစ်သွား ခဲ့ကြတယ်။

နတ်စိမ်းဘဝနဲ့ပဲ ဖောင်တော်ကို တားပြီးတော့ နယ်စားပယ်စား တောင်းကြပြီးတော့ ထီးတော်မိုးတစ်ဖြစ်လဲ နတ်ကို ဆင်ပေါင်ဝဲအနီးမှာ တည်ရှိတဲ့ ကျွန်းတောကို ပေးသနားပြီးတော့ နမတော်ကိုတော့ ဆင်ပေါင်ဝဲ

ကမ်းစပ်မှာ စုပုံတည်ရှိနေတဲ့ ကျောက်ဆောင်သန့်ကို ပေးသနားတော်မူခဲ့ပါတယ်။

အဲဒီအချိန်ကစပြီး နတ်မောင်နှမတွေရဲ့အမည်ဟာ ရွှေကျွန်းတော်ရှင်နတ်နဲ့ ကျောက်တောင်ကတော်နတ်လို့ အမည်တွေ တွင်ခဲ့ကြတာပဲဖြစ်ပါတော့တယ်။

မောင်နှမနှစ်ယောက်တို့ရဲ့ ဝမ်းနည်းဖွယ်ဖြစ်ရပ်လေးတွေရယ် ပြည်သူတွေရဲ့ စာနာတတ်တဲ့ နှလုံးသားရိုက်ခတ်သံတွေရယ်၊ ဒါတွေကို ပေါင်းစပ်ကြည့်လိုက်ရင်တော့ သူတို့ဘဝ၊ သူတို့ဖြစ်စဉ်လေးတွေဟာ ရင်နာစရာ…ရင်နင့်စရာပါ။ တရားသဘောနဲ့ဆင်ခြင်ကြည့်ရင်တော့…။

'သဗ္ဗေသတ္တာ…ကမ္မသကာ' ဆိုတာပဲဖြစ်ပါတယ် ဆိုတာပါ။

ပြီးတော့ သူတို့တွေဟာ အလုပ်တွေ လုပ်ခဲ့ကြတယ်။

ကောင်းတာနဲ့ လုပ်သင့်တာ လုပ်ခဲ့ကြတယ်ပဲ ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး စာတစ်ပုဒ်လဲ ရှိပါတယ်။ မှတ်သားဖွယ်ရာပါလေ..။

'ခု.. ခဏမှာ အကောင်းဆုံးဖြစ်အောင် လုပ်နေတာက နောက်တခဏအတွင်းမှာ ကိုယ့်ကိုယ် အကောင်းဆုံးနေရာရောက်အောင် ပို့ဆောင်ပေးမှာပါ…'

*(အော့ပရာလ်ဖရေး)*

**** **** ****

# ၁၁။ ရာဇဝင်ဆိုတာရှိတယ်

တစ်ဦးသိတာကို နောက်တစ်ဦးကို မျှပေးလို့…

လူ့လောကကြီး တိုးတက်လာတာ..

*(ဆရာတော် ဦးဇောတိက)*

ဒီလိုပါ…။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းက တိုင်းရင်းသားဘာသာစကားအစုတွေ ခွဲခြားတင်ပြတဲ့ ဘာသာစကားအစုမှာ…

တိဗက် မြန်မာအနွယ် အဖြစ်တင်ပြထားသူတွေပဲ ဖြစ်ကြပါတယ်။

အဲဒီမှာ သက်အခုမှာ (က) ကဒူး၊ (ခ)ကနန်း၊ (ဂ) သက်၊ (ဃ) ဒိုင်းနက်၊ (င) ကမန်၊ (စ) မလင်(ခဆ)အင်ကျယ် စတဲ့တိုင်းရင်းသားတွေ အမျိုးနွယ်တူအဖြစ် ပါလာခဲ့ကြပါတယ်။

ဒီလိုမြန်မာနိုင်ငံမြောက်ပိုင်းဖြစ်တဲ့ တကောင်းဟူးကောင်းဒေသ၊ မြန်မာပြည်အလယ်ပိုင်းဒေသတွေမှာ နေထိုင်ခဲ့ကြတဲ့ သက်လူမျိုးတွေနဲ့ မူးမြစ်ဝှမ်းဒေသ၊ တကောင်းဒေသတွေမှာ တွေ့ရတဲ့ ကဒူး၊ ကနန်းတွေမှာလဲ မိမိကိုယ်ကို အဘက်(ခ်)လို့ ခေါ်ကြပါတယ်။

မောင်တောမြို့နယ် တမန်းသားရှိ သက်လူမျိုးတွေမှာ အထက်ဖော်ပြပါ ဒေသမှာ ကြီးစိုးနေထိုင်ခဲ့ကြတဲ့ သက်၊ ဂဒူး၊ ကနန်း လူမျိုးတွေနဲ့ မျိုးနွယ်တူ (ဒါမှမဟုတ်) သူတို့က ဆင်းသက်လာသူတွေပဲ ဖြစ်လိမ့်မယ်လို့ ယုံကြည်ရပါတယ်။

ခု.. ဒီဒေသမှာ တွေ့ရတဲ့ သက်လူမျိုးတွေဟာ မိမိတို့ဟာ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသမှာရှိတဲ့ ဥက္ကာကရစ်တိုင်းပြည်က ဆင်းသက်လာကြသူတွေလို့ ဆိုကြပါတယ်။

အဲဒီလို ဆင်းသက်လာခဲ့တဲ့ သမိုင်းကြောင်းနဲ့ ပတ်သက်ပြီးတော့ ရှေးရိုးစဉ်လာပြောဆိုခဲ့ကြတဲ့ ဒဏ္ဍာရီရာဇဝင်တစ်ခုရှိလို့ နေခဲ့ပါတယ်။

ရှေးအခါက ဖြစ်ပါတယ်။

သက်လူမျိုးတွေနေထိုင်တဲ့ ဥက္ကာကရစ်တိုင်းပြည်မှာ သက်မင်းဘုရင်တစ်ပါး စိုးစံအုပ်ချုပ်နေခဲ့ပါတယ်။

အဲဒီသက်မင်းမှာတော့ သမီးတော်တစ်ပါးရှိခဲ့ပါတယ်။ တစ်နေ့မှာတော့ အင်အားကြီးမားတဲ့ အိမ်နီးချင်းနိုင်ငံ ဝိတကူပ (ဝိတဒူပ)တိုင်းပြည်က ဝိတကူပမင်းကြီးက ဥက္ကာကရစ်မင်းရဲ့သမီးတော်ကို လက်ထပ်ဖို့ရာ တောင်းဆိုခဲ့ပါတယ်။

မိမိထက် အင်အားကြီးမားတာဖြစ်ပြီး မငြင်းဆိုဝံ့တာကြောင့် သက်ဘုရင်ရဲ့ အခြားအမတ်ကြီးတစ်ဦးရဲ့သမီးကို သက်ဘုရင် သမီးတော်အဖြစ်နဲ့ လိမ်ညာပြီးတော့ အစားထိုးဆက်သစေခဲ့ပါတယ်။

ဒီလိုနဲ့ ကာလအတန်ကြာပြီးတဲ့နောက်မှာတော့ အဆိုပါအမျိုးသမီးမှာ သားတစ်ယောက်မွေးဖွားခဲ့ပါတယ်။

အဆိုပါသားအရွယ်ရောက်တဲ့အခါမှာတော့ အဘိုးဖြစ်သူ သက်မင်းဖြစ်တဲ့ ဥက္ကာကရစ်မင်းကြီးထံ အလည်အပတ်လာလိုတာကြောင့် ဘယ်နေ့ ဘယ်အချိန်မှာ လာမယ်ဖြစ်တာ သဝဏ်လွှာပါးခဲ့ပါတယ်။

ဒီလိုနဲ့ သဝဏ်လွှာကို သက်ဘုရင်ကြီး ရရှိတဲ့အခါမှာတော့ မိမိရဲ့ လက်အောက်ခံ ကျေးကျွန်အမတ်သမီးရဲ့သားဖြစ်လို့ မိမိနေထိုင်ရာ နန်းတော်ထဲမှာ ညှို့ခံနေထိုင်စေဖို့ရာ ဆန္ဒကို မရှိခဲ့ပါဘူး။

ပြီးတော့ ဘိုးတော်အရင်းမှာလဲ ကျွန်အမတ်မျိုးဆက်ဖြစ်တာ မသိရှိရလေအောင် လိုလေသေးမရှိ စီမံပြီးတော့ မင်းရဲ့သားတော်ကို လက်ခံပြုစုခဲ့ပါတယ် ဆိုပါတယ်။

ဒါကြောင့် ဝိတကူပမင်းရဲ့သားက လုံးဝ မရိပ်မိဘဲ မိမိနေရပ်သို့ ပြန်လာခဲ့ပါတယ်။

လမ်းခုလတ် ရီးမသို့ ရောက်တဲ့အခါမှာတော့ သူရဲ့သန်လျက်မှာ သက်ဘုရင်ထံမှာ မေ့ကျန်ခဲ့တာ သိရှိရပြီးတော့ မင်းချင်းတစ်ယောက်ကို ပြန်ပြီးတော့ ယူစေခဲ့ပါတယ်။

အဲဒီမှာ ဝိတကူပမင်းရဲ့သား စေလွှတ်လိုက်တဲ့ မင်းချင်းဟာ နန်းတော်သို့ ရောက်တဲ့အခါမှာတော့ နန်းတော်တစ်ခုလုံးကို ရေဆေးကြောနေတာကို မမျှော်လင့်ဘဲ တွေ့လိုက်ရပါတော့တယ်။

မင်းချင်းလဲ အံ့ဩပြီးတော့ ခုလိုဘယ်နှယ့်ကြောင့် ပြုလုပ်နေသလဲ

စုံစမ်းခဲ့ပါတယ်။ အဲဒီမှာ မကြာမီက ဝိတကူပရဲ့သားတော်မှာ သက်ဘုရင့် သမီးတော်အစစ်က မွေးခဲ့တာမဟုတ်ဘဲ ကျေးကျွန်မျိုးက မွေးသူသာ ဖြစ်တာကြောင့် သူရောက်လာခဲ့တဲ့ နန်းတော်တစ်ခုလုံးကို ရေဆေးကြော ပစ်နေခဲ့တယ်ဆိုတာ သိရှိလိုက်ရပါတော့တယ်။

ဒါကြောင့် မင်းချင်းလဲ အဲဒီအကြောင်းကို ဝိတကူပမင်းသားကို အကြောင်းစုံလျှောက်တင်လိုက်ပါတယ်။

သားတော်လဲ မိမိဟာ နန်းမျိုးနန်းနွယ်မဟုတ်ဘဲ ကျွန်မျိုး ဖြစ်လေတယ်ဆိုတော့ သိပ်ကိုအရှက်ရခဲ့တယ်။ ဒီတော့ ဝိတကူပ မင်းကြီးကလဲ ကျွန်အမတ်ရဲ့ သမီးကို ဆက်သရကောင်းလားဆိုပြီးတော့ မိမိရဲ့ ခမည်းတော် ဝိတကူပမင်းကြီးကို ပြန်လည်လျှောက်တင်ခဲ့ပါတယ်။ ပြီး‥ အရမ်းကို ဒေါသထွက်ခဲ့ပြီးတော့ သက်တိုင်းပြည် ဥတ္တာကရစ်တိုင်း ဆီသို့ စစ်ချီတိုက်ခဲ့ပါတော့တယ်။

ဒီလိုနဲ့ ဥတ္တာကရစ်မင်းကြီးနဲ့ သက်လူမျိုးတွေနဲ့ ဝိတကူပတို့မှာ အင်အားမမျှတာကြောင့် စစ်မခံဝံ့ဘဲ ရောက်ရာအရပ်သို့ ကိုယ်လွတ်ရုန်း ထွက်ပြေးခဲ့ကြ ရပါတော့တယ်။ ဒီလိုနဲ့ သူတို့ဟာ ရခိုင်ရိုးမတောင်စဉ် ဘက်သို့ ရောက်လို့ လာခဲ့ကြပါတော့တယ်။

အဲဒီကမှတဆင့် ကုလားတန်မြစ် (သက်လှိုင်းတောင်)အရပ်သို့ ရောက်လို့ လာခဲ့ကြပါတော့တယ်။

အဲဒီကမှတစ်ဆင့် ယခုနေထိုင်ကြရာ မောင်တော မြို့နယ် မြောက်ပိုင်း၊ ဝေလာတောင်သို့ ရောက်လာခဲ့ကြတော့တယ်ဆိုပါတယ်။

အဲဒီလိုအဆင့်ဆင့် ပြေးလွှားစဉ် ဝိတကူပမင်းကလဲ ဆက်လက်လိုက်လံသတ်ဖြတ်မှုက လွတ်ရေးကြောင့်ပဲ..၊ မိမိရဲ့မျိုးနွယ်ကို ဖျောက်ပြီး ပုန်းလျှိုးနေခဲ့ကြရတယ် ဆိုပါတယ်။

သက်လူမျိုးတွေဟာ အယင်က မိမိအရပ်မှာ နေထိုင်ခဲ့စဉ်က ရိုးရာဝတ်စားဆင်ယင်မှုမှာ စလွယ်သိုင်းကို ဆင်ယင်ခဲ့ကြတယ်လို့ဆိုပါတယ်။

ခုတော့ ဝိတကူပရဲ့ရန်ကြောင့် စလွယ်အစား မိမိရိုးရာလဲ မပျောက်ရအောင် ဘေးရန်လဲ လွတ်ကင်းအောင် ရည်ရွယ်ပြီးတော့ စလွယ်က ခါးကြိုးပြောင်းပြီးတော့ ဆင်ယင်ခဲ့ကြတယ်လို့ ဆိုပါတယ်။

သူတို့ရဲ့ခန့်မှန်းဖော်ပြချက်မှာတော့ သူတို့ဟာ ရခိုင်တောင်စဉ် ကမ်းဖြတ်တဲ့ အမ်း၊ ဒလက်ဘက်မှာ အဆင့်ဆင့် အခြေချနေထိုင်ခဲ့ကြတယ်လို့ ခန့်မှန်းခဲ့ကြပါတယ် ဆိုပါတယ်။

ဒီလိုနဲ့ သက်မင်းသမီးတည်ခဲ့တဲ့ မြစန္ဒီ၊ မြဂျီဝါ၊ မြသိန်းတန်ဘုရားတွေမှာ ယခုထိတိုင်ရှိနေဆဲပဲ ဖြစ်ပါသေးတယ် ဆိုပါတယ်။

သက်မင်းမှာလဲ မဟာဗောဓိအရောက်ပြေးခဲ့တယ်လို့ ဆိုကြပါတယ်။

နေရပ်မကောင်း မိတ်မကောင်း မကောင်းပေါင်းအသင်း။
မယားမကောင်း ဆွေမကောင်း မကောင်းရာဇာမင်း။
ဝေးစွာ ရှောင်အပ် ဘေးဥပါဒ် ရောက်တတ်လှဘိခြင်း...။

*ဒဂုန် ဦးစန်းငွေ (မမွ. နီတိသံဂြိဟ်)*

**** **** ****

## ၁၂။ ဦးချမ်းသာဖြစ်လာခြင်း (သက်ပုံပြင်)

လူဆိုတာဟာ သူ့သူငါငါ စူးစမ်းရသူတွေပါပဲ…။ တံခါးကို ကြည့်ရုံသာ ကြည့်နေပြီး မဖွင့်ဘဲထားရင် ဘဝမှာ ဘယ်လိုလုပ်နေလို့ ထိုင်လို့ရမလဲ…။

*(ရောဘတ်ဒီဘဲလာဒ်)*

ဒါလဲ ရခိုင်ဒေသက သက်တိုင်းရင်းသားတွေရဲ့ ပုံပြင်တစ်ပုဒ်ပါ။

တစ်ခါက ဖြစ်ပါတယ်။

ရွာတစ်ရွာမှာ မောင်ပျင်းလို့ခေါ်တဲ့ လူရွယ်တစ်ဦးရှိခဲ့ပါတယ်။

အဲဒီလူက သူ့နာမည်နဲ့လိုက်အောင်ကိုပဲ ပျင်းတယ်။ ဒါကြောင့် အလိုလိုပဲ ဒီနာမည်ကို ပေးထားခဲ့ကြတာပဲ ဖြစ်ပါတယ်။

သူဟာ ဘာအလုပ်မှ မလုပ်ချင်ဘူး၊ မကိုင်ချင်ဘူး၊ သူဟာ အိပ်ရာထဲမှာပဲ တခွေခွေနဲ့ နေလို့ ရှိခဲ့ပါတယ်။ ဒီလိုနဲ့ တစ်ရွာတည်းနေ သူဆင်းရဲလင်မယားတို့ရဲ့ သမီးနဲ့အိမ်ထောင်ကျခဲ့ပါတယ်။

သူဟာ အိမ်ထောင်သည်ဘဝကို ရောက်ရှိလာခဲ့ပါတယ်။ မောင်ပျင်းဟာ အရင်ကလိုပဲ အလုပ်မလုပ်ဘဲ နေမြဲတိုင်းပဲ နေခဲ့ပါတယ်။

ဒီလိုနဲ့ ကြာလာတော့ ယောက္ခမလုပ်သူက "မင်းအိမ်ထောင်

လဲကျပြီ အိမ်ထောင့်တာဝန်ထမ်းဖို့ တစ်ခုခုတော့ လုပ်မှပေါ့ကွာ ဆိုလာခဲ့ပါတယ်။ ဒါပေမဲ့ မရပါဘူး။

တစ်ဖန် ချော့မော့ပြောခဲ့ပြန်တယ်။ ကြာတော့၊ ပြောမရတော့…

ပြီးဆူပူကြိမ်းမောင်းလာခဲ့ပါတော့တယ်။

အဲဒီလို ဆူပူခံရတော့ မောင်ငပျင်းဟာ ဓားတစ်စင်းကို ယူလိုက်ပါတယ်။ ပြီးတော့ ယာခုတ်ဖို့ ထွက်ခွာလို့လာခဲ့ပါတယ်။ မကြာမီမှာ တစ်နေရာ ရောက်တော့ ဂုံညှင်းနွယ်တစ်ခုဟာ တောတစ်ခွင် လုံးကို ယှက်နွယ်ပြီး လွှမ်းမိုးလို့ထားတာ တွေ့လိုက်ရပါတော့တယ်။

'အံ့ဖွယ်ရာပဲ'

ဒီတော့ မောင်ငပျင်းဟာ အဲဒီဂုံညှင်းနွယ်ကို အရင်းကနေ ခုတ်ပိုင်းလိုက်ပါတယ်။ နောက်ပြီးတော့မှပဲ အိမ်ကို တစ်ဖန် ပြန်လို့လာခဲ့ပါတယ်။

ပြီးတော့ သူဟာ သူများတွေ တောင်ယာခုတ်သွားခဲ့ကြပြီး နေစဉ် ခုတ်ထွင်လို့ ခုတ်ထားခဲ့ကြတဲ့ နွယ်တွေကို အချိန်တန်တော့ မီးရှို့ကြပါတယ်။ သူကတော့ တောင်ယာကို လုံးဝ မသွားတော့ပါဘူး။

နောက်တော့ ယောက္ခမဟာ 'သူများတွေ တောင်ယာသွားပြီး မီးရှို့နေကြပြီး မင်းကတော့ ခုထိမသွားသေးဘူးလား'လို့ ပြောကြားလာခဲ့တော့မှပဲ သူဟာ တောင်ယာကို သွားခဲ့ပြီးတော့ အဲဒီ သူခုတ်ခဲ့တဲ့ ဂုံညှင်းနွယ် အပင်ရင်းကနေ မီးရှို့ပြီး ပြန်လာခဲ့တယ်ဆိုပါတယ်။ သူဟာ ဘာမှ အလေးမထား၊ ပြီးပြီးရောပါ။ ဒီလိုပဲ နေမြဲတိုင်း နေခဲ့ပါတော့တယ်။

ဒါပေမဲ့ ကံအားလျော်စွာပဲ သူမီးရှို့လိုက်တော့ တောင်ခုနစ်လုံးကိုပဲ ဂုံညင်းနွယ်က စတင်ပြီး မီးရှို့ပြီးသားတော့ ဖြစ်သွားခဲ့ပါတော့တယ်။

ဒီလိုနဲ့ ကောက်ချရိန်ကျခဲ့ပြန်ပါတယ်။ သူများတွေ တောင်ယာကို သွားကြပေမယ့်လို့ သူကတော့ မသွားခဲ့ပြန်ပါဘူးဆိုပါဟယ်။

ဒါကြောင့် ယောက္ခမဟာ သူ့ကို ဆူပူခဲ့ပြန်ပါတော့တယ်။ ဒါကြောင့် သူဟာ တောင်ယာကို တစ်ခေါက်သွားခဲ့ပြီးတော့ မျိုးတွေကို ဒီအတိုင်းပဲ လွင့်ပစ်ကြဲချလို့ ထားခဲ့ပါတော့တယ်။

ပြီး အိမ်ပြန်ပြီးပြန်အိပ်နေခဲ့ပြန်သတဲ့ကွယ်။ ဒီတော့ နောက်နေ့မှာ ယောက္ခမကဆူပြန်လို့ နောက်ရက်တွေလောက်မှာတော့ သူက တစ်ဖန် သွားရောက် ကြည့်ခဲ့တော့ရာမှာတော့…

'ဟင်…'

ကောက်ပင်တွေဟာ တစ်ထွာခန့် တက်နေတာကို အံ့သြစဖွယ် တွေ့ရှိလိုက်ရပါတော့တယ်။

ဒါနဲ့ သူလဲ အိမ်ကို ပြန်လာခဲ့ပြန်တော့တယ်။ ပြီးအိပ်ပြီးတော့ နေခဲ့ပြန်ပါတော့တယ်။ ဒါနဲ့ ယောက္ခမတွေက 'အပင်ပေါက်ပေမဲ့ မရဘူး။ ပေါင်းသင်ရတယ်။ ပေါင်းမသင်ရင် စပါးမရဘူး' လို့ ဆူပူပြောဆိုခဲ့ပြန်ပါ တော့တယ်။

ဒါကြောင့် တောင်ယာကို တစ်ဖန် ပြန်ရောက်လာခဲ့ပြန်ပါတယ်။ 'ဟင်' ပြီးတော့မှ အဲဒီမှာ ပေါင်းသင်းပြီးသားနဲ့ပဲ အခန့်သင့် တွေ့လိုက်ရ

တာကြောင့် ငပျင်းမှာ အံ့အားသင့်ပြီးတော့ ငေးမောနေစဉ်မှာပဲ သူ့ကို အစစအရာရာကူညီမစနေခဲ့တဲ့ တောင်ယာရှင်မကို တွေ့လိုက်ရပါတယ်။ ဒါကို သူတို့က တောင်ယာရှင်မလို့ ခေါ်ကြပါတယ်။

တောင်ယာရှင်မ ကိုယ်ထင်ပြပြီးတော့မှ သူ့ကို ခုလို ဆုံးမပါတယ်။ 'မင်းကို ငါ တောင်ယာခုတ်ပေးခဲ့တယ်။ ပြီး·· စိုက်လဲပေးခဲ့တာပဲ။ ပေါင်းလဲ သင်ပေးခဲ့တယ်။ ခုလဲ မှတ်ထား··။ ယာမှာ ထောင့်လေးထောင့်ရှိတဲ့အနက် သုံးထောင့်ကိုသာကြည့်၊ နောက်တစ်ထောင့်ကို မသွားနဲ့' လို့ မှာပြီးတော့ ပျောက်ကွယ်သွားခဲ့ပါတယ်။

ဒီနောက်တော့ ငပျင်းလဲ တအံ့တဩနဲ့ သူစဉ်းစားတယ်။

နောက်တော့ 'ငါသွားမယ်' လို့ ဆိုပြီးတော့ တောင်အားလုံးကို သွားပြီး ကြည့်တော့ နောက်ဆုံးတောင်ရောက်တော့ ရွှေရောင်ဝင်းနေတဲ့ ကျောက်ဖျာကြီးတစ်ချပ်ကို တွေ့လိုက်တယ်ဆိုပါတယ်။

'ဟာ···'

'အို··ရွှေတွေ·· ရွှေတွေ'

ဆိုပြီးတော့မှ သူဟာဝမ်းသာအားရ ကျောက်ဖျာကို ဖယ်လိုက်ပါတယ်။

ဒီတော့ ကျောက်ဖျာအောက်ကနေ ပေါင်းပင်တွေ ခုန်ပျံထွက်လို့ လာခဲ့ကြပါတော့တယ်။

ပြီး·· တောင်ယာတစ်ခုလုံးကို ပေါင်းပင်တွေ လွှမ်းမိုးလို့သွားခဲ့ပါတော့တယ်။ ဒီတော့မှ မောင်ငပျင်းဟာ စိတ်ဓာတ်ကျလို့ သွားခဲ့ပါတော့တယ်။

ပြီးမှ သူဟာ နောင်တရပြီးတော့ အိမ်ပြန်လို့လာခဲ့ပါတော့တယ်။ အိမ်ရောက်တော့ စိတ်ညစ်နေတဲ့ မောင်ငပျင်းကို ဇနီးဖြစ်သူက အကြောင်းစုံကို မေးလိုက်ပါတယ်။

မေးလိုက်တော့ တောင်ယာရှင်မ(တောင်ပိုင်ရှင်မ)နဲ့ တွေ့ခဲ့ရပုံက စပြီး တွေ့ကြုံလာခဲ့ရပုံ အကုန်လုံးကို သူ့ပြောပြလိုက်ပါတယ်။

ဒီတော့ ဇနီးလုပ်သူက 'ဒီလိုဆို မပူပါနဲ့ ကျွန်မတို့ ပူဇော်ပွဲလုပ်ကြည့်ကြရအောင်' ဆိုပြီးတော့ အိမ်ခေါင်ထိပ်မှာ စင်တစ်စင်ဆောက်ပြီးတော့မှ ကြက်မတစ်ကောင်ကို သတ်လိုက်ပြီးတော့ အဲဒီကြက်မရဲ့ တောင်ပံနှစ်ဖက်နဲ့ ခြေနှစ်ဖက်၊ ဦးခေါင်း၊ ပြီးတော့ အသည်းစုံ အသားစုံတွေ ထည့်ပြီးတော့မှ ရေက တစ်ခွက်၊ ပြီးတော့ အရက်တစ်ခွက်ပါ ထည့်ပြီးတော့ တောင်ယာရှင်မကို ပူဇော်ကြပြန်ပါတော့တယ်။

'စားသောက်သုံးဆောင်ပါ အရှင်မကြီး'

ပြီး.. ဇနီးသည်က ငပျင်းကို တဖြည်းဖြည်းစည်းရုံးပြီး တောင်ယာကို အတူလုပ်ခဲ့ကြတယ်။ အလုပ်ဆိုတာ လွယ်လွယ်လုပ်လို့ မရကြောင်းနဲ့ အမိကက စွမ်းအားထုတ်လုပ်ကြရတာကို ပြောပြီးတော့ စံနမူနာပြ သူမက လုပ်ပြ၊ အတူလုပ်ခဲ့ကြပါတယ်။ ဒီလိုလုပ်ပြီးတော့...

အဲဒီလို ပူဇော်ပြီးတဲ့နောက်မှာတော့ မောင်ငပျင်းဇနီးမောင်နှံတို့ဟာ တစ်နေ့ ယာတောဘက် မထင်မှတ်ဘဲ ရောက်ရှိလို့ သွားကြည့်ခဲ့ကြပါတယ်။

'အို'

အဲဒီမှာ ပေါင်းတွေ ကင်းစင်ပြီးတော့ စပါးပင်တွေ ရှင်သန်လ
နေနေကြတော့တယ်တဲ့...။ စပါးပင်ပိုးသြတွေကို အံ့စဖွယ် တွေ့ရှိလိုက်ပ
တော့တယ်။ ခုတော့ သူတို့ အောင်မြင်မှုကို ဝမ်းသာသွားကြတယ်
နောက်တစ်ခါ ခုလို ဆုံးရှုံးမှုမျိုးကို မခံနိုင်တော့ပါလေ...။

တောင်ယာရှင်မကလဲ ကိုယ်ထင်ပြပြီး ဖျင်းပေမဲ့ ရိုးသားတာက
ချစ်လို့ မစတယ်။ ပြောပြီး နောက်ကို မပျင်းကြဖို့ ပြောခဲ့ပါတယ်။ သူတို့လ
မပျင်းဖို့ တောင်ကိုစောင့်ရှောက်ဖို့ ကတိပေးခဲ့ကြပါတယ်။

အဲဒီလိုနဲ့ သူတို့ဇနီးမောင်နှံတို့ဟာ မပျင်းမရိကြတော့ပါ
တောင်ယာကို နေ့စဉ် သွားပြီးတော့ ကြည့်ရှုစစ်ဆေး ကြပ်မတ်ခဲ့ကြတော
ခုတော့ တောင်ယာရှင်မရဲ့ ခုနစ်လုံးရဲ့တောင်တွေမှာ စပါးတွေ
ဝင်းမှည့်လာခဲ့ပြီးတော့ ရွှေရောင်တွေ သန်းလို့ နေခဲ့ကြတော့တယ
ဆိုပါတယ်။

အဲဒီတုန်းကတည်းကစပြီးတော့ ငပျင်းနာမည်ပျောက်ပြီးတော
သူ့နာမည်ဟာ အလိုလိုပဲ သူဌေးကြီးဦးချမ်းသာအမည်တွင်လို့ လာခဲ့ပ
တော့တယ် ဆိုတာပါ။

ဒီအစဉ်အလာကြောင့်ပါပဲ.. ကြက်သတ်ပြီးတော့ တောင်ယာရှင်မ
ကို ပူဇော်တဲ့အယူအဆဟာဟာ ယခုတိုင်အစဉ်အလာလေ့ ဖြစ်လို့နေခဲ့
တော့တယ်လဲ ဆိုပါတယ်လေ...။

လောကမှာ တစ်ဦးမေတ္တာတစ်ဦးမှာဆိုတာ ရှိတယ်။ အပေးအယူဆိုတာလဲ ရှိရတယ်။ လိုက်လျောညီထွေရှိရတယ်လဲ ဖြစ်ပါတယ်။

'ဘဝမှာ အလွယ်တကူ လွဲချော်သွားနိုင်တဲ့ နည်းနှစ်နည်းရှိတယ်။ ဘာမဆို ယုံတာနဲ့၊ ဘာကိုမှ မယုံတာ၊ ဒီနှစ်နည်းစလုံးကြောင့် လူမှာ အစဉ်းစား အဆင်ခြင် ကင်းတတ်တယ်'

*(အဲလ်ဗရက်တော်ဖစ်တ်စတီး)*

*ပြီးပါပြီ*

*ကျန်းမာချမ်းသာကြပါစေ*

*ဇာနီအောင်(ရမ္မာဝတီ)*

*၁၆-၈-၂၀၁၀*

*နံနက် ၁၀း၅၀ မိနစ်*

